လူသားဆန်သော လူ့အသိုက်အဝန်းဆီသို့

# Social Garden

သုတ ရသ လူမှုဥယျာဉ်

အမှတ် ၃၊ ဇွန်လ ၂၀၁၉ Contact us www.facebook.com/socialgarden2018/



# Social Garden

မာတိကာ အမှတ် ၃၊ ဇွန်လ ၂၀၁၉


| | | |
|---|---|---|
| ၁ | **အယ်ဒီတာ လက်ကွက်** | |
| ၃ - ၇ | **ကာတွန်း အထွေထွေ** | |
| | ရာဇာသာစည်၊ ပန်းမြို့သူ၊ ဖိုးတုတ်ကလေး နဲ့ 3K | |
| | **ကဗျာ ရေစီး** | |
| ၈ | ခေတ် | ထူးအိမ်ခ |
| ၉ | အလွမ်းအိမ်ထဲ ခင်းကျင်းထားတဲ့ ရင်ခွင် | မောင်ထွန်းဝင်း(ကျောက်ပန်းတောင်း) |
| ၁၀ | ကာတွန်းကား | ဂိုးဂိုး(မောရမြိုင်) |
| ၁၁ | ပြာခံခွက် | ဝါကျဖြူ |
| ၁၂ | ရုံးဖွင့်ရက်များ(45) | O,zone |
| ၁၃ | ငြိမ်းချမ်းရေး အလှမ်းဝေးနေတာ အစမ်းလား | ဏီမိုးဝေ |
| ၁၄ | အကြွေတစ်ကောင်ရဲ့ အစိုင်အခဲမှာ ကြွတ်ခြေခတ်တွေ ရဲရဲနီအောင်ပွင့်ခဲ့တယ် | ဟန်နိုဆစ် |
| ၁၅ | လမ်းစားလမ်းနေ | နေလွဏ်းအိမ် |
| ၁၆ | ကာလာစုံနှင့် ကခုန်ခြင်း | ဇင်မေ(နေပြည်တော်) |
| ၁၇ | မာသာထရီဆာ | ဇာဏီဇော် ( အိမ်မဲ ) |
| ၁၉ | သတ္တုရောင်ဆူး | ရကန် |
| ၂၀ | စံပယ်စိမ်း | အင်ပင် သန်းဌေးအောင် |
| | **ဆောင်းပါး၊ သဘောထားအမြင်** | |
| ၂၁ | လောကကို စောင့်ရှောက်သော အခွင့်အရေးများ | မြတ်စံ |
| ၂၄ | ဝန်ထမ်းတွေရဲ့ လူ့အခွင့်အရေးတဲ့လား အပိုင်း ၃ | 4 G |
| ၂၈ | အမှတ်တရ နာဂစ် (သို့မဟုတ်) သင်ခန်းစာ | ဦးလေးကြီး |

Social Garden

မာတိကာ အမှတ် ၃၊ ဇွန်လ ၂၀၁၉


| | | |
|---|---|---|
| ၃၄ | ငွေ ငွေ ငွေ | ခက်ဆစ်လင်း ( ပြည် ) |
| ၃၇ | ကြိုးဆွဲရာ ကနေရတဲ့ ပေါ်လစီ | မောင်ထွန်းဝင်း |

**အက်ဆေး**

| | | |
|---|---|---|
| ၃၉ | ကျွန်တော်၊ ခြင်များ၊ ဘဝများ | ချစ်ခိုင်စံ (ဘီအီးဒီ ) |
| ၄၂ | ခေတ်ထဲက အသက်ရှူသံများ | မြတ်သိမ်းခိုင် |
| ၄၅ | အမည်မသိ KG တန်းလေးတစ်ခု | K လိုဘမ်း |

**လူငယ်ကဏ္ဍ**

| | | |
|---|---|---|
| ၅၀ | သီချင်းကလေးတွေ | ငြိမ်း (ပဲခူး) |

**ဝတ္ထုတို**

| | | |
|---|---|---|
| ၅၃ | ဗိသုကာ အမေ | အလင်းမဲ့ စတား(တောင်ငူ) |
| ၅၅ | ရှဲရှဲနီ ကျေးဇူးတင်ပါတယ် | ချမ်း |
| ၅၈ | အချစ်သည် သဝန်တိုစိတ်ကောက်တတ်သည် | ခိုင်မြဲသူယျ |

| | |
|---|---|
| ၆၅ | **စာအုပ်အညွှန်း** |

**ဘာသာပြန်**

| | | |
|---|---|---|
| ၆၇ | လှောင်အိမ်ထဲက ငှက်ငယ် | LN |
| ၆၉ | အမှန်တရားက တကယ်ပဲ အမြဲ အောင်နိုင်သလား | ဝင်းသူည |

**သရော်စာ**

| | | |
|---|---|---|
| ၇၀ | အန်ဂျီအိုဝန်ထမ်းကောင်း နိသ္သရည်း | မောင်သာဒုတ် |


"If you feel helpless, help someone" - #ASSK

# အယ်ဒီတာ့ လက်ကွက်

## အရှုးများအလိုရှိသည် . . .

ဝါသနာကိုစောင်ကာလို့ မရဘူးတဲ့လား….. ဟုတ်တာပေါ့ စောင်မပြောနဲ့ သံကွန်ချာအထပ်ထပ် ကာထားရင်တောင် ဝါသနာကို တားဆီးလို့ရမယ်မထင်ဘူး။ လူတိုင်းမှာ မတူညီတဲ့ အကျင့်တွေ၊ မတူညီတဲ့ ဗီဇတွေ၊ မတူညီတဲ့ ဝါသနာတွ ရှိနေကြတယ်ဆိုတာ စာဖတ်သူအားလုံး အသိဖြစ်ပါတယ်။ ကျွန်တော်တို့မှာလည်း ရူးသွပ်နေတဲ့ ဝါသနာတွေထဲက စာဖတ်ခြင်း၊ စာရေးခြင်းဆိုတဲ့ အလုပ်ကို ဝါသနာတူတဲ့လူတွေ ပေါင်းစပ်ပြီး Social Garden Magazine (SGM) ဆိုတဲ့ သုတရသ လူမှုဥယျာဉ် မဂ္ဂဇင်းလေးကို ရူးသွပ်စွာ အိပ်မက်မက်ခဲ့တာ အခုဆိုရင် (၉)လ ပြည့်ခဲ့ပြီလေ။ (၉)လဆိုတဲ့ အချိန်တိုအတွင်းမှာ အနယ်နယ်အရပ်ရပ်က ကဗျာရူး စာရူးတွေရဲ့ ဝေဒနာ ပြတင်းပေါက်ကို ဖွင့်လှစ်ခဲ့နိုင်ပြီး နှလုံးအိမ်ထဲမှာ စီးဆင်းနေသော အနုပညာမြောက်သည့် သုတ ရသ စာပေများကို လှစ်ဟပြနိုင်ခဲ့သည့်အတွက် စာပေချစ်သူ များကို အထူးပင် ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

ဆရာကြီးဦးအောင်သင်းက ပြောဖူးတယ်။ လူတွေ အားလုံးဟာ တစ်မျိုးမဟုတ် တစ်မျိုးနဲ့ ရူးနေကြတဲ့ အရူးတွေ တဲ့။ ဒီအရူးတွေထဲမှာမှ ဆရာကြီးက ကဗျာရူး စာရူးတွေကို သိပ်ချစ်သတဲ့….။

ဆရာကြီး စကားကို ငှားပြီးပြောရမယ်ဆိုရင် ကျွန်တော်တို့ သုတ ရသ လူမှုဥယျာဉ်ကလည်း ကဗျာရူး စာရူးတွေကို သိပ်ချစ်ကြတဲ့ လူတွေပါပဲ။ ကျွန်တော်တို့ နေထိုင်ရာ လူမှုပတ်ဝန်းကျင်မှာ ဒီလို ကဗျာရူး စာရူးတွေပဲ ရှိနေမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲဗျာ။ ကျွန်တော်တို့ သုတရသ လူမှုဥယျာဉ်ရဲ့ အဓိက ရည်ရွယ်ချက်ကလည်း စာဖတ်တဲ့ အလေ့အကျင့်တွေ ပိုင်ဆိုင်တဲ့ လူမှု အသိုက်အဝန်းများစွာ ပေါ်ထွက်လာဖို့၊ ၎င်းတို့ဖတ်ရှု့ လေ့လာထားတဲ့ စာပေတွေကို ဘဝရပ်တည် ရှင်သန်ရာ တွင် လိုသလို အသုံးပြုနိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့်လဲ စာဖတ်တဲ့ ပတ်ဝန်းကျင်တွေ ဖြစ်ဖို့ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေနဲ့ ယုံကြည်ချက်ရှိရှိ စာပေအကျိုးကို ထမ်းပိုးနေကြတဲ့ ကဗျာရူး စာရူးတွေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ကို ရူးခွင့်ပေးသော (အရူး လက်မှတ် ပေးသော) ကျွန်တော်တို့လို ရူးသော ကဗျာရူး၊ စာရူးတွေ သာ ရှိမနေဘူးဆိုရင် ဒီကနေ့ Social Garden Magazine (SGM) သုတရသ လူမှုဥယျာဉ်ဆိုတာ ရှိနေမှာ မဟုတ်ပါဘူး။ ဒါကြောင့် အရူးဘုံမြောက်လုပ်တယ်ပဲ ဆိုဆို အရူးအားပေး လုပ်တယ်ဘဲပြောပြော ကျွန်တော်တို့ ဆက်လက်ရူးသွပ် နိုင်ဖို့အတွက် အရူးများ အလိုရှိသည်ဟု ကြေငြာလိုက်ပါရစေ။

**လူတွေ အားလုံးဟာ တစ်မျိုးမဟုတ် တစ်မျိုးနဲ့ ရူးနေကြတဲ့ အရူးတွေ တဲ့။ ဒီအရူးတွေထဲမှာမှ ဆရာကြီးက ကဗျာရူး စာရူးတွေကို သိပ်ချစ်သတဲ့….။ သုတ ရသ လူမှုဥယျာဉ်ကလည်း ကဗျာရူး စာရူးတွေကို သိပ်ချစ်ကြတဲ့ လူတွေပါပဲ။**

When helping the poor,
leave the camera at
home.

မရှိဆင်းရဲတွေကို ကူညီတဲ့အခါ
ကင်မရာကို အိမ်မှာထားခဲ့ပါ။



Social Garden
Fogey


Social Garden
+ − ×
÷
အလို !
ကဗျာရွတ်တာ
အသံပဲကြားရ
လူမမြင်....
လူက ဒီမှာပါဗျာ
ခါးအောက်ပိုင်းတွေ
အရေးများလို့
အပေါ်မှာ
မရှိတော့တာ


Social Garden
ယောက်ျားမိန်းမ ရင်ဘောင်တန်းတဲ့ ခေတ်ကိုရောက်နေပြီ ဒါကြောင့်ယောက်ျားအလုပ် မိန်းမအလုပ်မခွဲခြားသင့်ဘူး


GBV Interview
Social Garden
What is sex?
What is Gender?
What is Power?


Social Garden
နှစ်ဖွဲ့စလုံးနဲ့မဆိုင်ကြောင်း
ဆိုတော့ ကိုယ့်ဟာကိုယ်
အစ်ကိုတို့ရယ်


# ခေတ်

ခေတ်
အိပ်မက်တွေကို
ဈေးကြီးပေးဝယ်ရပြီး
မျှော်လင့်ချက်တွေက
ပလက်ဖောင်းမှာ ခင်းရောင်းရတဲ့ခေတ်
ခေတ်
မုသားကဈေးကောင်းပြီး
အမှန်တရားက
အောက်ကြေးရတဲ့ခေတ်
ခေတ်
စကားလုံးတွေက ပေါပြီး
လက်တွေ့က နောက်ကျနေတဲ့ခေတ်
ခေတ်
ကံကြမ္မာကို ဗေဒင်မမေးပဲ
ငွေပုံကြည့်ရုံနဲ့ သိတဲ့ခေတ်
ခေတ်
အရည်အချင်းက
ရာခိုင်နှုန်းလောက်
အရေးမပါတဲ့ခေတ်

ခေတ်
ကောက်ညှင်းကမစေး
ဆန်ကြမ်းကစေးတဲ့ခေတ်
ခေတ်
အနှုတ်တွေက
အပေါင်းထက် ပိုအရေးပါတဲ့ခေတ်
ခေတ်
အမှန်တရားကိုမျက်ကွယ်ပြုပြီး
သဒ္ဒါတရားကို လက်ကိုင်ထားတဲ့ ခေတ်
ခေတ်
ကျွန်တော်ကျင်လည်တဲ့ခေတ်
ဉာဏ်မမှီနိုင်တဲ့ခေတ်
အရာရာဇောက်ထိုးခေတ်
ခေတ်
ခေတ်
. . . . . . . . . . . . . . .
. . . . . . . . . . . . . . .
. . . . . . . . . . . . . . .

#ထူးအိမ်ခ

## အလွမ်းအိမ်ထဲ ခင်းကျင်းထားတဲ့ ရင်ခွင်



အချစ်ဆိုတာ...

အလွမ်းတွေနဲ့ဖွဲ့စည်းထားတဲ့

မေတ္တာလှောင်အိမ်လေးတစ်လုံးဖြစ်ခဲ့မယ်ဆိုရင်

ဒီမေတ္တာလှောင်အိမ်ထဲမှာ

သူလာရင် အမောပြေဖို့

အနမ်းပန်းလေးတွေ

ချိတ်ဆွဲထားမယ်..

ပြီးတော့... ဧည့်ခံကျွေးမွေးဖို့အတွက်

စကားလုံးလှလှလေးတွေ

တည်ခင်းထားမယ်...

ပြီးတော့...

သံသာချိုတေး နားဝင်အေးဖို့

ရင်ခုန်သံတွေ ဖွင့်ပေးထားမယ်

ပြီးတော့...

ပြီးတော့ အတိုးချပြီး

အလွမ်းပြေဖို့

ရင်ခွင်ကျယ်ကြီး

ခင်းကျင်းထားမယ်...။

**#မောင်ထွန်းဝင်း(ကျောက်ပန်းတောင်း)**

# ကာတွန်းကား

ချွန်လိုက် ပြားလိုက်

လွင့်လိုက် နစ်လိုက်

ပုလိုက် ရှည်လိုက်

ခန္ဓာကိုယ်တွေ အပိုင်းပိုင်းပြတ်သွား

ခန္ဓာကိုယ်တွေ တစ်စစီပြန်ဆက်သွား

လှစ်ခနဲ ပြေးသွားလို့ရတယ်

ရိပ်ခနဲ ပျောက်သွားလို့ရတယ်

သူတို့က ရယ်စရာဖြစ်တယ်

သူတို့က အံ့သြစရာဖြစ်တယ်

သူတို့ရဲ့ဘဝကို လူတွေကဖွင့်ကြည့်လို့ရပေမဲ့

လူတွေရဲ့ဘဝကို သူတို့ကဘယ်တော့မှ ဖွင့်မကြည့်ဖြစ်ခဲ့ကြ

သူတို့က သေသွားပြီးရင်တောင်

ပြန်ရှင်လို့ရတဲ့ ကောင်တွေ

ဖြစ်တည်မှုဆိုင်ရာ အပြောင်းလဲမြန်တဲ့ကောင်တွေ

သံသရာမသိဘူး ငရဲမရှိဘူး

စိတ်ရဲ့ အသုံးတော်ခံဖို့

ဖန်တီးသူလက်ထဲကနေ

ကမ္ဘာ့ရဲ့အသက်ရှူမှုနဲ့ နေသားတကျ

ဘဝအမောတွေကြား တဒင်္ဂအလည်လာသူတွေ။ ။

#ဂိုးဂိုး(မောရမြိုင်)

## ပြာခံခွက်

------------

စဉ်းစားမှုကို

အစိုင်အခဲတစ်ခုအဖြစ်ပြောင်းလဲပြစ်ဖို့

စဉ်းစားကြည့်တယ်

ဖန်သားပြင်အစိုင်အခဲထဲက

မီးခိုးငွေ့တွေ...ပြာစတွေ

ထိုးခြေထားတဲ့အတွန့်အကွေးတွေ

မထိုးဖေါက်နိုင်သော ရက်စွဲများ

စကြာဝဠာဟာ ပွ စကျဲ

တလွင့်လွင့်တုန်တုန်ရီရီ

ကမ္ဘာဆွဲအား

အနန္တစကြာဝဠာ

ပေါက်ကွဲဖွာလန်ကျဲပြစ်လိုက်တဲ့

ရင်ဘတ်ထဲရောက်နေတဲ့ကမ္ဘာ ။

#ဝါကျဖြူ

# ရုံးဖွင့်ရက်များ(45)

ငါ့အခန်းဖော်ကတော့ အမြဲတန်း သူ့စိတ်ကပန်းချီကားတွေပဲ

နံရံတွေအပြည့်

တခါတလေလှမ်းလှမ်းမေးတတ်သေး

မင်း အဲ့အရောင်တွေ အဲလိုဆင့်ကဲတွေ လှိုင်းကလေးတွေ

အသေပိတ်ထားတယ်ထင်တဲ့နေရာက အတွေးတွေ

ချောင်းကြည့်ရင် မြင်နေရတဲ့

မလုံမလဲ အပေါက်ကလေးတွေ ဒုက္ခတွေ

အဲလိုပန်းချီကားထဲမှာ အရောင်ကအဓိကမကျတဲ့အကြောင်းတွေကို

မြင်ရဲ့လားလို့မေးရင်း အမြဲပြောလေ့ရှိတယ်

ထောင်နံရံတွေမှာ

အုတ်ခဲနီနီလေးတွေတင်ထားရခြင်းအကြောင်း

အဲဒီအုတ်ခဲနီနီတစ်ခဲပြုတ်ကျရင် ဖြစ်လာမယ့်

နောက်ထပ်သက်တမ်းတွေ

သူပြောပြီးတိုင်း တံမြက်စီးထလှဲတော့တာပဲ။

#O,zone

17 2 2019 February

## ငြိမ်းချမ်းရေး အလှမ်းဝေးနေတာ အဆန်းလား

အသီးတွေယူ

အယူတွေသီးနေကြတော့

ငြိမ်းချမ်းရေး အလှမ်းဝေးနေတာ အဆန်းလား.........

ဝေဝါးနေတဲ့ အတွေးထဲမှာ

မွန်းကြပ်နေတဲ့ စကားလုံးတွေနဲ့

တံခါးပိတ် ဆွေးနွေးနေကြပေမယ့်

အပေးအယူ

အယူ အပေးမမျှတော့

ငြိမ်းချမ်းရေး အလှမ်းဝေးနေတာ အဆန်းလား ...........

အစမ်းတွေလုပ်နေရင်း

အခန်းတွေထဲမှာ မုသားတွေ ပြန့်ကျဲနေတော့

ငြိမ်းချမ်းရေး အလှမ်းဝေးနေတာ အဆန်းလား.........

အဆန်းလား......အဆန်းလား......အဆန်းလား

အားစမ်းနေရင်း

ငြိမ်းချမ်းရေး အလှမ်းဝေးနေတာ ဆန်းလား.........။

#ဏီမိုးဝေ

# အကြွေတစ်ကောင်ရဲ့ အစိုင်အခဲမှာ ကြွတ်ခြေခတ်တွေ ရဲရဲနီအောင်ပွင့်ခဲ့တယ်

ရွှေလမှာ ယုန်ဝပ်လို့ ဆန့်ဖွတ်တဲ့ အဖိုးအိုလဲ မရှိပါ

အမေ ဆိုပြတဲ့ ထမင်းဆီဆမ်းရွှေလင်ဗန်းလဲ မရှိပါ

အိပ်ယာဝင်ပုံပြင်တို့ရဲ့ အမေတစ်ယောက်လဲရှိမနေခဲ့ပါ

ခြေလှမ်းတွေကိုခေါ်ဆောင်သွားဖို့ ဖိနပ်မရှိခဲ့လဲ မိုင်တွေအဝေးကြီး လျှောက်ဖြစ်တယ်

ဟာလာဟင်းလင်း ကောင်းကင်တစ်ခုက ကြယ်တွေကြွေရင် ဘယ်မှာသေမလဲ ဆိုတဲ့

ကလေးတစ်ယောက်ရဲ့ အတွေးတွေရှိခဲ့တယ်

မိုးကုတ်စက်ဝိုင်းလွှန် ရင်

အဖေနဲ့ အမေ ရှိနေမလားဆိုတဲ့ ကလေးတစ်ယောက် ရဲ့ မေးခွန်းတွေ ငါ့ကိုယ်ငါပြန်မေးဖြစ်ခဲ့တယ် .....

အလွန်ကောက်ကျစ်ညစ်ပေနေတဲ့ ယုန်လေး တစ်ကောင်တော့ ငါ့ကိုယ်ထဲမှာရှိနေခဲ့တယ်

ဘဝဟာ ဝလုံးလေးရေးပြီး ချောကလက်စားရတာထက် သိပ်ကိုခက်ခဲတယ်

အစာအိမ်နဲ့ ကိုယ်ဟာ ငြိမ်းချမ်းရေးမရနိုင်တဲ့ ရှည်လျားတဲ့ စစ်ပွဲဆိုးဘဲ

မေတ္တာနဲ့ အကြင်နာဆိုတာ သနားသမှုနဲ့ပစ်ချလို့ ကောက်ခွင့်ရတဲ့ ရာတန်အကြွေတစ်ရွက်ပဲ

ငရဲထက်ကြောက်ဖို့ကောင်းတဲ့ ရှင်သန်ခြင်းမျိုးဟာဘဝဆိုရင်

ကိုယ်ဟာ သံဝါသပြုမှုရဲ့ ဘေးထွက်အသားပိုတစ်စပဲ

လောင်းရိပ်နဲ့ နေရောင် ရင်ငွေ့

မှားခိုလှုံမိတဲ့ အဖြစ်ဆိုရင် ........

ကိုယ်ဟာ ကမ္ဘာတစ်ခြားမှာ ကလိုရိုလ်ဖီးလ်တွေငတ်နေတဲ့ ရွက်ခြောက်တစ်ကောင် သပ်သပ်ပဲ..........

ရောင်နီတွေ လင်းလာမလားစောင့်ရင်း

ဘဝကို အမှောင်တွေထဲ ပစ်ချခဲ့တဲ့ အကြောင်းတရားဟာ ကိုယ့်ရဲ့ ညစဉ်အိပ်ယာဝင် အိပ်မက်ဆိုးတွေဖြစ်နေတုန်းပဲ

ဒီလိုနဲ့ ကိုယ့်ကျောမှာ ထမ်းပိုးထားတာဟာ ဘုရားသခင်ပေးတဲ့ ကြွတ်ခြေခတ်တွေပဲ

#ဟာန်နိုဆစ်

## လမ်းစားလမ်းနေ

ကစားကွင်းသွားဖို့မပြောနဲ့

ကြယ်တွေကိုကြည့်ဖို့မအားဘူး

ကျောင်းဝတ်စုံအသစ်

လွယ်အိတ်အသစ် ကွန်ပါဘူးအသစ်

အမိန့်ပေးထားတဲ့ကံကြမ္မာညနက်တွေထဲ

ချော်လဲခွင့်မရှိတဲ့ ဖဲမွေ့ယာတွေ

အသားမာလှိုင်းထနေတဲ့ခြေထောက်တွေအတွက်

သမင်ပျိုလိုမကျင့်ကြံ

ရရာအဘိဓမ္မာမှာ ကြုံသလိုပဲချရေးခဲ့ပေါ့

ဖွင့်မကြည့်ရဲတဲ့မနက်ဖြန်မှာ

ကားတိုက်မလား ရဲဖမ်းမလား

အသေချာဆုံးက

ငါ့ကိုယ်ငါပဲ ပြန်တိုက်ခဲ့တယ်

ခင်ဗျားတို့ပဲစဉ်းစားကြည့်

ဘဝဆိုတာ ကာလသုံးပါးရဲ့စေကျွန်ပဲမဟုတ်လား...။

#နေလွှဏ်းအိမ်

## ကာလာစုံ နှင့်ကာခုန်ခြင်း

စိတ်ကိုစိတ်နဲ့မျှားရမယ်

ငါးမရ ရင် ရေချိုးမပြန်ရ ဆိုတော့

လက်ညှိုးထောင်ခေါင်းငြိမ့်

တသိမ့်သိမ့်နဲ့ရယ်သူကရယ်လို့

ဘေးလွယ်အိတ်တွေစျေးကောင်းနေဆဲ

ကျူပ်

သူတို့

လိုအပ်ချက်

ပစ္စုပ္ပန်

ပျှမ်းမျှနှုန်းအတူတူပဲလေ…

ကမ္ဘာမီးလောင်ပေမဲ့

သားကောင်တော့ချမနင်းရက်ခဲ့ဘူး။ ။

**#ဇင်မေ(နေပြည်တော်)**

# မာ သာ ထ ရီ ဆာ

( ၁၉၁၀ - ၁၉၉၇ )




ယူဂိုဆလားဗီးယားနိုင်ငံစကော်ပီယေမြို့က

အယ်လ်ဗေးနီးယားမျိုးနွယ်စုတစ်ခုမှာ

ပန်းလေးတစ်ပွင့် ပွင့်ခဲ့တယ်

စကော်ပီယေမှ ဒဗ္ဗလင်

အဲ့ဒီကမှ ဟိမဝန္တာတောင်တန်းများ

ဟိမဝန္တာတောင်တန်းကနေကာလကတ္တား

ပန်းသတင်းလေညင်းဆောင်တော့

ကာလကတ္တားမြို့ကနေတစ်ကမ္ဘာလုံးကိုမွှေးခဲ့

ဘုရားသခင်ရဲ့ပန်းပွင့်လေး ။

ဘုရားသခင်ရဲ့ပန်းပွင့်လေးလို့အမိပ္ပါယ်ရတဲ့

ဆာရီဝတ် (မာသာ) ထရီဆာကို

၁၉၁၀ ၊ ဩဂုတ်လ ၂၆ ရက်နေ့မှာမွေးဖွားခဲ့။

ကမ္ဘာမြေထဲစိုက်ဝင်နေတဲ့ကွန်ကရစ်တံတားမှန်သမျှ
ခံနိုင်ဝန်သတ်မှတ်ချက်တစ်ခုတော့ရှိပေရဲ့
ကြုံလှီသေးကွေးတဲ့ဒီခန္ဓာမှာ
ပရဟိတလုပ်ငန်းများစွာအတွက်
ခံနိုင်ဝန်သတ်မှတ်ချက်ကမရှိခဲ့ဘူး
ကြံ့ခိုင်တဲ့ခန္ဓာမှာစိတ်ဓာတ်ကြံ့ခိုင်မှုရှိသလို
ကြံ့ခိုင်မှုမရှိတဲ့ခန္ဓာမှာလည်း
ကြံ့ခိုင်တဲ့စိတ်ဓာတ်ရှိလို့ရနိုင်ကြောင်း
အပြည်ပြည်ဆိုင်ရာ
ပရဟိတသူရဲကောင်းတစ်ယောက်က
ကမ္ဘာကြီးကိုသက်သေပြခဲ့တယ်။
အို ••• မာသာထရီဆာ •••
သင်ဟာ •••
ကရုဏာတရားတို့သင်းထုံရာ •••
စွန့်ပစ်ခံလူသားများရဲ့ကောင်းကင်ဘုံ •••
ချစ်ခြင်းမေတ္တာတရားသာ
ကမ္ဘာ့အကောင်းဆုံးဆေးဝါးတစ်လက်လို့
သင် •••
လူသားအားလုံးကိုပြဆိုသွားခဲ့တယ်။
ပွင့်ပြီးရင်ကြွေရမယ်

ကြွေပြီးရင်နွမ်း
ပန်းတို့ရဲ့
ပွင့်-ကြွေ-နွမ်း အဘိဓမ္မာအတိုင်း
(၁၉၉၇ စက်တင်ဘာ ၅ ရက်)
ဘုရားသခင်ရဲ့ပန်းပွင့်လေးကြွေတော့
အပယ်ခံပန်းတွေကမြေမှာတဖွဲဖွဲ
ထိန်းမနိုင်သိမ်းမရမျက်ရည်စတွေရွဲလို့
ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ်
တစ်ဘဝစာလုံးငြိမ်သက်လိုက်ချင်ရဲ့
အကြင်နာတရားတို့သင်းထုံရာ
မာသာထရီဆာ •••
သင်ဟာ •••
စေလွှတ်ခြင်းခံပန်းလေးတစ်ပွင့်
အခု •••
ခရစ်တော်၌ ••• ငြိမ်သက်စွာအိပ်စက်ခွင့်ရပြီ
တကယ်လို့များ
ပန်းဝင်စားလေးတစ်ပွင့်အဖြစ်
ဒီကမ္ဘာမြေကို
ပြန်လာခွင့်ရခဲ့ရင် •••

**#ဇာဏီဇော် ( အိမ်မဲ )**

# သတ္တုရောင်ဆူး

ငယ်ငယ်က

ငါသင်ခဲ့ရ သင်ခန်းစာတွေထဲ

အဖြူ နဲ့ အမဲ

သဲသဲ ကွဲကွဲ ဘဲ

သဲရင်သဲ ကွဲရင်ကွဲ

ငါ ပြောရဲခဲ့တယ်...

အဖြူ မဟုတ်ရင် အမဲ ပဲ

အချိန်တွေ ကြာလာတော့

ဖြူတူတူ မဲတဲတဲ

နီတီတီ ညိုတိုတို

တစ်ချို့က နောက်တောက်တောက်

တစ်ချို့ကခြောက် တစ်ချို့ကစိုနဲ့

မသဲကွဲတော့တဲ့ အရောင်တွေ...

အမှန်တရား အတွက်လို့

ငါမွေးခဲ့တဲ့ သတ္တိတွေ

လူသားချင်းစာနာ

ခင်းထားရာ ဖျာတွေဆီ ရောက်မှ

ပျောက်ခဲ့ရပြီ...

ရောင်စုံချယ် သက်တံကြီးရဲ့ အလှကို

ငါ.........မုန်းတယ်

#ရကန်

# စံ ပယ် စိမ်း

ပန်းချစ်လို့

လွမ်းရစ်ဖို့ ဖန်လာ။

စံပယ်အနှစ်ကိုတဲ့

ဘယ်မပစ်ပါဘဲ

ရွှယ်ချစ်လျှက်ကြည်စွာ။

စံပယ်တုန်းပြန်တော့

ဘယ်ပုန်းလို့ဘယ်မှာနေ

မာလာရေမွှေပြီလား။

ရှောင်ပစ်ခွာ ထွက်လစ်မြန်းလေတော့

နှောင်ပွင့်လာ ရက်သစ်မှန်းသော်လည်း

တင့်အခါ မလွယ်တိမ်း

ပွင်ဗလာ စံပယ်စိမ်းရယ်ကြောင့်

ချစ်ကိန်းတွေ ပျက်ပျယ်သွား

လွမ်းလို့နေပြား။

**#အင်ပင် သန်းဌေးအောင်**



# လောကကို စောင့်ရှောက်သော အခွင့်အရေးများ

■ မြတ်စံ

“လောကကြီး အဆင်ပြေသာယာဖို့အတွက် ဘယ်အရာတွေက အရေးကြီးပါသလဲဆရာတဲ့။ မဆိုင်းမတွ ဆရာက ပြန်ဖြေတယ်။ တို့အရှေ့တိုင်းမှာ ဆိုရင် တော့ ဟိရီနဲ့ဩတ္တပ္ပ၊ လောကပါလ တရားနှစ်ပါးပေါ့တဲ့။ အနောက်မှာဆိုရင်တော့ human rights လို့ခေါ်တဲ့ လူ့အခွင့်အရေးပဲပေါ့တဲ့။ ဆရာဖြေခဲ့တာ ဒါလေးပဲ။ ကျွန်တော့်မှာတော့အတွေးတွေ ပွားရတော့တာ။”

## လောကကို စောင့်ရှောက်သော အခွင့်အရေးများ

Social garden မဂ္ဂဇင်းအတွက် စာရေးမယ်ဆိုတော့ ဆရာနန္ဒာသိန်းဇံအကြောင်းကပဲ ခေါင်းထဲ တရစ်ဝဲဝဲ ရောက်ရောက်လာတယ်။ ဆရာ့ကို လူချင်းမသိပေမယ့် ဆရာဟာ ကျွန်တော် အလွန်နှစ်သက်လေးစားရတဲ့ စာရေးဆရာတစ်ယောက်ဖြစ်သလို ဆရာ့စာတွေ၊ ဆရာ့အတွေး အခေါ်တွေကလည်း ကျွန်တော့အပေါ် လွှမ်းမိုးလွန်းလှတာပေါ့။

၂၀၀၇၊ ၂၀၀၈ လောက်ကစလို့ ဆရာ့စာတွေ စဖတ်ဖြစ်ခဲ့တယ်။ အဲ့ဒီကစလို့ ဆရာ့ရဲ့ရေးဟန်ကို စွဲငြိခဲ့ရတာ။ ဆရာ့ရေးဟန်က တစ်မူထူးတယ်။ စာဖတ်သူကို တွေးစရာတွေ ပေးရာမှာ သမာသမတ်ကျလွန်းတယ်။ မှန်တာ မှားတာ မပြော။ အတွေးတွေကို ချပြရုံသက်သက်လေးပဲ။ ဆိုင်ကနေ ဆရာ့စာအုပ်တွေများ ဝယ်လာမိပြီဆို အိမ်ကိုမရောက်သေးဘူး၊ ဖတ်ချင်လွန်းလှပြီ။ စာအုပ်လေးကိုင်လာရတာကို အလိုလိုပျော်နေတော့တာ။

ဆရာ့ရဲ့ “အရိမဒ္ဒနမှ တွေးမြင်ရနံ့တို့ ဝေ့ပျံ့နေဆဲ” ဆိုတဲ့ စာအုပ်ဖတ်တုန်းကလည်း ဆရာနဲ့အတူ ပုဂံသွားချင်စိတ်တွေ တဖွားဖွားနဲ့ပေါ့။ လေတဖြူးဖြူးတိုက်ခတ်နေတတ်တဲ့ အညာညနေခင်း တွေမှာ၊ ကြယ်တွေစုံတဲ့ ညဦးပိုင်းတွေမှာ ပုဂံဘုရားတွေပေါ်ထိုင်ရင်း ငေးရင်း ဆရာ့ ဒဿနတွေ နားထောင်လို့၊ သိချင်တာလေးတွေဆရာ့ကိုမေးလို့နဲ့၊ စိတ်ကူးတွေလည်း ယာဉ်ခဲ့ တာပေါ့။

၂၀၁၁ ခုနှစ်မှာ ဆရာဆုံးတဲ့သတင်းကြားတော့ စိတ်ထဲ ဟာသွားလိုက်တာ။ နှမြောလွန်းလိုက်တာ။ နေလို့တောင် မကောင်းဘူး။ ဆရာ့စာတွေ၊ ဆရာ့အတွေးအခေါ်တွေ၊ ဆရာ့ဟောပြောပွဲတွေ အသစ်အသစ်တွေ နားထောင်ခွင့်မှ မရတော့တာလေ။ ဆရာ့ကို ကျွန်တော် ဘယ်လောက် ခင်တွယ်မိသလဲဆို အသိအကျွမ်းအသစ်တွေနဲ့တွေ့လို့ ပေါင်းတည်ကလို့ ပြောရင် ဆရာနန္ဒာသိန်းဇံတို့ မြို့ကပေါ့လို့ တခုတ်တရ ထည့်ပြောမိနေတော့တာ။

ကျွန်တော့်အပေါ် ဒီလောက်ထိလွှမ်းမိုးမှုရှိတဲ့ ဆရာ့ရဲ့ ကျွန်တော့်အပေါ် နောက်ထပ် လွှမ်းမိုးမှုတစ်ခု ကတော့

**လူ့အခွင့်အရေး ဆိုတာက တစ်ပါးသူ အပေါ် လေးစားမှုတွေ၊ ကိုယ်ချင်းစာတရားတွေ၊ ဖြဟ္မစိုရ် တရားတွေနဲ့ ရက်ဖွဲ့ ထားတဲ့အရာများလား။**

ဆရာ့ရဲ့အဖြေလေးတစ်ခုပါပဲ။ ၂၀၁၀ ခုနှစ်လောက်က ထင်ပါရဲ့။ ကျွန်တော့် သူငယ်ချင်းနဲ့အတူ ငါးလုပ်ငန်းမှာ လုပ်တဲ့ ဆရာ့ဟောပြောပွဲကို သွားနားထောင်ဖြစ်ခဲ့တယ်။ ပြောခဲ့တဲ့ခေါင်းစဉ်ကို မမှတ်မိပေမယ့် ကျွန်တော့်သူငယ်ချင်း က မေးလို့ ဆရာပြန်ဖြေတဲ့ အဖြေလေးကို ကနေ့ထိ စွဲထင်လို့ နေဆဲ…။

သူငယ်ချင်းကမေးတယ်။ လောကကြီး အဆင်ပြေသာယာဖို့ အတွက် ဘယ်အရာတွေက အရေးကြီး ပါသလဲဆရာတဲ့။ မဆိုင်းမတွ ဆရာကပြန်ဖြေတယ်။ တို့အရှေ့တိုင်းမှာ ဆိုရင်တော့ ဟိရီနဲ့ဩတ္တပ္ပ လောကပါလ တရား နှစ်ပါးပေါ့တဲ့။ အနောက်မှာဆိုရင်တော့ human rights လို့ခေါ်တဲ့ လူ့အခွင့် အရေးပဲပေါ့တဲ့။ ဆရာဖြေခဲ့တာ ဒါလေးပဲ။ ကျွန်တော့်မှာတော့ အတွေးတွေပွားရတော့တာ။ အဲဒီ့ လူ့အခွင့်အရေးလို့ခေါ်တဲ့ လူ့ရပိုင်ခွင့်ဆိုတာကြီးနဲ့ လောကပါလတရားဆိုတာကို ထပ်တူပြုနေသလို ဘာလို့ဖြေသွားရတာလဲပေါ့။

လူ့အခွင့်အရေးဆိုတာကို ရှာဖတ်ကြည့်တော့ ဒီသဘောမျိုး ဆိုထားတယ်။ လူသားတိုင်းဟာ အချုပ်အနှောင်ကင်းတဲ့ လွတ်လပ်မှုအပြည့်နဲ့ မွေးဖွားလာကြတာဖြစ်ပြီး မွေးရာပါ တူညီတဲ့ လူသား ဂုဏ်သိက္ခာနဲ့ အခွင့်အရေးတွေ ရှိကြတယ်။ တစ်ဦးနဲ့တစ်ဦး ညီရင်းအစ်ကိုပမာ သဘောထား ဆက်ဆံကြရမယ် ဆိုတဲ့ ရည်ရွယ်ရင်းနဲ့ စခဲ့ကြတာတဲ့။

ညီရင်းအစ်ကိုပမာဆိုတဲ့ စကားလေးက စိတ်ဝင်စားဖို့ ကောင်းလှတယ်။ ညီအစ်ကိုချင်း ထိခိုက်နစ်နာအောင် မလုပ် ဘူး။ ကိုယ်ကြိုက်တာ ကိုယ်လုပ်ပိုင်ခွင့်ရှိတယ်။ ဒါပေမယ့် သူ့ မထိခိုက်စေနဲ့။ တခြားသူ မထိခိုက်စေနဲ့ဆိုတဲ့သဘောမျိုးပေါ့။ ဒီနေရာမှာ အနှစ်သာရအားဖြင့် တစ်ပါးသူအပေါ် လေးစားမှုနဲ့ ကိုယ်ချင်းစာတရား ဆိုတာလေး သွားတွေ့ရတယ်။ နောက် တစ်ခုက လူကိုလူလို မြင်ကြဖို့ဆိုတဲ့ သဘောလေးလဲ ပါနေပြန်တယ်။ လူကို အသားအရောင်တွေနဲ့လည်း ဆေးမဆိုး နဲ့။ လူမျိုးရေးနဲ့လည်း ဘောင်မခတ်နဲ့။ ဘာသာရေးနဲ့လည်း အရောင်မဆိုးနဲ့။ ဆင်းရဲချမ်းသာလည်း မခွဲနဲ့။ လူဟာလူပဲ။ လူမှန်ရင် ဒီခံစားခွင့်တွေ၊ ဒီအခွင့်အရေးတွေ ရှိရမယ်ဆိုတဲ့ သဘောမျိုး။ ဆရာကြီးဦးရွှေအောင်ကတော့ လူကို ကုလားလို့ မမြင်ဘဲ၊ တရုတ်လို့ မမြင်ဘဲ၊ ချစ်သူ မုန်းသူလို့မမြင်ဘဲ လူကို လူလို့ပဲမြင်တာ ဖြဟ္မစိုရ်အမြင်ပါတဲ့။ လူကိုလူလို့ပဲမြင်ရင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ တရားလေးပါးနဲ့ပဲ မြင်တော့တာတဲ့။ ချစ်လို့နှစ်သက်လို့ဖြစ်လာတဲ့ လောဘ၊ မုန်းလို့မကြိုက်လို့ဖြစ်လာတဲ့ ဒေါသ စတဲ့တရားတွေ မဖြစ် လွယ်တော့ဘူးတဲ့။ ဒါဆို လူ့အခွင့်အရေး ဆိုတာက တစ်ပါးသူ အပေါ် လေးစားမှုတွေ၊ ကိုယ်ချင်းစာတရားတွေ၊ ဖြဟ္မစိုရ် တရားတွေနဲ့ ရက်ဖွဲ့ ထားတဲ့အရာများလား။

ကျွန်တော်တို့တွေ အင်တာနက်မှာ တွေ့နေဖတ်နေရတာတွေ ရှိတယ်။ ဂျပန်မှာ လျှောင်လှုပ်၊ ဆူနာမီဖြစ်ပြီးတော့ အစာဝေတဲ့ နေရာမှာ တန်းစီနေကြတဲ့ ကလေးတွေအကြောင်း၊ ကိုယ်စားရ သလို တစ်ပါးသူလည်းစားရအောင် ရှိတာလေးကို ဝေမျှတဲ့ အကြောင်းတွေ။ မေတ္တာတွေ၊ ကရုဏာတွေ၊ ကိုယ်ချင်းစာစိတ် တွေ…။ ရင်ကိုလှုပ်ခတ်နိုင်စွမ်းတဲ့ အဖြစ်အပျက်တွေ…။ ဥရောပနိုင်ငံတွေမှာ ဘတ်စ်ကားစောင့်ရင် တန်းစီပြီး စောင့်ကြတဲ့အကြောင်းတွေ၊ ကြားမဖြတ်ကြတဲ့အကြောင်း တွေ၊ ကားမောင်းရင် ကားတန်းဘယ်လောက်ရှည်ရှည် စည်းကမ်းတကျ တန်းစီပြီး မောင်းကြတဲ့အကြောင်းတွေ၊ လူနာတင်ယာဉ်အတွက် ထားတဲ့ လွတ်နေတဲ့ အပေါ်ဆုံး ယာဉ်ကြောကို ဘယ်လိုအကြောင်းပြချက်နဲ့မှ ဝင်မမောင်းတဲ့ အကြောင်းတွေ၊ ကိုယ့်ကြောင့် တစ်ပါးသူတွေ မထိခိုက် စေချင်တဲ့ လေးစားမှုတွေ၊ စာနာမှုတွေ၊ ကာယကံ မေတ္တာ တွေ…။ အားကျငေးမောရ တာတွေ…။ ကမ္ဘာမှာ နေထိုင် ချင်စရာအကောင်းဆုံးနိုင်ငံတွေက ဥရောပက စကန်ဒီ-နေးဗီးယန်း နိုင်ငံတွေတဲ့။ အဲ့ဒီဒေသက တချို့နိုင်ငံတွေဆို ဒုစရိုက်မှုမရှိလို့ ထောင်တွေတောင် ပိတ်ထားရသတဲ့။

တကယ်တော့လည်း ဖြဟ္မစိုရ်တရားတွေဆိုတာက လူတစ်ဦး တစ်ယောက်ချင်းစီကပဲ နိုင်သလောက် ကြိုးစားကျင့်သုံးလို့

လွယ်လွယ်ကူကူ ရနိုင်တဲ့အရာမျိုးတော့ မဟုတ်တန်ရာ။ လုံလောက်တဲ့ လူမှုပတ်ဝန်းကျင် အထောက်အပံ့တွေ၊ ပညာရေး အထောက်အပံ့တွေ၊ စီးပွားရေးအထောက်အပံ့ တွေ၊ လူမှုဖူလုံရေးအထောက်အပံ့တွေ၊ ဥပဒေအထောက်အပံ့တွေ ရနိုင်မှသာ အင်နဲ့အားနဲ့ ဖွံ့ဖြိုးလာနိုင်တဲ့အရာတွေပဲ မဟုတ်လား။

ကျွန်တော်တို့ နိုင်ငံ၊ ကျွန်တော်တို့ရဲ့ ပြည်နယ်နဲ့တိုင်း တွေမှာရော။ တစ်ပါးသူအပေါ် လေးစားမှုတွေ၊ ကိုယ်ချင်းစာတရား တွေ၊ မေတ္တာတွေ၊ ကရုဏာတွေ ဘယ်လောက်ထိ လွှမ်းခြုံနေနိုင်ပြီတဲ့လဲ။ ကိုယ့်အိမ်ပေါ်မှာ အမှိုက်မပစ်ပေမယ့် လက်ကိုသွေးဖောက်ပြီး အုပ်ထားတဲ့ ဂွမ်းစလေးကို ဆေးခန်း ထဲမှာ ပစ်သွားကြတာ။ သူများပစ်သွားတဲ့အမှိုက်တွေ ကိုယ်မရှင်းချင်ပေမယ့် သူများခြံထဲ၊ သူများအိမ်ရှေ့ အမှတ်မဲ့ အမှိုက်ပစ်မိသွားကြတာ။ အင်တာနက်ပေါ်မှာ တစ်ဖက်သား ကို နစ်နစ်နာနာဆဲဆိုနေကြတာ၊ ကိုယ့်ပတ်ဝန်းကျင် ကိုယ့်ရပ်ရွာ ကိုယ့်ဆွေမျိုးတွေထဲမှာ ဆိုင်ကယ်မှောက်လို့ သေနေကြတာတွေ သိနေကြားနေရပေမယ့် ဆိုင်ကယ်မှောက် သူတွေရဲ့ နေရာမှာ ခဏလောက်ဝင်ပြီး သင်ခန်းစာမယူ မစဉ်းစားကြည့်ဘဲ အတိတ်ကံသက်သက်ကိုပဲပုံချ တူညီတဲ့ အမှားတွေကိုပဲ ထပ်ခါထပ်ခါ မှားနေကြတာတွေ...။ သူတစ်ပါး ကို ထိခိုက်မှုဖြစ်မယ်မှန်း သိနိုင်လောက်တဲ့ အင်ပြည့်အားပြည့် ကိုယ်ချင်းစာမှုမျိုး အလေ့အကျင့်နည်းပါး၊ သူတစ်ပါးကို ထိခိုက်စေမယ့် အရာတွေလုပ်ဖို့ အရှက်အကြောက်တွေ ပါးလျ...။

ဒါကြောင့်လည်း လောကကြီး အဆင်ပြေသာယာဖို့ လောကပါလတရားလိုပဲ လူကိုလူလိုမြင်တတ် တဲ့၊ တစ်ဖက်သားအပေါ် လေးစားသမှုပြုတတ်တဲ့၊ သူ့နေရာမှာ ကိုယ်ဝင်ကြည့်တတ်တဲ့ လူ့အခွင့်အရေး ဆိုတဲ့အရာကလည်း အရေးကြီးလို့ နေတာဖြစ်မှာပဲပေါ့။

■ **မြတ်စံ**






# ဝန်ထမ်းတွေရဲ့ လူ့အခွင့်အရေးတဲ့လား အပိုင်း (၃) ▪ 4 G

ဝန်ထမ်းတွေရဲ့ လူ့အခွင့်အရေးတဲ့လား (၃)

**အန်ဂျီအို ဝန်ထမ်းနဲ့ ပျောက်ဆုံးလာတဲ့ တန်ဖိုးများ**

ဆောင်းပါး အမှတ် တစ်မှာ အခုလို ရေးခဲ့ပါတယ်။

*"ICRC ရဲ့ ကူညီရေး လုပ်တဲ့ လုပ်သားတိုင်း လိုက်နာရမယ့် ကျင့်ဝတ်တွေဟာလည်း အရေးပါပါတယ်။ ဖတ်ကြည့်ကြစေချင်ပါတယ်။ ကျင့်ဝတ်တွေက တန်ဖိုးပါ။ ကျင့်ဝတ်တွေကို ထိန်းသိမ်းခြင်းဟာ ကိုယ်အလုပ်လုပ်နေတဲ့ လုပ်ငန်းခွင်နဲ့ အဖွဲ့အစည်းကို တန်ဖိုးထားခြင်းပါ။ ဆရာဝန်လူနာ ဆက်ဆံရေးလိုပဲ ယုံကြည်မှု၊ အလွဲသုံးစားမှုများ မဖြစ်ဖို့ အတွက် ကျင့်ဝတ်တွေကို ထိန်းသိမ်းခြင်းဟာ မရှိမဖြစ် လိုအပ်ပါတယ်။ တန်ဖိုးရှိတဲ့ အတွေးအခေါ် တစ်ခုဟာ လွဲမှားစွာ နားလည်လိုက်တာနဲ့ ရှိရင်းစွဲ တန်ဖိုးကတော့ ကျမသွားပါဘူး။ ကိုယ့်အတွက်သာ အသုံးဝင်တဲ့ တန်ဖိုး တစ်ခု ဆုံးရှုံးသွားတာပါ။"*

ကျနော်တို့ အမှန်တကယ် ကျင့်ဝတ်တွေကို တန်ဖိုးထားရဲ့လား။ ကျနော်တို့ရဲ့ တန်ဖိုးထားမှုတွေက ဘာတွေလဲ။ တန်ဖိုးထားမှုတွေ ပျောက်ဆုံးလာနေပြီလား။ စတဲ့ မေးခွန်းတွေကို မေးမိပါတယ်။ လူသားချင်းစာနာထောက်ထားမှု နယ်ပယ် (တနည်းအားဖြင့်) အန်ဂျီအို ဝန်ထမ်လောကမှာ ကျင်လည်နေကြတဲ့ နစ္စဓူဝ အဖြစ်အပျက်တွေ၊ လုပ်ပုံကိုင်ပုံတွေကို ကြည့်ရင်း မေးမိတဲ့ မေးခွန်းတွေပါ။ ဒီဆောင်းပါးမှာတော့ ဒီမေးခွန်းတွေကို ဆန်းစစ်သွားပါမယ်။

- စိတ်ကူးယဉ် လူသားကမ္ဘာကြီး

နေရာတိုင်းမှာ စိတ်ကူးစံဆိုတာ ရှိသလို လူသားချင်း စာနာထောက်ထားတဲ့ အလုပ်ပဲ ဖြစ်ပါစေ၊ ဖွံ့ဖြိုးရေး အမည်ခံပဲ ဖြစ်ပါစေ စိတ်ကူးစံတွေ ရှိပါတယ်။ အရေးပေါ် လူသားချင်း အကူအညီကိုပေးတဲ့ လူတွေ၊ အဖွဲ့အစည်းတွေမှာ လိုက်နာသိရှိရမယ့် စိတ်ကူးစံတွေ ရှိပါတယ်။ ပြောကြလွန်းလို့ ရိုးအီလို့တောင် နေပါပြီ။ humanitarian principle လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ မူများထဲမှာ humanity - လူသားတို့၏ အရေးကိစ္စကို ဦးစားပေးခြင်းက ထိပ်ဆုံးက လာပါတယ်။ လူသားတွေရဲ့ အသက်ကို၊ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ဖို့အတွက် လူသားချင်း စာနာတဲ့ လုပ်ငန်းတွေကို လုပ်ဆောင်ရမယ်လို့ ဆိုပါတယ်။ အဲ့ဒီနောက်တော့ ဘက်မလိုက်ဘူး၊ ကြားနေရမယ်၊ လွတ်လပ် အမှီခိုကင်းတဲ့ အကူအညီတွေ ပေးရမယ်ဆိုတာတွေ လာပါတယ်။ ဒါတွေက ထိပ်ဆုံးက ထားရတဲ့ စံတန်ဖိုးတွေပါ။

ဒီစံတန်ဖိုးတွေက နေ့စဉ်လုပ်ငန်းတွေ လုပ်ဆောင်တဲ့အခါ ထည့်သွင်း စဉ်းစားဖြစ်ကြသလား ဆိုရင်တော့ အားလုံးက မသေချာဘူးလို့ ပြောရမှာပါပဲ။ လူတွေအများကြီးနဲ့ အလုပ်လုပ်ကြရတဲ့အခါ လုပ်ငန်းစည်းမျဉ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေ အများကြီး ချမှတ်ထားကြပြီး အဲ့ဒီဘောင်ထဲကနေ ရုန်းကန်လုပ်ရှားကြရပါတယ်။ ရာထူးတွေ အဆင့်ဆင့်နဲ့ အလွှာပေါင်းများစွာနဲ့ ဖွဲ့စည်းထားကြပါတယ်။ အောက်ဆုံး အကူအညီလိုအပ်သူတွေနဲ့ ထိတွေ့ဆက်ဆံရတဲ့ ဝန်ထမ်းမှသည် ရုံးအကြီးဆုံး ခေါင်းဆောင်အထိဆိုရင် အဆင့်ပေါင်းများစွာ ရှိပါတယ်။ အဖွဲ့အစည်း အကြီးအသေး အပေါ်မူတည်ပြီး အဆင့်ဆင့် လမ်းကြောင်းကြီးက အရှည်ကြီး ဖြစ်သွားတာပါပဲ။ တနေရာရာမှာ တန်ဖိုးတွေ အငွေ့ပျံသွားတာမျိုး မရှိဘဲ မနေပါဘူး။ လူတွေများလာတဲ့အခါ နေရာတွေများလာတဲ့အခါ ကစားပွဲတွေ ပိုများလာတတ်တာ နဲ့အတူ တန်ဖိုးတွေက ပါးလျသွားတတ်ပါတယ်။

## ■ အခြေခံမှုတွေရဲ့ တန်ဖိုး ဖြစ်တည်မှု

ဆရာဝန်တွေကို လူနာတွေက အသက်ကိုပုံပြီး ယုံကြည့်ရတဲ့ အချက်ထဲက တစ်ခုက ဆေးပညာကျင့်ဝတ်ကို လိုက်နာလေးစားခြင်း ကြောင့်ပါ။ လူနာတွေရဲ့ အတွင်းရေးကို လူသိရှင်ကြားမလုပ်ရ၊ လူနာရဲ့ ကောင်းကျိုးကို အစဉ်ရှေးရှု စသဖြင့် ပါဝင်ပါတယ်။ ဒီလိုပါပဲ အရေးပေါ်ကယ်ဆယ်ရေးကို ပြုလုပ်ကြရမယ့် အဖွဲ့အစည်းတွေ၊ လူတွေအနေနဲ့ နိုင်ငံတကာ ကြက်ခြေနီရဲ့ ကျင့်ဝတ်ဆယ်ချက်က မဖြစ်မနေ အရေးပါပါတယ်။ ဒါကသာလျှင် အကူအညီပေးသူတွေရဲ့ တန်ဖိုးပါ။

**“လူသားတို့၏ အရေးကို ဦးစားပေးရမည်။ အကူအညီများကို လူမျိုးဘာသာမရွေး အကူအညီပေးရမည်”** စသဖြင့် ပါဝင်ပါတယ်။ နံပါတ်ကိုး အချက်မှာတော့ အခုလို ရေးထားပါတယ်။ **“မိမိတို့မှ အကူအညီပေးနေသူများနှင့် အကူအညီအတွက် မိမိတို့ကို အရင်းအမြစ်များ ပံ့ပိုးပေးနေသူများ အတွက်ပါ တာဝန်ခံရမည်”** ဆိုတာပါ။ ကိုယ့်ဘက်က မှားသွားရင် တာဝန်ယူ ဖြေရှင်းတာမျိုးပါ။ တကယ်တန်း လုပ်နိုင်ပါရဲ့လား။

အကူအညီ လိုအပ်နေသူတွေဟာ သူတို့ကို လာကူညီတဲ့ အဖွဲ့အစည်းတွေက သူတို့အကျိုးအတွက် အမှန်စဉ်းစားပါလားလို့ လက်ခံမှသာ အဖွဲ့အစည်းတွေကို ယုံကြည်မှာဖြစ်ပါတယ်။ အားကိုးမှာ ဖြစ်ပါတယ်။ ဒါမှသာ အဖွဲ့အစည်းအတွက် လိုအပ်တဲ့ အချက်အလက်တွေကိုလည်း မှန်မှန်ကန်ကန် မျှဝေမှာ၊ ပူးပေါင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဲ့ဒါကိုက ဒီလို အဖွဲ့အစည်းတစ်ခုမှာ အလုပ်လုပ်ရတဲ့ အရသာလို့ ဆိုချင်ပါတယ်။ လူတွေ ကိုယ့်ကိုအားကိုးလာလို့ ဘဝင်မြင့်သွားတာ မဟုတ်ပေမယ့် ကိုယ့်အကူအညီကို လက်ခံသူတွေ နှစ်ခြိုက်တယ်ဆိုတာ ပီတိဖြစ်စရာပါ။




## ■ လုပ်ငန်း တန်ဖိုး

ဒါပေမယ့်လည်း ပြန်စဉ်းစားကြည့်ပါ။ ကိုယ့်အဖွဲ့အစည်းက အိမ်သာအလုံးတစ်ရာ ရည်မှန်းချက် ပြည့်မီဖို့အတွက် အိမ်သာတွေကို ပြီးပြီးရော ဆောက်ပေးလိုက်တယ်။ ဆောက်ပေးတဲ့ အိမ်သာက အရည်အသွေးက မပြည့်လို့ ခဏနေပျက်စီး၊ ဆောက်ပေးထားတဲ့ နေရာက ဒေသခံတွေအတွက် အဆင်မပြေတဲ့နေရာ စသဖြင့် ဘယ်သူမှ မသုံးတဲ့ အိမ်သာတွေ ဆောက်ပေးတဲ့ အဖွဲ့အစည်းတစ်ရပ်ကို ရပ်ရွာလူထုက အထင်မကြီးတာ ဘာဆန်းမလဲ။

ကိုယ့်ပရော့ဂျက်က စိတ်ကူးနဲ့ ရေးဆွဲထားတဲ့ စာသင်ကျောင်းတွေဆောက်တယ်။ ဒေသနဲ့ လိုက်လျောညီထွေ

ဖြစ်တဲ့ ပုံစံမဟုတ်၊ မလိုတဲ့နေရာတွေ အပိုထည့်၊ လိုအပ်တဲ့ ခိုင်ခံ့မှုမရှိ။ စီမံချက်စာရွက်ပေါ်မှာတော့ အောင်မြင်သွားတယ်။ ရွာက လူတွေကို ရိက္ခာတွေဝေ၊ သူကြီးက ခေါင်းပုံဖြတ်၊ ဆန်တွေ အစားအစာတွေက စားလို့ ဖြစ်ရုံ။ ကျန်းမာရေး အဖွဲ့ကြီးပော့ဆိုပြီး လူတွေတပြုံကြီး ကားကြီးတွေနဲ့ ရွာကိုဆင်း၊ ဆေးကုပေးတော့ တစ်နာရီ၊ လှည့်ပတ်သွား။ စာရင်းထဲမှာတော့ ဒီလ လူနာပေါင်း ဘယ်လောက်ကို ကုသပေးလိုက်ပြီ။ ဒီဇာတ်လမ်းမျိုးတွေက ကြားရလွန်းလို့ နားတောင် ထောင်ချင်ကြတော့မှာ မဟုတ်။ ဒါပေမယ့် အခု မရှိတော့ဘူးလားလို့ မေးရင် ဖြေချင်ကြမယ် မထင်ပါဘူး။

ဒီလိုအကြောင်းတွေဟာ ရခိုင်ပြည်နယ်မှာ နိုင်ငံတကာ လူမှုအဖွဲ့အစည်းတွေကို မယုံကြည်ကြခြင်းရဲ့ အကြောင်းရင်းထဲက တစ်ခုပါ။ ကိုယ့်ပရော့ဂျက်ပြီးဖို့ကို ဦးစားပေးလုပ်ခဲ့တဲ့ လုပ်ငန်းပေါင်းများစွာကို နှစ်ပေါင်းများစွာ တွေ့ကြုံမြင်ဖူးခဲ့တဲ့ ဒေသခံတွေ ဒီလို ဖြစ်လာတာ အပြစ်တင်စရာ အကြောင်း မရှိဘူးလို့ မြင်ပါတယ်။

- ### အဖွဲ့တွင်း တန်ဖိုး

တချိန်ထဲမှာပဲ အဖွဲ့အစည်းအတွင်းမှာလည်း ခြစားရာတွေ တစ်ပုံတစ်ပင်ပါပဲ။ ခြစားတယ်ဆိုလို့ ငွေတွေ သိန်းသောင်းချီပြီး လိမ်လည်တာမျိုး မဟုတ်ပါဘူး။ (ဒါမျိုးတွေလည်း ရှိခဲ့တာပါပဲ)။ အဖွဲ့အစည်းရဲ့ တန်ဖိုးတွေကို လှိုက်စားလာတဲ့ လူတွေရဲ့ အပြုအမူတွေပါ။

ဒီအထဲမှာ တစ်ခုက အဖွဲ့အစည်းတစ်ခုရဲ့ ရေရှည်ရပ်တည်ဖို့ အတွက် ကြိုးပမ်းချက်ပါ။ မြန်မာနိုင်ငံကို ပထမဆုံး ဝင်လာစဉ်က ပရော့ဂျက်တစ်ခုလောက်နဲ့ လုပ်နေရာကနေ ဝန်ထမ်းတွေ ရာချီဆက်ခန့်နိုင်အောင်၊ ကိုယ့်အဖွဲ့အစည်း ပြည်တွင်းမှာ ဆက်လက် တည်တံ့နိုင်အောင် လုပ်ငန်းတွေ ရှာဖွေကြရပါတယ်။ ဒါက ပုံမှန်ဖြစ်စဉ်ပါ။ အဖွဲ့အစည်းရဲ့မူ၊ လုပ်ဆောင်ချင်တဲ့ လုပ်ငန်းနယ်ပယ်ကို အဓိကထားပြီး ရှာဖွေသရွေ့ ပြဿနာတော့ မရှိလှပါဘူး။ ကိုယ့်ဆီက လူတွေ အလုပ်ရအောင် လုပ်ပေးတယ်လို့ တွေးရင်တော့လည်း ရပါတယ်။ ဒါပေမယ့် ကိုယ့်လူတွေအလုပ်ရဖို့ ဦးစားပေးပြီး ရပ်ရွာလူထု အကျိုးစီးပွားကို နောက်တန်းပို့လိုက်တဲ့ အဖွဲ့အစည်းတွေ ဘယ်လောက်များ များမယ်ထင်ပါသလဲ။

သုတေသနလုပ်လည်း ဘယ်သူမှ ဝန်ခံမှာ မဟုတ်တဲ့အတွက် ပြောရခက်ပါတယ်။ သို့သော် တကွေ့မဟုတ်တကွေ့ ကြုံဖူး ကြပါလိမ့်မယ်။




နောက်တမျိုးကတော့ အဖွဲ့အတွင်းက ဌာနအချင်းချင်း အင်အားပြိုင်ကြတာပါ။ စီမံချက်ကို ဦးဆောင်လုပ်တဲ့ ပရိုဂရမ် အဖွဲ့က အင်အားကောင်းတတ်တယ်။ ဒီအခါ နောက်ကနေ ထောက်ပံ့မှု၊ လိုအပ်တဲ့ ထိန်းကွပ်မှုကို လုပ်ရမယ့် ထောက်ပို့သမားတွေ၊ ဘဏ္ဍာရေးကဏ္ဍက လူတွေက ပညာတွေပြ၊ ရန်ကုန်ရုံးနဲ့ နယ်ရုံး အပြန်အလှန် အချင်းချင်း မတည့်တာတွေ ရုံးတိုင်းမှာ မကြားချင်မှအဆုံးပါ။

တချို့ကျပြန်တော့ အဖွဲ့အစည်းတစ်ခုမှာ လုပ်ငန်းအတူတူ လုပ်နေတဲ့ တဖွဲ့တည်းက လုပ်ဖော်ကိုင်ဘက်။ ကိုယ့် team ထဲမှာပဲ အချင်းချင်း နေရာလုပွဲတွေ ဖြစ်လာပါတယ်။ ပြိုင်ဆိုင်မှုဆိုတာ နေရာတိုင်းမှာ ရှိတဲ့ သဘာဝတစ်ခုပါ။ တရားသော၊ ပွင့်လင်းသော၊ အရည်းအချင်း ဦးစားပေးသော ယှဉ်ပြိုင်မှုတွေကို အားပေးရမှာပါ။ လက်တွေ့မှာတော့ အဖွဲ့အစည်းအတွင်းမှာ အဖြူတွေ အမဲတွေကို ကပ်ကြဖားကြ၊ နေရာရရေးကို ဦးတည်ပြီး လမ်းကြောင်းရှာကြပါတယ်။ ကိုယ့်အရည်အချင်းကိုယ် မယုံကြည့်တဲ့အခါ တဖက်သူရဲ့ ပျော့ကွက်ကိုရှာပြီး တိုက်ခိုက် ဖယ်ထုတ်ဖို့ ကြိုးစားကြပါတယ်။ ခြေထိုးတယ်ဆိုတာ စီးပွားရေးလောကမှာတင် ရှိတာ မဟုတ်ပါဘူး။ ဒါတွေ မထိန်းနိုင် မသိမ်းနိုင် အလွန်အကျွံ ဖြစ်လာတဲ့အခါ မူလဘူတ ကူညီရေးလုပ်ငန်း ရည်ရွယ်ချက်တွေကို ထိခိုက်လာပါတယ်။ စဉ်းစားကြည့်နိုင်ပါတယ်။ ပဋိပက္ခဒေသတွေမှာ အလုပ်လုပ်နေတဲ့ အဖွဲ့တွေအနေနဲ့ ကိုယ့်အဖွဲ့အတွင်းက ပဋိပက္ခတွေနဲ့ အချိန်ကုန်လွန်နေရတယ် ဆိုရင် အဲ့ဒီအဖွဲ့အစည်းရဲ့ ကောင်းကျိုးပေးနိုင်တဲ့ အနေ

အထားက ဘယ်လို ရှိနေမလဲ။ စဉ်းစားစရာပါပဲ။ ဒီတော့ တဖြည်းဖြည်းနဲ့ လူသားချင်း ကူညီကယ်ဆယ်ရေး အဖွဲ့တွေဟာ ကိုယ်ကျိုးစီးပွားအတွက် ရပ်တည်နဲ့ စီးပွားရေး အန်ဂျီအိုတွေ ဖြစ်မှန်းမသိ ဖြစ်လာပါတယ်။

- စံလွဲလာတဲ့အခါ

လူသားချင်းစာနာထောက်ထားရေး ဆိုင်ရာ အဓိက စံနှုန်း အမှတ်ကိုးမှာ အခုလို ပြောပါတယ်။ "Communities and people affected by crisis can expect that the organisations assisting them are managing resources effectively, efficiently and ethically. (Core Humanitarian Standard)" **"ဒုက္ခဘေးခံစားနေကြရတဲ့ ရပ်ရွာလူထုများ၊ လူအများအနေဖြင့် ၎င်းတို့ကို ကူညီသော အဖွဲ့အစည်းများသည် ရရှိလာသော အရင်းအမြစ် (ငွေ၊လူ အင်အားစသည်) တို့ကို ထိထိရောက်ရောက်၊ အကျိုးရှိရှိ ကျင့်ဝတ်နှင့်အညီ စီမံခန့်ခွဲမည်ဟု မျှော်လင့်နိုင်သည်"** လို့ ဖော်ပြထားပါတယ်။ လူတစ်ဦးစီက ကိုယ့်အကျိုးကို ဦးစားပေး နေတဲ့ အဖွဲ့အစည်းတစ်ခု ဆီကနေ ဘယ်ရပ်ရွာ လူထုကများ ဒီလို စံနှုန်းမျိုးကို မျှော်လင့်နိုင်မှာပါလဲ။ အခုပြောခဲ့သမျှဟာ အဖွဲ့အစည်းအားလုံးကို ဝါးလုံးရှည်နဲ့ သိမ်းကြုံး စွပ်စွဲတာ မျိုးတော့ မဟုတ်ပါဘူး။ မှန်မှန်ကန်ကန် လုပ်နေတဲ့ အဖွဲ့တွေ လည်း အများကြီးပါ။ နိုင်ငံတကာ အဖွဲ့အစည်းတွေချည့်လည်း မဟုတ်ပါဘူး။ ပြည်တွင်းအဖွဲ့တွေမှာဆိုရင် သာတောင် ဆိုးသေးလို့ ပြောရပါမယ်။ ဒါပေမယ့် ဒီလောကက လူတွေက အပြင်ကလူတွေက ဝေဖန်လာရင် ကိုယ့်ကောင်းကွက်လေး တွေကိုချည့် သကြားလူးပြပြီး တကယ့်အရှိ အမှောင်ဘက်ခြမ်း ကိုတော့ လူမသိအောင် ထားချင်တတ်ကြပါတယ်။ ဒါက အဖြေမဟုတ်ဘူးလို့မြင်ပါတယ်။ ကိုယ့်အဖွဲ့အစည်းအတွင်းမှာ ကိုယ့်စိတ်ခန္ဓာအတွင်းမှာ တကယ့်တန်ဖိုး အစစ်အမှန်တွေ ရှိသေးရဲ့လားလို့ ဆန်းစစ်ကြ စေချင်ပါတယ်။ အဲ့ဒီအခါ တန်ဖိုးတွေ ရှိမရှိ ကိုယ်တိုင်တွေ့ရမှာပါ။

ကိုယ်ပိုင် တန်ဖိုးတွေ ထုတ်မပြနိုင်တဲ့အခါ ရပ်ရွာလူထုနဲ့ အပြင်က လူတွေရဲ့ အပြစ်တင်ခြင်းကို ခံရပါတယ်။ အခုလည်း ခံနေရပါတယ်။ နောက်လည်း ခံရပါမယ်။ အပြင်ကလူတွေ ဘယ်လောက်ပဲ အပြစ်တင်နေပါစေ ကိုယ့်ဘာသာ ယုံကြည် စိတ်ချနေရင် ဘာမှ ဝမ်းနည်းစရာ မလိုပါဘူး။ ဒါပေမယ့် အပြင်ကလူ မပြောနဲ့ ကိုယ့်အချင်းချင်းတောင်၊ ကိုယ့်ဘာသာ တောင် အပြစ်တင်ရ၊ မယုံကြည်ရတော့တာကတော့ တော်တော်ကို ဆိုးပါတယ်။ ယုံကြည်မခံရခြင်း၊ အပြစ်တင် ခံရခြင်းကို ကြောက်စရာ ဘေးဒုက္ခလို့ ဆိုပါတယ်။ ဒီအထဲမှာမှ ကိုယ့်ကိုယ်ကို ပြန်ပြီး မယုံကြည် အပြစ်တင်မိတဲ့ အတ္တာ နုဝါဒဘေးက ကြောက်စရာ အကောင်းဆုံးပါပဲ။ ကိုယ်လုပ်တာ ကို ဘယ်သူမှ မသိရင်တောင် ကိုယ်တော့ သိနေတတ်တာကိုး။

နောက်ဆုံး ပုံပြင်လေးတစ်လေး တပုဒ်နဲ့ နိဂုံးချုပ်ပါရစေ။

ပန်းရံဆရာတစ်ယောက်ဟာ ရဲတိုက်ကြီးတွေ၊ နန်းကြီးတွေ ခိုင်ခံ့အောင် တည်ဆောက်ရာမှာ နာမည်ကြီးပါတယ်။ တံတိုင်းကြီးတစ်ခု တည်ဆောက်ဖို့အတွက် သူ့ကို အပ်ထား တော့ သူနဲ့ သူ့သားဟာ အကောင်းဆုံး တည်ဆောက် နေကြပါတယ်။ ပြီးခါနီး နောက်ဆုံး အုတ်တချပ်စီဖို့သာ ကျန်တဲ့အချိန်မှာ မဆလာက ကုန်သွားပါတယ်။ ဒီတော့ သူ့သားကို မဆလာ ထပ်ဖျော်ခိုင်းပါတယ်။ ဒီအခါ သူ့သားက "အဖေကလည်းဗျာ အုပ်လေး တချပ်ကျန်တော့တာကို ရှိတဲ့ မဆလာနဲ့ လုပ်လိုက်ပြီးရော။ ဘယ်သူမှလည်း သိမှာမှ မဟုတ်တာ" လို့ ပြောပါတယ်။ ဒီအခါ ဖခင် ပန်းရံဆရာကြီးက ပြန်ပြောပါတယ်။ "လူနှစ်ယောက်တော့ သိမယ်ငါ့သား" တဲ့။ သူ့သားက ပြန်မေးတယ် ဘယ်လူနှစ်ယောက်လဲပေါ့။ "မင်းနဲ့ငါလေကွာ" တဲ့။

ဟုတ်ပါတယ်။ ကျနော်တို့လုပ်ရပ်တွေကို ဘယ်သူမှ မသိရင် တောင် ကျနော်တို့ ကိုယ်တိုင်သိပါတယ်။ ဒီအခါ လိပ်ပြာ သန့်ကြပါ့မလားလို့ မေးလိုက်ချင်ပါတယ်။ သူတပါးဆီက အကူအညီ ငွေကြေးတွေနဲ့ တန်ဖိုးတွေ ပြည့်ဝပြီး လိပ်ပြာလု တဲ့ အကူအညီတွေ တပါးသူတွေထံ ပေးနိုင်ကြပါစေ။

*ပုံပြင်ကို "မောင်ခိုင်အောင်၊ သမိုင်းမဲ့လူ အတွေးအမြင် စာစုများ၊ ဒေါင်းစာပေ၊ ၂၀၁၈" က ယူပါတယ်။*

- **4G**

ယနေ့မိုးရွာသည်။ (၄၂) ဒီဂရီ စင်တီဂရိတ်အထိ ပူပြင်းခြောက်သွေ့နေသော ရန်ကုန်၏ ရာသီဥတု အခြေအနေမှ ပထမဆုံးရွာသော မိုးဖြစ်သောကြောင့် လူအများစု ပျော်ရွှင်ဝမ်းသာ ကြလေသည်။

ထို့ပြင် … ယနေ့ မေလ (၁) ရက်နေ့ ဖြစ်သည်။ ထို့ကြောင့် မနက်ဖြန်သည် မေလ (၂) ရက်နေ့ ဖြစ်သည်။ မိုးတွေရွာနေသော မေလ၏ ပထမနေ့ရက်များသည် ခုနေခါများတွင် လူတိုင်းအတွက်မူကား ပုံမှန်ထက် မည်သို့မျှ ထူးခြားနေမည် မဟုတ်သော်လည်း…. လွန်ခဲ့သော (၁၀) နှစ်ကျော် အတိအကျ ဆိုရလျှင် လွန်ခဲ့သော (၁၁) နှစ်က ဆိုလျှင် သိန်းချီသော လူများစွာ၏ ဘဝများ ဂျွမ်းထိုးမှောက်ခုံ ဖြစ်ခဲ့ကြရသည် ဆိုလျှင် အားလုံးသိကြပါလိမ့်မည်။ ထို့အတူ လူသိန်းပေါင်းများစွာ တို့သည်လည်း လွန်ခဲ့သော (၁၁) နှစ်က ယနေ့လိုအချိန် အခါ ကို အမှတ်ရနေကြမည် ဆိုသည်ကို သေချာတပ်အပ် ပြောနိုင်မည် ဖြစ်သည်။

# အမှတ်တရ နာဂစ် (သို့မဟုတ်) သင်ခန်းစာ

■ ဦးလေးကြီး




ဓါတ်ပုံ - နာဂစ်အမည်ရသည့် ပန်း

လွန်ခဲ့သော (၁၁)နှစ်၊ မေလ (၂) ရက်နေ့တွင် တိုက်ခတ်ခဲ့သော နာဂစ် မုန်တိုင်း၏ ဒဏ်ကြောင့် (မဖြစ်သင့်ပါလျှက်) လူပေါင်းများစွာတို့၏ အသက်အိုးအိမ် စည်းစိမ်များ၊ ဘဝများ ပျက်စီးဆုံးရှုံး ခဲ့ကြရပါသည်။ ဤနေရာတွင် (မဖြစ်သင့်ပါလျှက်) ဟူသော စကားရပ်ကို အကျယ်ရှင်းပြရန် လိုမည် မထင်ပေ။

ထို့အတူပင်... ကျွန်တော်သည်လည်း ၎င်းနာဂစ်မုန်တိုင်းကြီး၏ နောက်ဆက်တွဲများနှင့် ပတ်သက်ပြီး အမှတ်ရ စရာများ အများအပြား ရှိခဲ့ ရလေသည်။ ထို အမှတ်ရစရာများ အနက်မှ တချို့တချို့သော အကြောင်းအရာများသည် ယခုတိုင် အောင်ပင် စွဲထင်ကျန်ရစ်ဆဲဖြစ်လေသည်။

---- ------------------

**၂၀၀၈ ခုနှစ်၊ မေလ (၁) ရက်နေ့**

ကျွန်တော် အပါအဝင် လုပ်ဖော်ကိုင်ဖက် (၃၀) ခန့်သည် ရန်ကုန်မြို့ တစ်နေရာရှိ အဆောက်အဦကြီး တစ်ခု၏ ငါးထပ်မြောက်တွင် ရှိသော ခန်းမကျယ်ကြီးထဲတွင် နိုင်ငံခြားသား ပညာရှင် (၂) ဦးမှ ဦးဆောင် ပို့ချလျှက်ရှိသော အလုပ်ရုံ ဆွေးနွေးပွဲအတွင်း ပါဝင်တက်ရောက်လျှက် ရှိကြသည်။

ဧပြီ ၂၈ ရက် တနင်္လာနေ့ ကတည်းကပင် စတင်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲ ဖြစ်သောကြောင့် အပြန်အလှန် ငြင်းကြခုံကြ၊ ပြန်ဆွေးနွေးကြနှင့် အရှိန်ရလျှက် ရှိသည်။ သို့သော် .. နံနက် ၁၁ နာရီလောက်တွင် ရုံးမှ လူကြီးတစ်ယောက် အခန်းတွင်းသို့ ဝင်လာသည်။ ထို့နောက် အရေးကြီးကိစ္စ ပြောစရာရှိသဖြင့် အားလုံး နေရာယူပြီး နားထောင်ရန် ပြောလေသည်။ အားလုံးကတော့ "ဘာလဲ" ဆိုသည့် အနေအထားများဖြင့် နေရာယူကြပြီး ပြောမည့် အကြောင်းအရာကို ငံ့လင့်နေကြသည်။ တစ်ခုခုများ ပြဿနာ ဖြစ်လို့လား၊ အဆူများ ခံရတော့မလား၊ ဘယ်သူဘာလုပ်လို့ ပါလိမ့် စသဖြင့် အမျိုးမျိုး စဉ်းစားရင်း အာရုံစိုက်နေကြသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါ လူကြီးသည် ရုံးချုပ်တွင် အလွန် စည်းကမ်းကြီးသည့်အပြင် မျက်နှာထားကလည်း အလွန်တည်သည်။ နိုင်ငံခြားသားဝန်ထမ်းများပင် သူ့ကို အတော်ကြောက်ကြရသည်။ (အလုပ်စားပွဲတွင် ထမင်းစားသော ဘိုမတစ်ယောက်၊ ဘောင်းဘီနှင့်အင်္ကျီကို အလွန် ဟိုက်စွာ ဝတ်ထားပြီး အလုပ်စားပွဲတွင် ရှေ့နောက် ယောင်းလောင်းနှင့် ထိုင်အလုပ်လုပ်နေသော နိုင်ငံခြားသူ စသည်တို့ကို ချက်ချင်းခေါ်ယူ သတိပေးသည်ကို ကိုယ်တိုင် တွေ့ဖူးသည်။ ဤကားစကားချပ်)

ထို့နောက်အဆိုပါ လူကြီးကပြောသည်မှာ ယနေ့ရရှိသော သတင်းအရ အင်အား အလွန်ပြင်းသော မုန်တိုင်းကြီး တစ်ခု နောက် ၂၄ နာရီအတွင်း ဖြစ်ပေါ်နိုင်သည်။ ကြိုတင်ကာကွယ် ပြင်ဆင်ရန်အတွက် နယ်မှလာသော ဝန်ထမ်းများ ယနေ့ နေ့လည်စာ စားပြီးချိန်မှစ၍ မိမိတို့ တည်းခိုရာ နေရာတွင် ပြန်နေကြရန်နှင့် ရုံးမှ တစ်စုံတရာ ညွှန်ကြားချက် မရမချင်း မိမိနေရာမှ အဝေးသို့ မသွားရန်၊ မိမိတို့ မိသားစုနှင့် အဆက်အသွယ် ပြုလုပ်ထားရန် စသည်ဖြင့် မှာကြားလေသည်။ အဆိုပါလူကြီး ပြန်ထွက်သွားပြီးနောက် ကျွန်တော်တို့ အားလုံးမှာ ဇဝေဇဝါဖြင့် ဘာလဲဟ၊ ဟို ပင်လယ်ထဲက မုန်တိုင်းကို ဒီရန်ကုန် တိုက်ကြီးတွေပေါ်ကနေပြီး ဘယ်လို လုပ် ကြောက်နေကြတာလဲ . . . စသဖြင့် တစ်ယောက် တစ်ပေါက် ပြောဆိုကြရင်း . . မိမိတို့တည်းခိုရာသို့ ပြန်ခဲ့ကြလေသည်။

ထိုနေ့ညနေတွင် လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများနှင့် စမ်းချောင်းတဝိုက် ထမင်းစား သွားပြီး မကြီးကြီး လမ်းတွင် နေသော ညီမ၏အိမ် ဝင်လည်ကာ "ဟဲ့ .. မနက်ဖန် မုန်တိုင်းရှိတယ်ပြောတယ်။ ဆန်၊ဆီ၊ ဆေးဝါး၊ ရေတွေ လိုတာရှိရင် ကြိုဝယ်ထားဦး" ဟုပင် ဆရာ လုပ်ခဲ့သေးသည်။ ထို့နောက် တည်းခိုသော ဟိုတယ်သို့ ပြန်ခဲ့ကြလေသည်။

၎င်းည သန်းခေါင်ယံလောက်မှ စ၍ မိုးလင်းချိန်တွင် ဖြစ်ပျက်နေသော ရန်ကုန်မြို့၏ ပြောင်းဆန်နေသော အခြေ



အနေမှာကား အားလုံး သိကြသည့် အတိုင်းပင် ဖြစ်ပေတော့သည်။

ထိုသို့ဖြင့် ရန်ကုန်တွင် လေးငါးရက် သောင်တင်နေပြီးနောက် ကျွန်တော်တို့အားလုံးကို မိမိ တာဝန်ကျရာ ဒေသအသီးသီးသို့ ပြန်စေပြီး လုပ်လက်စလုပ်ငန်း အားလုံးကို လက်စသတ်ရန်၊ လွှဲအပ်စရာရှိက လွှဲအပ်ရန် ညွှန်ကြားလေသည်။ ပြန်ရောက်ပြီး သိပ်မကြာခင် ထပ်မံအကြောင်းကြားသည်။ လက်ရှိ ဆောင်ရွက်နေသော လုပ်ငန်းများကို ယာယီဆိုင်းငံ့ ထားမည် ဖြစ်ပြီး အရေးပေါ်အခြေအနေ တုန့်ပြန်မှု လုပ်ငန်းအတွက် ဆောင်ရွက်ရန် မိမိကိုယ်တိုင်နှင့် မိသားစုက သဘောတူလျှင် ရန်ကုန်ရုံးသို့ ချက်ချင်း လာရောက်ရန်ဟု ဖြစ်လေသည်။

တိုတိုပြောရလျှင် မိသားစုနှင့်တိုင်ပင်၊ ရန်ကုန်ပြန်ရောက်လာကာ ရက်အနည်းငယ်အတွင်း ကြုံရာ အလုပ်များကို ရုံးတွင် ဝိုင်းဝန်းကူညီရသည်။ နောက်ဆုံးတွင် တစ်သက်လုံး တစ်ခါမှ မရောက်ဖူးသော ဧရာဝတီတိုင်း လပွတ္တာ မြို့သို့ အရေးပေါ်အခြေအနေ ကူညီရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ခဲ့လေတော့သည်။

ကျွန်တော်အပါအဝင် ဝန်ထမ်း ၅ ယောက်သည် လပွတ္တာ မြို့သို့ မရောက်ခင် မြောင်းမြသို့ အရင်ဝင်ခဲ့ရာ ရောက်နှင့်နေပြီးသော ကျွန်တော့အထက်လူကြီး ဆရာမက လပွတ္တာ မြို့သို့ ရောက်လျှင် အရေးတကြီးလုပ်ဆောင်ရန်များ၊ ပြင်ဆင်ရန်များကို ကမန်းကတမ်း မှာကြားသည်။ မှာသမျှကို မှတ်သားပြီး ခရီးဆက်ခဲ့ရာ လပွတ္တာ မြို့သို့ ညနေစောင်းတွင် ရောက်ရှိခဲ့လေသည်။

ရောက်ရောက်ချင်း တွေ့ကြရသည်က နေရာတိုင်းမှာ အပျက်အစီးများ၊ အမှိုက်များ၊ လမ်းပေါ်တွင် အရေးတကြီး သွားလာနေသောလူများ၊ အကိုင်းအခက်တွေ ဖွာလန်ကျဲ ကျိုးပဲ့နေသော အုန်းပင်များ စသဖြင့် စိတ်မချမ်းမြေ့ဖွယ်ရာ မြင်ကွင်းများသာ ဖြစ်လေသည်။

နောက်တစ်ရက်မှ စတင်ကာ ရုံးနေရာ ပြင်ဆင်ခြင်း၊ ဝန်ထမ်းများ ခန့်ထားခြင်း ၊ ထောက်ပံ့ကူညီရေး လုပ်ငန်းများ စီစဉ်ခြင်း၊ အစိုးရဌာနများ၊ အခြားနိုင်ငံတကာ အဖွဲ့အစည်းများ၏ အစည်းအဝေးများ တက်ရောက်ခြင်း၊ အစီရင်ခံစာများ ပေးပို့ခြင်း စသည့် လုပ်ငန်းဆောင်တာများကို နေ့စဉ် ရက်ဆက် လုပ်ကိုင်ရလေတော့သည်။ နံနက်မိုးလင်း ညမိုးချုပ် အထိ ဘယ်ကမှန်း မသိလောက်အောင် တစ်ယောက်ပြီး တစ်ယောက်၊ တစ်ဖွဲ့ပြီး တစ်ဖွဲ့ ရုံးသို့လာပြီး မေးမြန်းစုံစမ်း သမျှကို ဖြေရှင်းခြင်း၊ နေ့စဉ်နှင့်အမျှ လုပ်ငန်းခွင် ဆင်းကြမည့် အဖွဲ့သားများ၏ စာရင်းဇယားများ၊ လှေစီစဉ်ထားမှုများ၊ ပစ္စည်း ဝယ်ယူရန်များ၊ ငွေသွင်းငွေထုတ် စာရွက်များ လက်မှတ်ထိုးပေးခြင်း၊ အချက်အလက် စုဆောင်းခြင်း စသည်ဖြင့် ဘာမှန်းမသိအောင် လုံးခြာလိုက်ကာ လုပ်ကြရလေတော့သည်။ ထို့အပြင် နေ့စဉ်နှင့်အမျှ ရန်ကုန်ရုံးမှ မေးလာသမျှ

**ဘယ်တော့မှ မမေ့နိုင်သော သင်ခန်းစာ တစ်ခုကို ရရှိခဲ့ပါသည် ခင်ဗျာ။ ဘယ်နေရာမှာမဆို မိမိကသာလျှင် ကူညီပေးနိုင်တာ မဟုတ်ပါ။ ကိုယ့်ကို ခေါ်ပြောနေတာ ကိုယ့်ဆီက လိုအပ်လို့ ဟုတ်ချင်မှဟုတ်မှာပါ.. ကိုယ့်ကို သူက ကူညီချင်လို့လည်း ဖြစ်နိုင်ပါတယ်**

မေးခွန်းများ တောင်းသမျှ အချက်အလက်များကို အထက်လူကြီးဖြစ်သော ဆရာမနှင့်အတူ ဖြေရှင်းရသည်မှာ အခက်ဆုံး အလုပ်ဖြစ်လေသည်။ တခါတရံ ရုံးထဲကို ဝင်လာသော နိုင်ငံခြားသားကို ဘယ်ကလဲ၊ ဘာကိစ္စလဲ ဘယ်သူနဲ့တွေ့ချင်တာလဲ စသဖြင့် ဆီးမေးရာ ၎င်း၏ အိုင်ဒီကတ်ထုတ်ပြမှ ကိုယ့်အဖွဲ့က ဝန်ထမ်းမှန်း သိရသော အဖြစ်လည်း ရှိခဲ့လေသည်။

နေ့စဉ်နဲ့အမျှ လာလိုက်သော ဖုန်းဆိုတာလည်း မပြောနှင့်။ ဖုန်းဆက်ပြီး ဒါသိချင်လို့ ၊ ဟိုဟာပြောပြပါ၊ ဒီကိစ္စ ဘယ်လို လုပ်ထားတာလဲ၊ ဘယ်အချိန် လာတွေ့ပေးနိုင်မလဲ ဆိုတာ တွေကလည်း နေ့စဉ်လိုပင်။ ဒါတောင် ထိုအချိန်က ဖုန်းတွေ အလွန်ရှားပါးလို့ တော်သေးသည်။ CDMA ဖုန်းများ ကို ၁၆ သိန်းကျော်ဖြင့် ချပေး (ငှားရမ်း အသုံးပြုခွင့်ပေး) ကာစ ဖြစ်သည်။ ဒီနေရာတွင် တစ်ခု သတိရမိသည်မှာ ကျွန်တော့ ဆရာမ သည် အလွန် ဖုန်းပြောနိုင်သူဖြစ်သည်။ သူ့ကို ကြည့်လိုက်လျှင် တချိန်လုံး ဖုန်းတစ်လုံးနှင့် စကားပြော နေသည်။လုပ်စရာပေါင်းမြောက်များစွာကိုလည်း ဖုန်းတစ်လုံး နှင့် ပြီးစီးအောင် လုပ်နိုင်သည်။ ငွေပေးငွေယူ ကိစ္စ၊ အစည်းအဝေး ကိစ္စ၊ အစီရင်ခံစာ ကိစ္စ၊ ဝန်ထမ်းကိစ္စ စသည့် အလုပ်များစွာကို ဖုန်းတစ်လုံးနှင့် ထိုင်ရှင်းပေးသည်။ အစည်းအဝေးလုပ်နေရင်း ဖုန်းထပြောရာမှ အစည်းဝေး ဘယ်အချိန် ပြီးသွားမှန်းသူ မသိလိုက်သည်ကလည်း အမြဲလိုလိုပင် ဖြစ်သည်။

ထိုသို့ဖြင့် နေ့ရက်ပေါင်းများစွာကို ဝရုန်းသုန်းကား၊ အရေးတကြီးများစွာ၊ ပြဿနာများစွာ ၊ ရှုပ်ထွေးမှု များစွာဖြင့် ကျော်ဖြတ်လာခဲ့ ရသည်။ အတော်များများ ရက်တွေမှာ ရုံးဘေးက လက်ဖက်ရည်ဆိုင်တွင် မနက်စာစားရန် ထမင်းကြော်မှာထားပြီးအနောက်ကနေ တစ်ယောက်ယောက်က ရှာဆင်းမည့်သူများ အရေးကြီးနေသောကြောင့် လက်မှတ် ထိုးပေးရန် လာခေါ်ရာ ရုံးထဲရောက်သွားပြီးနောက် ၎င်းထမင်းကြော် မစားလိုက်ရသည့် အဖြစ်များလည်း အတော်များခဲ့သည်။ မှတ်မှတ်ရရ တစ်ရက်တွင် ကျွန်တော် အတော် စိတ်ရှုပ်ပြီး စိတ်ဖိစီးကာ အရာရာ မကျေမနပ် ဖြစ်နေသည်။ ဘာကိုမှ လုပ်ချင်စိတ် မရှိလောက်အောင်အထိ စိတ်ပျက်နေရသည်။ ထို့ကြောင့် မည်သူမှ မသိအောင် ရုံးကနေ ထွက်လာပြီး ဂျာနယ်သုံးလေးစောင်ဝယ်ကာ မြို့လည်ရှိ ဘုရားထဲတွင် သွားထိုင် နေလိုက်သည်။ စိတ်ချရသောရုံးက ညီလေးတစ်ယောက်ကိုသာ မှာခဲ့သည်။ “ဘုရားထဲမှာ ရှိမယ်၊ ငါ့ကို ဘယ်သူမေးမေး သေရေးရှင်ရေး ကိစ္စ ကလွဲလို့ မပြောပြနဲ့၊ မဖြစ်မနေ ကိစ္စ ရှိမှ နင်လာ ခေါ်” ဟု ဆိုကာ တစ်နေ့လုံး ဘုရားထဲတွင် သွားထိုင်နေခဲ့သည်။ (အခုမှပြောပြတာပါ။😅)

ထိုသို့နေ့ရက်ပေါင်းများစွာ ဖြတ်သန်းပြီးနောက် တစ်နေ့သော အခါ “အင်းရုံးမှာပဲ တစ်နေ့တစ်နေ့ ကုန်းရုန်းလုပ်နေရတာ စိတ်ပမ်းလူပမ်းနှင့် ဖိစီးမှုတွေ များလာပြီ၊ ကွင်းထဲက အခြေအနေလည်း သိရအောင် ပတ်ဝန်းကျင် အပြောင်းအလဲ ဖြစ်အောင် ရှာလိုက်ဆင်းဦးမှ...သွားဦးမှ’’ ဟုတွေးကာ ရိက္ခာဖြန့်သော အဖွဲ့နှင့် တစ်ညအိပ် ကွင်းဆင်းလိုက်သွားရန် စီစဉ်လိုက်သည်။ ဝန်ထမ်းများသည် နေ့စဉ်ရက်ဆက် အဖွဲ့လိုက် ကွင်းဆင်းနေကြပြီး အလှည့်ကျ သွားလိုက် ပြန်လိုက် လုပ်နေကြခြင်းဖြစ်သည်။ ဒီလိုနဲ့ မနက်စောစောထ၊ အဖွဲ့သားများနှင့်အတူ လှေဆိပ်သို့ဆင်းခဲ့ပြီး ဆန်အိတ်များ တင်ထားသော လှေကြီးတစ်စီးဖြင့် လိုက်ခဲ့တော့သည်။ လပွတ္တာ၏ ရေလမ်းခရီးသည် အလွန်ခက်ခဲ၏။ လပွတ္တာ ဆိပ်ကမ်းမှ ထွက်ကာ မြစ်ကြောင်းအတိုင်း ဆင်းပြီး ချောင်းကြို ချောင်းကြားများမှ တဆင့်ပတ်ကာ သွားလိုသော

ရွာသို့ရောက်အောင် စက်လှေမောင်းရသည်။ ရောက်စကတည်းက သုံးလေးခေါက် သွားခဲ့ဖူးသောကြောင့် တနေရာမှ တနေရာ တော်တော်နှင့် မရောက်နိုင်ဘဲ ရေ ကျ ရေတက်ကို စောင့်ကာ သွားရသည်ကို သိနေသည်။ ခရီးက အလွန်မဝေးသော်လည်း ရေကျသွားသောကြောင့် ရွာမှ ပြန်မထွက်နိုင်ပဲ လှေပေါ်တွင် ညအိပ်ပြီး မနက်ကျမှ ပြန်ထွက်ရသည်များ၊ တောင်လေရေကျနှင့် တိုးပြီး ပြန်မလော့ မြစ်ထဲတွင် လှိုင်းကြီးမိသဖြင့် ဒီတခါတော့ဖြင့် သွားပြီဟု ဆိုကာ ငိုယိုပြန်လာကြသူများမှာ ခဏခဏ ဖြစ်နေကြပင်။ လှိုင်းလုံးကြီးတွေကြည့်ကာ လှေပေါ်ရှိ တိုင်ကို ဖက်ပြီး 'အမေရေ'ဟု အော်ငိုသော အညာဖက်မှ ရောက်လာသည့် ဝန်ထမ်းလည်း ရှိခဲ့သည်။ ထိုသို့ပထမဆုံးအကြိမ် လှေဖြင့် ရွာလိုက်ဆင်းပြီးနောက် ကျွန်တော် လုံးဝမလုပ်နိုင်တော့ပါ ဟု ဆိုကာ အလုပ် ထွက်ပြီးပြန် သွားလေသည်။

ထိုသို့ဖြင့် စက်လှေအင်ဂျင်သံ တဒုန်ဒုန်းဖြင့် လာခဲ့ရာ ခရီးအတော် ရောက်ခဲ့လေသည်။ လေက တဖြူးဖြူး၊ စက်လှေအင်ဂျင်သံ တဒုန်ဒုန်းဖြင့် ခုတ်မောင်းလျှက်ရှိရာ ချောင်းအကွေ့ တနေရာရောက်သောအခါ ချောင်းစပ်တဖက်တွင် လူများ၊ တဲသေးသေးများကို တွေ့ရလေသည်။ ရွာတော့မဟုတ်ပါ။ သွားလာရခက်သော နေရာများမှ နီးစပ်ရာသို့ ပြောင်းရွှေ့ လာကြသူများ ဖြစ်ဟန်တူသည်။ အချို့ရွာ များသည် သွားလာရခက်သောကြောင့် အကူအညီပေးရေး အဖွဲ့များ မလာရောက်နိုင်ကြသဖြင့် ရွာမှ လူများကိုယ်တိုင် မြို့ပေါ်ရှိ အကူအညီပေးရေးအဖွဲ့ ရုံးများသို့ လာရောက် ချိတ်ဆက်ကာ အကူညီတောင်းကြသည်ကို ကြုံဖူးသည်။ ယခုတွေ့နေရသော သူများတွင် ကလေးများ၊ အမျိုးသမီးများ၊ လူကြီးများ ဟိုတစ်စု သည်တစ်စုဖြင့် ကျွန်တော်တို့ လှေကို ကြည့်နေကြသည်။ သိပ်မကြာ၊ ချောင်းစပ်မှ လူတချို့ ကျွန်တော်တို့လှေကို တခုခု လှမ်းပြောနေသည်။ လှေကိုလက်ပြပြီးခေါ်နေကြသည်။ ဘာပြောနေမှန်းတော့ မကြားရ။ လေတိုးသံ၊ စက်အင်ဂျင်သံများကြောင့် သူတို့အသံကိုမကြားနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က အဖွဲ့သား တစ်ယောက်ကိုမေးကြည့်သည်။ သူတို့ ဘာပြောနေတာလဲလို့။ "ကျွန်တော်တို့လှေက ရိက္ခာ ဖြန့်တဲ့လှေမှန်းသိလို့ သူတို့ ကို လာပေးဖို့ ပြောနေတာနေမယ်..ဆရာ" ဟု သူထင်တာကိုပြောသည်။ ကျွန်တော့ကို သူတို့က "ဆရာ" ဟုခေါ်ကြသည်။ ဤနေရာတွင် စကားစပ်၍ တစ်ခုပြောပြချင်သည်။ ကျွန်တော်တို့ရုံးမှ ဝန်ထမ်းအများစုသည် ရိုးသားသော ဧရာဝတီတိုင်းသား "ကရင်"လေးများ ဖြစ်ကြသည်။ ပြောလျှင်ပြောသည့်အတိုင်း၊ သူတို့ နားလည်သည့်အတိုင်း လုပ်ကြသည်။ တခါကဆို ပစ္စည်းသိုလှောင်သော ဂိုဒေါင်တွင် အဝင်အထွက် စာရင်းများမှတ်နိုင်ရန် လူငယ်လေး တစ်ယောက်ကို ခန့်ထားလိုက်သည်။ ယခုအလုပ်သည် သူ့အတွက် ပထမဆုံး အလုပ်ဖြစ်ပြီးလုပ်ငန်းခွင် အတွေ့အကြုံလည်းမရှိ၊ ငယ်လည်းငယ်သဖြင့် အတော်လေး စိုးရွံ့နေပုံရသည်။ တစ်ရက်တွင် ၎င်း၏ကြီးကြပ်သူက ရန်ကုန်မှလာသော ဝန်ထမ်းတစ်ယောက်နှင့်အတူ ရောက်လာပြီး ဂိုဒေါင်အတွင်းရှိ ပစ္စည်းသိုလှောင် ထားမှုကို လာကြည့်သည်။ ထိုအခါ သူက ၎င်း၏ကြီးကြပ်သူ ကို "အစ်ကို အဲဒါဘယ်သူလဲ" လို့မေးရာ "အဲဒါရန်ကုန်က ငါတို့ ဆရာ" ဟုပြောပြသည်။ တဖန် နောက်ရက် အနည်းငယ်တွင် ၎င်းဂိုဒေါင်တွင် ရှိခိုက် ရန်ကုန်မှ လူကြီးတစ်ယောက် ဂိုဒေါင်ကို လာပြီးကြည့်ပြန်သည်။ ထိုအခါတွင်လည်း သူက ၎င်း၏ကြီးကြပ်သူကို "အစ်ကို အဲဒါရော ဘယ်သူလဲ" လို့မေးရာ "အဲဒါလည်းရန်ကုန်က ငါတို့ ဆရာ" ဟု ပြောပြပြန်သည်။ ထိုအခါ သူခေါင်းရှုပ်သွားပြီး "ဒါဆို လူကြီးတွေ တယောက်ပြီးတယောက် လာနေရင် ဘယ်သူက ဆရာလဲ.. ကျွန်တော် ဘယ်လိုမှတ်ထားရမလဲ.. တော်ကြာ မသိလို့ တခုခုမှားသွားမှာ ကြောက်တယ်" ဟု ပြောလေသည်။ ထိုအခါ ၎င်း၏ကြီးကြပ်သူက ပြောလိုက်သည်။ "မင်းဘာမှမပူနဲ့ .. နောက်ဘယ်သူလာလာ … စာအုပ်ကြီးကိုင် လက်ညှိုးထိုးပြီး တောင်မေးမြောက်မေး မေးနေတာဆိုရင် `ဆရာ´ လို့သာခေါ်ပြီး သူမေးတာသာ ဖြေလိုက်၊ မှားလည်းကိစ္စမရှိဘူး" ဟူသတည်း။ ထိုအချိန်မှစ၍ ၎င်းဝန်ထမ်းကောင်လေးသည် လာသမျှလူကို `ဆရာ´ ဟုသာခေါ်လေတော့သည်။

...... ......

ဒီလိုနဲ့ လှေပေါ်ကနေ ကမ်းနားကို ကြည့်လိုက်သောအခါ ကျွန်တော်တို့လှေကို လက်ပြပြီး သူတို့ကမ်းဖက်ကို လာရန် ပြောနေကြလေသည်။ အတော်စိတ်မကောင်းစရာ မြင်ကွင်းပင် ဖြစ်လေသည်။ သို့နှင့် ကျွန်တော်က ရိက္ခာဖြန့် အဖွဲ့ခေါင်းဆောင်ကို မေးလိုက်သည်။ "ညီလေး … သူတို့ကို

ပေးလို့ရနိုင်လား၊ လေ့ပေါ် ဘယ်လောက်ပါလဲ” “ကျွန်တော်တို့ ပါလာတာက အခု သွားဝေမယ့် ရွာအတွက် ကွက်တိပဲဆရာ၊ အဲရွာကိုလည်း ချိန်းထားပြီးသားဆိုတော့ ရွာသားတွေ စောင့်နေကြတယ်။ အပိုဆိုလို့ လေးငါးအိတ်လောက် အပေါက် အပြဲတွေ ရှိရင် အစားထိုးဖို့လောက်ပဲ။ အပိုပါတာကိုပဲ ဆင်းပေးလိုက်ကြမလား” ဟု သူကပြန်မေးလာသည်။ ခက်ချေပြီ... ကျွန်တော်တို့ ချိန်းထားပြီးသား ရွာကို သွားပေးတဲ့အခါ ကြိုတင်ကောက်ထားသော လူဦးရေ စာရင်းအတိုင်း လောက်ငအောင် မပေးနိုင်လျှင် ပြဿနာ တက်နိုင်သည်။ ယခု မျက်စိရှေ့တွင် အကူအညီ တောင်းနေ သူများကိုလည်း ပေးချင်သည်။ လူဦးရေ လေးငါးဆယ် လောက်ကို ဆန်တစ်အိတ်နှစ်အိတ် မလောက်မင ပေးလို့ လည်းမဖြစ်။ သတ်မှတ် အချိုးအစားအတိုင်း မပေးနိုင် လျှင်တောင် အတိုင်းအတာ တစ်ခုထိပေးဖို့လိုသည်။ ကျွန်တော်တို့၏လုပ်ငန်းဆောင်ရွက်မှုတိုင်းတွင် အခြားသူများ ၏ ဂုဏ်သိက္ခာကို လေးစားပြီး ကျင့်ဝတ်နှင့်အညီလိုက်နာ ဆောင်ရွက်ရန် အထူးအလေးထားရမည်ဖြစ်သည်။ အဖွဲ့သား အားလုံးကလည်း ကျွန်တော့ ဆုံးဖြတ်ချက်ကို စောင့်နေကြ သည်။ ကျွန်တော် စဉ်းစားသည်။ ယခုနေရာသည် ရုံးမှ လာလျှင် ၂ နာရီခန့်သာကြာသော ခရီးဖြစ်သည်။ အပြန်တွင် စာရင်းဝင်ကောက်ပြီး နောက်တစ်ရက်တွင် လာပေးနိုင်အောင် စီစဉ်လို့ ရနိုင်သည်။ ယနေ့သွားရမည့် ရွာကိုသာ အပြည့်အဝ ပေးနိုင်ရန် လုပ်သင့်သည်ဟု ဆုံးဖြတ်လိုက်သည်။ အရေး တကြီးလှမ်းခေါ်နေသော လူများကိုကြည့်ရင်း စိတ်မကောင်း ဖြစ်ပေမယ့် မတတ်နိုင်။ ကိုယ် မတတ်နိုင်သော အခြေအနေ ဖြစ်နေသဖြင့် အကောင်းဆုံးဖြစ်ရန်သာ ကြိုးစားရတော့မည်။ အဖွဲ့ ခေါင်းဆောင်အား ကျန်သူများကို ရှင်းပြလိုက်ပြီး အထဲဝင် ကြရန် ပြောလိုက်သည်။ “ကဲ ငါ့ညီတို့ အပြန်မှ ဝင်မယ်လို့ လက်ပြလိုက်ပြီး အထဲဝင်ကြပါကွာ” ကျွန်တော်ကိုယ်တိုင်လည်း အထဲဝင်လိုက်ပြီး ထိုင်နေမိသည်။ အားလုံးလည်းမျက်နှာ မကောင်းကြ၊ စကားမပြောနိုင်ကြချေ။

...... ..... .... ... .....

ထိုစဉ် “ဝုန်း..ဒိုင်း... ဖျော...ဘရော.. ဖွတ်..ဖွတ် ..ဖွတ် ....” ဆိုသော အသံနှင့်အတူ ရေထဲသွားနေသော စက်လှေကြီးက ရုတ်တရက် ထိုးရပ်သွားပြီး လူတွေ၊ပစ္စည်းတွေ ပြုတ်ကျကုန် သည်။ ဘာဖြစ်တာလဲ..ဘာဖြစ်တာလဲ ... ဟုအော်မေးသံ အကြား စက်လှေဆရာက “သောင်တင်သွားပြီ” ဟုပြောလေ သည်။ အပြင်ထွက်ပြီး ကြည့်လိုက်သောအခါ လှေဦးမှာ မြောက်နေပြီး ရေတိမ်နေတာကို တွေ့လိုက်ရလေသည်။ ခုနတုန်းက ဆူညံနေသော စက်သံလည်း ရပ်သွားသည်။ စက်လှေရပ်နေသောကြောင့် လေတိုးသံလည်း မကြားရ တော့။

ရေစီးသံ သဲ့သဲ့သာ ကြားရသော အချိန်တွင်မှ ကမ်းနားဖက်မှ အော်ပြောသံကို အသေအချာ ကြားကြရတော့သည်။ သူတို့အော်ပြောနေတာကတော့... ..

“အဲဒီဖက်ကသောင်ရှိတယ်။ ဒီဖက်ကမ်းနားက ကပ်မောင်းလို့ ပြောနေတာ ခင်ဗျားတို့က အပြင်ထွက်မကြည့်ဘူး”

ဟူသတည်း။

............. ...................

ဘယ်တော့မှ မမေ့နိုင်သော သင်ခန်းစာ တစ်ခုကို ရရှိခဲ့ပါသည် ခင်ဗျာ။ ဘယ်နေရာမှာမဆို မိမိကသာလျှင် ကူညီပေးနိုင်တာ မဟုတ်ပါ။ ကိုယ့်ကို ခေါ်ပြောနေတာ ကိုယ့်ဆီက လိုအပ်လို့ ဟုတ်ချင်မှဟုတ်မှာပါ.. ကိုယ့်ကို သူက ကူညီချင်လို့လည်း ဖြစ်နိုင်ပါတယ်...။ ။

............. ...................

*(၂၀၀၈ ခုနှစ်၊ လပွတ္တာမြို့နယ် နာဂစ်ဆိုင်ကလုန်း အရေးပေါ်တုန့်ပြန် ဆောင်ရွက်ရေးလုပ်ငန်းကို အတူလက်တွဲ ဆောင်ရွက်ခဲ့ကြသော လုပ်ဖော်ဆောင်ဖက် ညီအစ်ကို မောင်နှမများအား အမှတ်ရ ကျေးဇူးတင်ရှိပါသည်။)*

■ ဦးလေးကြီး




# ငွေ ငွေ ငွေ


○ ခက်ဆစ်လင်း (ပြည်)

ကျွန်တော့်အတွက် အမြဲတစေလို အပ်နေတတ်သည့် အရာပေါင်းများစွာ ရှိပါသည်။ ထိုအမြဲတစေ လိုအပ်နေ တတ်သော အရာပေါင်းများစွာအတွင်းတွင် တစ်ချိန်က ထိပ်ဆုံးမှ ပါဝင်နေတတ်သောအရာမှာ ငွေပင်ဖြစ်ပါ၏။ တစ်နည်းအားဖြင့် ကျွန်တော့်၏အတွေးစိတ်ကူး ဝဲဂယက်အတွင်းဝယ် ငွေ ငွေ ငွေ ဟူသည့်အသံများသည် တစ်ချိန်က ကျယ်လောင်စွာ မြည်ဟီးနေခဲ့ခြင်းလည်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် ငွေကိုအစဉ်သဖြင့် ရှာဖွေနေမိခြင်းလည်း ဖြစ်ပါသည်။ ငွေသည်ပျော်ရွှင်ခြင်းကိုပေးစွမ်းသည်ဟု ကျွန်တော် လက်ခံထားမိ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်၏ စား၊ဝတ်၊ နေရေး အပူများအား ငွေဖြင့် နေ့စဉ်ငြိမ်းသတ်နေရခြင်းကြောင့်သာဖြစ်ပါသည်။ ကျန်းမာရေးမကောင်းလျှင်လည်း ထိုငွေဖြင့်သာ ဖြေရှင်းရပြန်၏။ ကျွန်တော်၏ အတွေးစိတ်ကူးတွင် ငွေမရှိလျှင် သေတတ်သည်ဟုပင် ထင်မှတ်မှားရလောက်အောင် ခေတ်စနစ်၏ ငွေအပေါ်ထားရှိသော သဘောထားကလည်း ကြီးကျယ်ခမ်းနားနေခြင်းလည်း ဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် ငွေကို အငမ်းမရ တပ်မက်နေမိခြင်းကိုလည်း အများကအပြစ်ဆိုချင်ကြ လိမ့်မည်လည်း မဟုတ်ပါပေ။ ဆိုလျှင် ဆိုနိုင်ပါသည်။ မတတ်နိုင်ပါပေ။ စင်စစ်တွင်တော့ လူအချင်းချင်း ရိုသေလေးစားမှုကို ရရှိခံစားနိုင်ရန်အတွက် ငွေဖြင့်ဖန်တီး၍ ရနေပေသည်။ အောင်မြင်ကျော်ကြား မှုများကိုလည်း ငွေဖြင့်ဝယ်ယူ၍ ရနေပြန်ပါ၏။ စစ်မှန်သော ရိုသေလေးစားခံရမှု၊ စစ်မှန်သည့်အောင်မြင်ကျော်ကြားမှု ဟုတ်သည်၊မဟုတ်သည် အသာထား ငွေဖြင့်ဖန်တီး၍ ရနေကြောင်းမှာတော့ ထင်ရှား၍နေပြီး၊ မည်သူမှ ငြင်းချက်ထုတ်၍ ရနိုင်မည်လည်း မဟုတ်ပါပေ။ ငွေသည် စွမ်းအားကြီးမားလွန်းလှပါပေ၏။ ထိုကြောင့် ကျွန်တော့်အနေဖြင့် ငွေကိုအငမ်းမရ တပ်မက်နေမိခြင်းလည်း ဖြစ်ပါလိမ့်မည်။ မည်သို့ပင်ဆိုစေ တစ်ဖက်မှ တွေးကြည့်မိပြန်တော့လည်း ငွေဆိုသည်မှာလူသားတို့တီထွင်ဖန်တီးအသုံးပြုနေကြသော အရာလည်းဖြစ်နေပြန်ပါသည်။ ကမ္ဘာဦးမှအစပြု၍ ယနေ့အချိန်ထိ လူသားတို့သည် ငွေကိုအမျိုးမျိုး တီထွင်ဖန်တီး၍ အသုံးပြု လာခဲ့ကြခြင်းသာဖြစ်ပေ၏။ သို့သော် ခေတ်အဆက်ဆက် ပုံသဏ္ဌာန်အမျိုးမျိုး၊ အဆင့်ဆင့် ပြောင်းလဲလာသော ငွေဆိုသည်မှာ၊ လူသားတို့အတွက် တစ်စုံတစ်ခုနှင့် တစ်စုံတစ်ခုကို လဲလှယ်ရန်အတွက် ကြားခံနယ်ပစ္စည်းတစ်ခုအဖြစ် အသုံးပြုရန်သာ လူသားတို့က တီထွင်ဖန်တီးခဲ့ကြခြင်းသာဖြစ်ပေ၏။

ဓာတုဗေဒစကားဖြင့် ဆိုရလျှင် ငွေဆိုသည်မှာ ဓာတ်ကူပစ္စည်းတစ်ခုသာဖြစ်သည် ဟူ၍လည်း ကျွန်တော် မှတ်သားခဲ့ဖူးပါသည်။ဓာတ်ကူပစ္စည်းဆိုသည်မှာမိမိကိုယ်တိုင် ပါဝင်ပြောင်းလဲခြင်း မရှိသော်လည်း ဓာတ်ပြုခြင်းကို လျင်မြန်စွာ ဖြစ်ပေါ်စေအောင် အားပေးကူညီသော ပစ္စည်းသာ

ဖြစ်ပေ၏။ ငွေဆိုသည်မှာ ထိုကဲ့သို့ အစွမ်းသတ္တိ ရှိနေခြင်း ကြောင့်၊ စင်စစ် ခတ်ကူပစ္စည်း တစ်ခုလည်း ဖြစ်နေပြန်ပါ၏။ ဆရာသော်တာဆွေကတော့ "ပိုက်ဆံ(ငွေ)ဆိုတာ သတ္တုပြားတွေ၊ စက္ကူ စုတ်တွေပဲ" ဟူ၍ စာထဲတွင် ရေးခဲ့ဖူးပါသည်။ ဟုတ်မှန်သည် ဟူ၍လည်း ကျွန်တော်တွေးမိပြန်ပါသည်။ တန်းဖိုးသတ်မှတ်ချက်များအား ခဝါချ၍ အရှိကို အရှိအတိုင်းသာ ပကတိရှုမြင်ကြည့်လျှင် ငွေဆိုသည်မှာ ငွေသာ ဖြစ်ပါသည်။ ဆရာသော်တာဆွေ၏ အဆိုအတိုင်း ငွေဆိုသည်မှာ သတ္တုပြားများ၊ စက္ကူစုတ်များသာ ဖြစ်ပါ၏။ သို့သော် ထိုသတ္တုပြားများ၊ စက္ကူစုတ်များအား ငွေဟု သတ်မှတ်လိုက်ပြီးသည့် နောက်တွင်တော့ ငွေ၏တန်ဖိုးမှာလည်း ပေါ်ထွက်လာခဲ့ရပေတော့သည်။ အထက်တွင် ဆိုခဲ့သလိုပင် ငွေသည်




တစ်စုံတစ်ခုနှင့် တစ်စုံတစ်ခုလဲလှယ်ရန် အတွက် ကြားခံနယ် ပစ္စည်းတစ်ခုအဖြစ် အသုံးဝင်နေပါသည်။ ဤသည်ကပင် ငွေ၏မူလအဓိပ္ပါယ်ဖြစ်သည်ဟု ကျွန်တော်တွေးတောမိပါ၏။

တစ်နည်းအားဖြင့် ငွေ၏ တန်ဖိုးသာဖြစ်ပါ၏။ ထိုတန်ဖိုးသည်ပင်လျှင် လူ့ယဉ်ကျေးမှု အဆင့်ဆင့် တိုးတက်ပြောင်းလဲလာမှု အပေါ်တွင်အခြေတည်၍ ကျွန်တော် အပါအဝင် လူသားတို့၏ဘဝတွင် ငွေ၏နေရာယူမှုက တဖြည်းဖြည်း ကြီးထွားလာခဲ့ခြင်းလည်း ဖြစ်ပေသည်။ ထို့ကြောင့် ငွေသည်လူလောကတွင် အရာရာကို ကြီးစိုးခြယ်လှယ်နေသည့် အရာလည်းဖြစ်လာပေသည်။ ငွေရှိလျှင် မျက်နှာပွင့်သည်။ ငွေရှိလျှင် ကိစ္စအတော်များများအား ဖြေရှင်းဆောင်ရွက်နိုင်ပေသည်။ထို့ကြောင့်လည်း လူသားတို့သည် ငွေကိုသည်းခြေကြိုက် ဖြစ်လာကြပြီး၊ ဒုတိယဘုရားသခင်ဟုပင် သတ်မှတ်ကိုးကွယ်နေကြသူများ များပြားလာခဲ့ရတော့သည်။ ထိုအထဲတွင် ကျွန်တော်လည်း ပါကောင်းပါနေခဲ့ဖူးပါပေ၏။ အမှန်တော့ ငွေသည်လူသားတို့အား ပျော်ရွှင်ခြင်းများ ဖန်ဆင်းပေးနိုင်သကဲ့သို့ ကြေကွဲခြင်း များကိုလည်း ဖော်ဆောင်ပေးနေတတ်ကြောင်း ထိတ်လန့် တုန်လှုပ်စွာဖြင့် ကျွန်တော်သတိပြု မိခဲ့ပြန်ပါသည်။ ငွေရှိလျှင် လူ့ဘဝသည် နေပျော်ကျေနပ်စရာ ကောင်းလှ၏ဟု ကျွန်တော် တွေးခဲ့ဖူးပါသည်။ ဤသို့ဆိုလျှင် ငွေမရှိလျှင်တော့ လူ့ဘဝသည်နေပျော် ကျေနပ်စရာ မကောင်းတော့ဘူးလား ဟူ၍လည်း ကျွန်တော်တွေးကြည့်မိပြန်ပါသည်။ ထိုအခါတွင် ကျွန်တော်ထိတ်လန့်တုန်လှုပ်ခဲ့ရပါပေ၏။ အဘယ်ကြောင့် ဆိုသော် အမှန်တကယ်ပင်ငွေမရှိလျှင် လူ့ဘဝသည် နေပျော်ကျေနပ်စရာ မကောင်းတော့ဘူးဟူ၍ တွေးမိလိုက်ပြီ ဆိုလျှင် ဤအရာသည်ပင် ငွေကြောင့်ကျွန်တော့်အနေဖြင့် စိတ်ဆင်းရဲရခြင်း၊ ကြေကွဲဝမ်းနည်းရခြင်းသာ ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ငွေကဖန်တီးပေးသော ကျွန်တော့်အတွက် စိတ်ဆင်းရဲမှုတစ်မျိုးသာ ဖြစ်ပေ၏။ ထိုအရာကို ငွေမရှိ၍ တောင့်တပူပင်ရသော စိတ်ဆင်းရဲမှု ဖြစ်သည့်အတွက် တောင့်တရခြင်း ဆင်းရဲဟုသာ ကျွန်တော်သတ်မှတ်ချင်ပါသည်။ ငွေရှိလျှင်လည်း ၎င်းရှိခြင်းများ ပျက်စီးဆုံးရှုံး သွားရမည်ကို ပူပင်ကြောင့်ကြဖြစ်ရခြင်းဖြင့် ကျွန်တော် စိတ်ဆင်းရဲရပြန်ပါသည်။ ထိုအရာကို ရှိ၍ပူပင်ကြောင့်ကြရသော စိတ်ဆင်းရဲခြင်း ဖြစ်သည့်အတွက် ကြောင့်ကြရခြင်းဆင်းရဲဟူ၍လည်း ကျွန်တော်သတ်မှတ်ချင်ပေသည်။ ငွေကြောင့်ဖြစ်ပေါ်လာသော ချစ်ခင်ရင်းနှီးမှုများသည် ထိုငွေကြောင့်ပင် မုန်းတီးစိမ်းကား သွားတတ်ပါပေသည်။ ငွေကြောင့် ရရှိထားသော ကြင်နာမှုများသည်လည်း၊ ထိုငွေကြောင့်ပင် နာကျင်မှုများအား တစ်ဖန်ပြန်လည်၍ ပေးစွမ်းနေတတ်ပြန်ပါသည်။ သွေးသားရင်းချာများဖြစ်သော မိသားစုဘဝများပင်လျှင်၊ ထိုငွေကြောင့်ပင် စိတ်ဝမ်းကွဲတတ်ကြပေသည်။

ကုသိုလ်ကောင်းမှုပြု လုပ်ရာတွင် ငွေသည် အဓိက မကျ သော်လည်း ၊ ငွေကြောင့် အကုသိုလ်အမှုများကိုတော့

များစွာ လွယ်လွယ်ကူကူ ကျူးလွန်မိနေပြန်ပါသည်။ ဤသည်ကို ကြည့်ရုံဖြင့် ငွေသည်လူသားတို့အတွက် အကောင်းတကာ့အကောင်းဆုံးများကိုသာ ထွင်း၍ ဖန်ဆင်းပေး နေနိုင်ခြင်းမဟုတ်ဘဲ၊ အကောင်းအဆိုး ဒွန်တွဲနေပြီး အရာရာကိုဖန်ဆင်း၍ မပေးနိုင်ကြောင်းကိုလည်း ကျွန်တော်တွေးတောဆင်ခြင်မိလာခြင်းသာဖြစ်ပါသည်။ ထိုတွေးတောဆင်ခြင်မိခြင်း နှင့်အတူ ကျွန်တော်ထိန်လန့် တုန်လှုပ်ခဲ့မိခြင်းသာဖြစ်ပါသည်။ စင်စစ် ထိုတွေးတောဆင်ခြင်မိခြင်းသာ ကျွန်တော့်တွင် ဖြစ်တည်မလာခဲ့ဘူးဆိုလျှင် ကျွန်တော့်အနေဖြင့် ငွေရှာခြင်းဖြင့်သာ အချိန်ကုန်နေမည်ဖြစ်ပြီး၊ ဘဝ၏တန်ဖိုးရှိသော အချိန်များသည်လည်း အဓိပ္ပါယ်မဲ့စွာဖြင့် နေဝင်မိုးချုပ်ခါ အမှောင်ကျ သွားရပေတော့မည်ဖြစ်ပါသည်။ စင်စစ် ငွေသည် ကျွန်တော် အပါအဝင် လူသားတိုင်းအတွက် မရှိမဖြစ်လိုအပ်သော အရာသာဖြစ်ပေ၏။ ထို့အတူ ငွေဖြင့် အရာရာကို ဝယ်ယူ၍ မရနိုင်ကြောင်းကိုလည်း ကျွန်တော်တို့အားလုံး လက်ခံနားလည်ထားနိုင်ဖို့လိုပါသည်။ သို့မှသာ ကျွန်တော်တို့လူသားများအနေဖြင့်၊ မိမိတို့သည် ငွေကို အသုံးပြု ခိုင်းစေနိုင်သော ငွေ၏အရှင်သခင် ဖြစ်လာမည်ဟုသာ ကျွန်တော်တွေးမိပေသည်။

သို့မဟုတ်ဘဲ၊ ကျွန်တော်တို့လူသားများအနေဖြင့် ငွေကိုအငမ်းမရ ဖက်တွယ်နေမိမည်ဆိုလျှင်တော့၊ ကျွန်တော်တို့သည် လူသားများဖြစ်ပါလျက် ငွေ၏ရှေ့မှောက်တွင် ဒူးထောက်အရှုံးပေးနေရသော၊ငွေ၏ကျေးကျွန်ဘဝသို့ရောက်ရှိ သွားရပေလိမ့်မည် ဖြစ်ပါသည်။ ဤအရာသည် ကျွန်တော့်၏ အတွေးဖြစ်သလို၊ အမှန်တရားဖြစ်ရန်လည်း ရာခိုင်နှုန်းများနေပြန်ပါသည်။ ငွေကိုဖန်တီးအသုံးပြုသော လူသားများဖြစ်ပါလျက် ငွေ၏ကျေးကျွန်ဘဝသို့ အကျည်းတန်စွာရောက်ရှိသွားပြီ ဆိုလျှင်တော့၊ ဘဝ၏ရှင်သန်ခြင်း များသည်လည်း လူဖြစ်ရှုံးသွားပြီဟုသာ ကျွန်တော်သတ်မှတ်မိပါသည်။ စင်စစ် ငွေ၏အရှင်သခင် ဖြစ်ရန်အတွက် ကျွန်တော်တို့တွင် ငွေများများ ရှိနေရန်လည်း မလိုအပ်ဘဲ၊ ငွေအပေါ်တွင် ထားရှိသော ကျွန်တော်တို့၏ စိတ်ခံစားချက်များကသာ အဓိကကျနေခြင်းလည်း ဖြစ်နေပြန်ပါသည်။ ကျွန်တော်တို့ အနေဖြင့် ငွေအပေါ်တွင် အလွန်အကျူး ခံစားသက်ဝင် ကိုးကွယ်မိနေပြီဆိုလျှင်တော့၊ ကျွန်တော်တို့သည် ငွေ၏ကျေးကျွန် ဘဝသို့ ဧကန်မုချ ရောက်ရှိသွားရပေလိမ့်မည်လည်းဖြစ်ပါသည်။

**ငွေ၏ကျေးကျွန်ဘဝသို့**
**အကျည်းတန်စွာ ရောက်ရှိသွားပြီ**
**ဆိုလျှင်တော့၊ ဘဝ၏ရှင်သန်ခြင်း**
**များသည် လည်း**
**လူဖြစ်ရှုံးသွားပြီဟုသာ**

အမှန်တော့ ကျွန်တော်တို့ လူသားများ အနေဖြင့် ငွေကိုငွေအဖြစ်သာ ရှုမြင်နိုင်၍၊ ငွေ၏တန်ဖိုးကို ကောင်းစွာသဘောပေါက် နားလည်ခြင်းဖြင့်၊ မိမိတို့၏ အကန့်အသတ်ဖြင့် ရရှိထားသောဘဝ၏ ရှင်သန်ခြင်းများကိုလည်း အလေးအနက် တန်ဖိုးထားနိုင်ကြဖို့လည်း အထူးလိုအပ်လှပါပေသည်။ ကျွန်တော်တို့သည် အရာရာကို အကောင်းဆုံးချည်းဟူသာ ဖန်ဆင်း၍ မပေးနိုင်သောငွေကို တန်ခိုးရှင်အဖြစ်မရှုမြင်ကြဘဲ၊ ကျွန်တော်တို့၏အသုံးချခံ ကျေးကျွန်များ အဖြစ်သာ ရှုမြင်နိုင်မှသာ၊ လူသားဟူသော စစ်မှန်သည့် တန်ဖိုးအဓိပ္ပါယ်များလည်း ထွက်ပေါ်လာမည်ဖြစ်ပြီး၊ ကျွန်တော်တို့လူသားအချ င်းချ င်း လူက လူကို လူလိုမြင်နိုင်ခြင်းဖြင့်၊ ဘဝ၏ငြိမ်းချ မ်းခြင်းမျ ◌ာ◌းကိုလည်း အမှန်တကယ်ရရှိလာနိုင်ပေလိမ့်မည်ဖြစ်ပါသည်။ ဤသို့ဖြင့် ကျွန်တော်တို့၏ ကမ္ဘာလောကကြီး အတွင်းတွင်လည်း ငြိမ်းချမ်းခြင်း ပန်းခင်းလေးများ နယ်မြေအနှံ့ ဖူးပွင့်ဝေဆာလာနိုင်ပေလိမ့်မည် ဖြစ်ပါသည်။ အထက်ပါအကြောင်းအရာများသည် ငွေနှင့်ပတ်သတ်၍ ကျွန်တော်တို့လူသားများ၏ လောကီအကျိုး အတွက်ကိုသာ ကျွန်တော့်အနေဖြင့် ထိတ်လန့်တုန်လှုပ်စွာဖြင့် တွေးတောစဉ်စား ဆင်ခြင်နေမိခြင်းသာဖြစ်ပြီး၊ လောကုတ္တရာအရေးတွင်တော့ ငွေဟူသော သတ္တုပြားများ၊ စက္ကူစုတ်များမှာ မည်သို့မျှ အကျိုးမပြုနိုင်သော၊ စင်စစ် ဗလာနတ္ထိ တန်ဖိုးမဲ့လွန်းသော အရာများသာ ဖြစ်နေပါပေ၏။ ထိုအတွေးအသိများအား ဆင်ခြင်မိသည့်နောက်တွင်တော့ တစ်ချိန်က ကျွန်တော့်၏ အတွေးစိတ်ကူးဝဲဂယက်အတွင်းဝယ် အစဉ်သဖြင့် ငွေ ငွေ ငွေ ဟူ၍ ကျယ်လောင်စွာ မြည်ဟီးနေတတ်သော၊ ငွေ ငွေ ငွေ ဟူသည့် အသံများသည်လည်း တစ်စတစ်စဖြင့် တိတ်ဆိတ်ငြိမ်သက်လာခဲ့ရပြီလည်း ဖြစ်ပါပေတော့သည်။ ။

■ ခက်ဆစ်လင်း (ပြည်)

# ကြိုးဆွဲရာ က နေရတဲ့ ပေါ်လစီ

■ အိမ်ဝေး (စကားဝါမြေ)




ပေါ်လစီဆိုတဲ့ အသုံးအနှုန်းဟာ အဖွဲ့အစည်းတိုင်းမှာ နေရာယူနေတဲ့ နတ်မင်း ကြီးတစ်ပါးလိုပါပဲ။ ပေါ်လစီကို လူတိုင်းကြောက်ကြတယ်၊ ပေါ်လစီနဲ့ ကိုင်ပေါက်ရင် လူတိုင်းလန့်ကြတယ်လို့ ထင်မြင် ယူဆစရာ ရှိပါတယ်။ ဒါကို ကျွန်တော် လက်မခံပါဘူး။ ဘာကြောင့်လဲဆိုတော့ ဘုရားနဲ့နီးလေလေ တရားနဲ့ဝေးလေလေဆိုသလို နောကြေအောင်သိတဲ့ လူတစ်ချို့တွေကပဲ ပေါ်လစီကို အလွဲသုံးစား ပြုလုပ်ကြလို့ပါပဲ။

တကယ်တော့ ပေါ်လစီရဲ့အနှစ်သာရက တကယ့်ကို ကောင်းမွန်ထိရောက်တဲ့ ညွှန်းဆိုချက်တွေပါ။ တကယ့်ပေါ်လစီက ဘာသာမခွဲဘူး၊ လူမျိုးမခွဲဘူး၊ ကျားမ မခွဲဘူး၊ ရာထူးအဆင့် အတန်းမခွဲဘူး၊မျက်နှာစိမ်း မျက်နှာကျက် မခွဲဘဲ တသမတ်ထဲ ပြဋ္ဌာန်းထားသော ချိန်ခွင်လျှာညီမျှတဲ့ တရားမျှတမှုကို ညွှန်းဆိုထားသော ပေါ်လစီတစ်ရပ်ပဲဖြစ်ပါ တယ်။

တကယ့်အခြေအနေမှာကျွန်တော်တို့ မျှော်မှန်းတဲ့ ပေါ်လစီက ရုပ်သေးရုပ် ဖြစ်မှန်းမသိ ဖြစ်နေတာကို ဝမ်းနည်းစွာနဲ့ ကြုံတွေ့ခဲ့ရတယ်။ ဒီလိုကြိုးဆွဲရာ က နေရတဲ့ ပေါ်လစီဟာ ကြိုးဆွဲသူတွေရဲ့ လက်ချက်ကြောင့် ဆေးပျယ်သွားတဲ့ အဆောင်တစ်ခုကို အလေးခံပြီး သယ်နေရသလို ခံစားနေရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် တစ်ချို့လူတွေပြောကြတယ် “မူကောင်းပေမယ့် လူမကောင်းဘူး” လို့။ ပေါ်လစီ ဘယ်လောက်ကောင်းကောင်း ဒီပေါ်လစီကို ထိန်းချုပ်နေတဲ့ လူအချို့ မကောင်းသရွေ့အမှန်တရားနဲ့ ဝေးကွာ နေဦးမှာဘဲ။ (ဒီနေရာမှာပြောချင်တာက လူအားလုံးကို မဆိုလိုပါ)

**တစ်ချို့ အဖွဲ့အစည်းတွေမှာ အဖြူတွေအတွက် ပေါ်လစီကတစ်မျိုး၊ ရာထူးကြီးသူနဲ့ ရာထူးငယ်သူတွေ ကြားမှာကတစ်မျိုး၊ ကိုယ်နဲ့ တစ်ဝိုင်းတည်းသောက်တဲ့ သောက်ဖော်သောက်ဖက်တွေ အတွက်က တစ်မျိုး ဒီလို မျက်နှာကြီးရာ ဟင်းဖတ်ပါတတ်တဲ့ လူအချို့ကြောင့် ပေါ်လစီဟာ စာအုပ်အဖြစ် ပုံနှိပ်ခြင်းကိုပဲ သီးသန့်ခံနေရ တယ်လို့ ထင်မြင်မိတယ်။**

ပေါ်လစီဆိုတာ မီးစင်ကြည့် ကရမယ့် ရုပ်သေးရုပ်မှ မဟုတ်တာ။ ရှင်ဘုရင် ဖြစ်ဖြစ် သူတောင်းစားဖြစ်ဖြစ် ပေါ်လစီအရ ဆုံးဖြတ်မှုကို တညီတည်း ခံယူရမှာ ဖြစ်တယ်။ အခုတော့ တစ်ချို့ အဖွဲ့အစည်းတွေမှာ အဖြူတွေအတွက် ပေါ်လစီကတစ်မျိုး၊ ရာထူးကြီးသူနဲ့ ရာထူးငယ်သူတွေ ကြားမှာက တစ်မျိုး၊ ကိုယ်နဲ့ တစ်ဝိုင်းတည်းသောက်တဲ့ သောက်ဖော်သောက်ဖက်တွေ အတွက်က တစ်မျိုး ဒီလို မျက်နှာကြီးရာ ဟင်းဖတ်ပါတတ်တဲ့ လူအချို့ကြောင့် ပေါ်လစီဟာ စာအုပ်အဖြစ် ပုံနှိပ်ခြင်းကိုပဲ သီးသန့်ခံနေရ တယ်လို့ ထင်မြင်မိတယ်။

ကျွန်တော်ဒီလို ရေးမိလို့ ပေါ်လစီကို လူတိုင်း မလိုက်နာဘူးလို့ မထင်စေလိုပါ။ ပေါ်လစီကို တကယ်လိုက်နာ ကျင့်သုံးတဲ့ လူတွေရှိပါတယ်။ ပေါ်လစီကို အသက်သွင်း နေသောလူပေါ်လစီကို အသက်သွင်းဖို့ ကြိုးစားနေသော လူတွေလည်း ကျွန်တော်တို့ အသိုက်အဝန်းထဲမှာ ရှိပါတယ်။ ဒါပေမယ့် ရှိတော့ရှိတယ် ရှားတယ်လို့ပြောချင်တယ်။ ပေါ်လစီချိုးဖောက်တယ်ဆိုရာတွင် ငွေကြေး အလွဲသုံးစားမှု ပြုခြင်း၊ အဖွဲ့အစည်းဂုဏ် သိက္ခာကျအောင်ပြုခြင်း၊ ကလေး အခွင့်အရေးတွေကို ချိုးဖောက်ခြင်း စသည့်စသည့် လုပ်ရပ် များကို လုပ်မှသာ ပေါ်လစီချိုးဖောက်တယ်လို ခေါ်ဆိုနိုင်တာ မဟုတ်ပါဘူး။ တန်းတူ ညီမျှမှုမရှိပဲ မျက်နှာလိုက် ဆုံးဖြတ် တတ်သောလုပ်ရပ်များ၊ ဝန်ထမ်းအခွင့်အရေး ပိတ်ပင်ထား သော လုပ်ရပ်များ၊ ခွဲခြားဆက်ဆံမှုများ ပြုလုပ်ခြင်းဟာ လည်း ပေါ်လစီကို ချိုးဖောက်ခြင်း (သို့မဟုတ်) ပေါ်လစီကို အလွဲသုံးစားပြုခြင်းဟု ထင်မြင်မိပါတယ်။

မည်သို့ပင်ဆိုစေကာမူ ကျွန်တော်တို့တစ်တွေ ပေါ်လစီကို လိုက်နာကျင့်သုံးသော ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်ရှင်သန်နိုင်အောင် ကြိုးစားရပါလိမ့်မယ်။ ကျွန်တော် တို့ တစ်ဦးချင်း တစ်ယောက်ချင်းက လိုက်နာဆောင်ရွက်မှ သာလျှင်လှပသော လူမှုဝန်းကျင်တစ်ခုဖန်တီး တည်ဆောက် နိုင်မှာဖြစ်ပါတယ်။ ဘယ်သူသေသေ ငတေမာရင်ပြီးရော ဆိုတာထက် သူများမိုးခါးရေသောက်လို့ လိုက်သောက်ရမယ့် အဖြစ်မျိုး မဖြစ်စေလိုပါ။


အမှန်တရားအတွက် ရပ်တည်ရာတွင် ခါးသီးသော အငွေ့အသက်တွေ ခါးသီးသော တုံ့ပြန်မှုတွေခံရမယ်ဆိုတာ အဆန်းတကျယ် မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ အမှန်တရားအတွက် ပြောရဲဖို့လိုမယ်၊ လုပ်ရဲဖို့လိုမယ် နောက်ပြီး လိပ်ပြာလုံဖို့လည်း လိုပါလိမ့်မယ်။ လူတိုင်းလူတိုင်း ဟာ အမှန်တရားကို မြတ်နိုးတယ်လို့ ယူဆရပေမယ့် တကယ့် အမှန်တရားကို ပြောတဲ့လူဆိုရင် လူ့ဂလန့် လူ့ဂွစာကြီးဆိုပြီး ဝိုင်းပြီးပြစ်တင် ပြောဆိုတတ်ကြတာလည်း ကျွန်တော်တို့ အသိုက်အဝန်းပါပဲ။ ဒါပေမယ့် အမှန်တရားအတွက် ဒါတွေကို ဘေးဖယ်ထားလိုက်ပါ။

နောက်ဆုံးအနေနဲ့ ကျွန်တော် ပြောလိုတာက လူတိုင်းမှာ ဘဝရပ်တည်မှုခြင်း မတူနိုင်သလို တွေ့ကြုံခံစားမှု ခြင်းလည်းမတူညီနိုင်ပါ။ဒါကြောင့်ကျွန်တော့်အမြင်ကျွန်တော့် အတွေ့အကြုံအရ ကျွန်တော်ခံစား ခဲ့ရသည့် အတိုင်း ရေးသားတင်ပြရာတွင် စာဖတ်သူတွေနှင့် သဘောထား တူချင်မှ တူပါလိမ့်မည်။ တူတဲ့လူလည်း ရှိပါလိမ့်မည်။ လွတ်လပ်စွာ ကွဲလွဲပိုင်ခွင့်ရှိပါတယ်။

- **အိမ်ဝေး (စကားဝါမြေ)**

# ကျွန်တော်၊ ခြင်များ၊ ဘဝများ

ချစ်ခိုင်စံ (ဘီအီးဒီ )



ကျွန်တော်၊ ခြင်များ၊ ဘဝများ

ကျွန်တော့်နှလုံးသားတွင် အမုန်းမရှိ။ ကျွန်တော့် ဘဝတွင် မည်သူ့ကိုမှလည်း မမုန်းဖူးပါ။ မုန်းလည်း မမုန်းချင်ပါ။ သို့သော်...... ယခုမုန်းပြီ။ မုန်းသည်မှ အတော့်ကို မုန်းသည်။ ရင်ထဲအသည်းထဲမှနေ၍ လှိုက်လှိုက်လှဲလှဲကို မုန်းနေမိသည်။ ဟုတ်သည်။ ကျွန်တော် ခြင်တွေကို မုန်းသည်။

ခြင်တွေနှင့် ကျွန်တော်သည် ကမ္ဘာ့ရန်ဘက် များလား မသိ။ ညတိုင်းလိုလို ကျွန်တော့်ကို ကိုက်သည်။ ဟိုးအချိန် ဆယ်စုနှစ်ကာလတွင် ကျွန်တော်ရွာမှာ နေထိုင်စဉ် ကတည်းက ခြင်များသည် ကျွန်တော့်ကို ကိုက်လာခဲ့သည်။ ခြင်ဆေးခွေ လည်း မနိုင်။ ယပ်တောင်လည်း မနိုင်။ ရွာမှာဆိုတော့ ညည ဆိုလျှင် အိမ်အောက်ကနေ မီးခိုးမှိုင်း အမြဲတိုက်ခဲ့ရသည်။ သို့သော် ခြင်များသည် မီးခိုး မှိုင်း အရှိန်လျော့လာသည်နှင့် အပြေးလာတတ် သည်။ ပြီးလျှင် ကျွန်တော့်ကို ကိုက်သည်။ ထိုအချိန်တုန်းက ကျွန်တော့်မှာ စာကျက်ရင်း ခြင်ရိုက်ခဲ့ ရသည်။ ခြင်တွေကို ရိုက်မိ၊ မရိုက်မိ မသေချာသော်လည်း ညတိုင်းလိုလို ကျွန်တော့် လက်တွေ၊ ခြေထောက်တွေမှာ အဖုအပိန့်များ ရှိသည်ကတော့ သေချာသည်။

ညည အိပ်ပြီဆိုလျှင်လည်း ခြင်ထောင် အပြင်ဘက် မှနေ၍ ကျွန်တော့်လက်များကို လှမ်းလှမ်း ထိုးတတ်သေးသည်။ ထိုးမရသည့်အခါ ခြင်ထောင် ပတ်လည်တွင် တဝီဝီ၊ တစီစီဖြင့် အော်ညည်းကာ နားဒုက္ခပေးတတ်ပါသေးသည်။ တစ်ခါ တလေတွင် ကျွန်တော်ရှူးကြောင်ကြောင် တွေးမိ၏။

**“လူစကားနားလည်သော လူများပင် လူအချင်းချင်း ဂုတ်သွေးစုပ်နေသည့်ခေတ်၌ ခြင်တို့ သွေးစုပ်နေသည်မှာ မဆန်း။ ဆန်းနေ သည်က အခြေခံ ဖြည့်စွမ်းမှု မတူညီခြင်းပင်။ လူတို့သည် လောဘစိတ်ဖြင့် ဂုတ်သွေးစုပ်သည်။ ခြင်များက မိမိရင်သွေး၏ အသက်ဓာတ် အတွက် သွေးစုပ်ပါ၏။ မည်သူတို့၌ အပြစ်ပိုပါသနည်း။”**

ပတ်ဝန်းကျင်က ခြင်အားလုံးကို ခြင်ထောင်ထဲမျှားခေါ်ပြီး ကျွန်တော်က အပြင်ထွက်အိပ်မည် ဟူ၍။ ဤမျှအထိ ခြင်များသည် ကျွန်တော့်စိတ်အာရုံကို အနှောင့်အယှက် ပေးခဲ့သည်။ လွှမ်းမိုး ပိုင်စိုးထားခဲ့သည်။ ထို့ကြောင့် ခြင်များကို ကျွန်တော်မုန်းသည်။

ယခု ပဲခူးရောက်လာတော့ ပိုဆိုးလာသည်။ ကျွန်တော် နေသည့်အိမ်က အဖေ့အလုပ်ကြောင့်ရသည့် မီးရထား တန်းလျား ဖြစ်နေသည်။ မီးရထားတန်းလျားတို့သည် အများ သိကြသည့်အတိုင်းပင်။ အိမ်ခန်းများက ဖခန်းတွဲ၊ ဂခန်းတွဲ။ တစ်ဆက်တည်း ဖြစ်၏။ ထို့အပြင် ကိုယ့်အရင် ရှေးကတည်း

က အိမ်ထောင်စုအသီးသီးက ကိုယ်စီကိုယ်င နေခဲ့ဖူးကြသဖြင့် တန်းလျားအောက်တွင် အမှိုက်သရိုက်က စုံလှသည်။ တန်းလျားများက နိမ့်လွန်းသဖြင့်လည်း ထိုအမှိုက်များကို ဝင်ရောက်ရှင်းလင်းဖို့က မလွယ်။ ထိုအခြေအနေသည် ပဲခူးခြင်တို့အတွက် မဟာအခွင့်အရေးကြီး ဖြစ်နေလေတော့၏။

သိရသလောက်တော့ ကမ္ဘာပေါ်တွင် ခြင်မျိုးစိတ် ၃၀၀၀ ခန့် ရှိသည်ဟူ၏။ ထိုခြင်မျိုးစိတ်တို့သည် စွတ်စိုသည့်ရာသီတွင် ပေါက်ဖွားနှုန်းပိုများလေ့ရှိပါသည်။ သို့သော် ကျွန်တော် နေထိုင်ရာ မီးရထားတန်းလျားမှ ပဲခူးခြင်တို့မှာမူ ရာသီမရွေး၊ အချိန်မရွေး ပေါက်ဖွားနေကြသည့် အတိုင်းပင်။ အမြဲတမ်း သူတို့ကျင်လည်နေသည်။ နေ့ခင်းဘက်လည်း သူတို့ရှိသည်။ ညခင်းဘက်လည်း သူတို့ရှိသည်။ ခြင်သုတေသန ပညာရှင်များက နေ့ဘက်ခြင်နှင့် ညဘက်ခြင်ကို မျိုးစိတ်ခွဲထားကြပါ၏။ ရောဂါသယ်ဆောင်ပုံခြင်း မတူညီကြောင်းလည်း ရှင်းပြထားပါ၏။ ရှိစေတော့......။ ထိုအရာမှာ သုတေသန ပညာရှင်တို့၏ ကိစ္စ။ ကျွန်တော့်ကိစ္စကတော့ နေ့ရောညပါ ခြင်ဆေးခွေထွန်းနေရသည့် ကိစ္စပင် ဖြစ်တော့သည်။

တစ်ခါတလေ၌ စာဖတ်၊ စာရေးရင်း ဈာန်ဝင်စားမိသွားလျှင် ကျွန်တော့်ကိုယ်ခန္ဓာမှာ အဖုအပိန့်တို့ ကြက်ဟင်းခါးသီးပမာ ရွတ်တွထွက်ပေါ်လာတော့သည်။ ထိုအချိန်၌ ကျွန်တော် ဒေါသထွက်ရပြီ။ ဖြစ်နိုင်ရင် ကိုက်သွားသောခြင်များကို ရုပ်ရှင်ကားထဲကအတိုင်း ပါးဆွဲရိုက်ပစ်ချင်သည်။ သို့သော် စေ့စေ့တွေးသည့်အခါ မလုပ်ရက်တော့ပြန်ချေ။ သူတို့မှာလည်း အခက်အခဲရှိသောကြောင့် သွေးစုပ်ရသည် မဟုတ်ပါလား။ သိရသလောက် ခြင်မတို့သည် အာဟာရအတွက် သွေးစုပ်ခြင်းမဟုတ်။ မျိုးဆက်ကို အသက်သွင်းဖို့ သွေးလိုခြင်းကြောင့် စုပ်ရသည်ဟူ၏။ သေသေချာချာ ချိန်ဆကြည့်လျှင် ခြင်မတို့သည် မိမိတို့၏ ရင်သွေးများအတွက် အာဇာနည် မေမေများ ဖြစ်နေကြသည် မဟုတ်ပါလော။ ထို့ကြောင့် မသတ်ရက်ပြန်ချေ။

သို့သော် ပုထုဇဉ်ကျွန်တော့်မှာ အမြဲတမ်း စိတ်ထားမညွတ်ပျောင်းနိုင်။ ခြင်များကို တစ်ခါတလေ ခွင့်လွှတ်တတ်သော်လည်း တစ်ခါတစ်ရံတော့ မသိစိတ်က "ဗျမ်းခနဲ" ရိုက်သတ်မိတတ်ပါသည်။ အသိစိတ်ကို ထိန်းထားသည့် ညများ၌မူ ကျွန်တော့်အား လာကိုက်သည့်ခြင်များကို "ငါ့ကို မကိုက်ကြပါနဲ့ကွာ။ ငါမင်းတို့ကို မရိုက်ချင်ဘူး။ ထွက်သွားကြကွာ"ဟုပြောမိတတ်သည်။ သို့သော်ခြင်များသည် လူစကားမတတ်။ ထို့ကြောင့် ကျွန်တော့်စကား၏ အဓိပ္ပာယ်ကို သူတို့မသိ။ သူတို့ဆက်ကိုက်မြဲပင်။ ဒါသည်လည်း သဘာဝကျပါ၏။ လူစကားနားလည်သော လူများပင် လူအချင်းချင်း ဂုတ်သွေးစုပ်နေသည့်ခေတ်၌ ခြင်တို့ သွေးစုပ်နေသည်မှာ မဆန်း။ ဆန်းနေသည်က အခြေခံဖြည့်စွမ်းမှု မတူညီခြင်းပင်။ လူတို့သည် လောဘစိတ်ဖြင့် ဂုတ်သွေးစုပ်သည်။ ခြင်များက မိမိရင်သွေး၏ အသက်ဓာတ်အတွက် သွေးစုပ်ပါ၏။ မည်သူတို့၌ အပြစ်ပိုပါသနည်း။

တစ်ခါတစ်ရံတွင် ကိုက်သွားသောခြင်များကို အမိအရဖမ်းပြီး တရားရုံး၌ တရားစွဲ၍ အမှုဖွင့်ချင်သည်။ သို့သော် သူတို့ခြင်လောကတွင် တရားရေးမရှိ။ ဥပဒေမရှိ။ ဘက်လိုက်မှု၊ လာဘ်စားမှု၊ မတရားမှုမရှိ။ သူတို့သည် သဘာဝအတိုင်း ပြုမူကြသည်သာ။ သို့အတွက် ခြင်များကို တရားစွဲလို့လည်း မဖြစ်ပြန်ချေ။ ခက်သည်။ အတော့်ကို ခက်သည်။ တစ်ခါတစ်ရံ အခြေခံဥပဒေထုတ်ပြီး ခြင်များ၏အန္တရာယ်မှ ကျွန်တော်တို့ လူသားများ၏ အသက်အိုးအိမ်ကို ကာကွယ်စေချင်မိပါ၏။ သို့သော်...... ဒါလည်း မဖြစ်နိုင်ပါချေတကား။

ယခုတော့ လူ့အတ္တဖြင့်ကြည့်လျှင် ခြင်များကို ကျွန်တော် မုန်းသည်။ လူ့အခွင့်အလမ်း၊ တိရစ္ဆာန်အခွင့်အလမ်းဖြင့် ကြည့်လျှင်တော့ မမုန်းပါချေ။ ထို့ကြောင့် ခြင်များဖြင့် ငြိမ်းချမ်းရေးယူဖို့ ကျွန်တော်စဉ်းစားမိသည်။ ထိုအတိုင်းလည်း အကောင်အထည်ဖော်ခဲ့သည်။ တစ်ညသောအခါတွင် ခြင်တို့၏ဥသျှောင် ခြင်ကျားတစ်ကောင်ဖြင့် ကျွန်တော်သည် မျက်နှာစုံညီ အစည်းအဝေး လုပ်ခဲ့သည်။ ထိုပွဲ၌ခြင်ခေါင်းဆောင်က ပြောသည်။

"ငါတို့ခြင်တွေက စည်းလုံးတယ်ကွ။ ငါ့စကားတစ်ခွန်းဆိုပြီးတယ်။ မင်းတို့လူသားတွေက စည်းလုံးလို့လား။ ငါတို့ကို တိုက်ထုတ်ဖို့ မင်းတို့လူအချင်းချင်း ညှိယူလိုက်ဦး။ မင်းတို့နဲ့ ငါတို့က မတူဘူးကွ။ ငါတို့က ငါတို့ခြင်နိုင်ငံတော်အတွက် စည်းစည်းလုံးလုံး ထိုးဖောက်တိုက်ပွဲဝင်တယ်။ မင်းတို့က မင်းတို့အတ္တတွေအတွက် အချင်းချင်း အပြစ်မြင်တယ်။ ဒီတော့ ငါတို့အတွက် သွေးစုပ်ဖို့အခွင့်ကောင်းပဲ။"

ထိုည၌ အစည်းအဝေး အဆင်မပြေခဲ့ပေ။ ခြင်ကြီးက မထီမဲ့မြင်ပြုံး၍ ထပျံသွားသည်။ ငူငူငိုင်ငိုင်ကြီး ကျန်ခဲ့သည်က ကျွန်တော်။ ခြင်ကြီးကို ဘာပြန်ပြောရမည် မသိ။ သူပြောသည်မှာ မှန်သည်ထင်၏။ ပြင်ပရန်ကို ကာကွယ်ဖို့ရန် ကျွန်တော်တို့အချင်းချင်း အရင်စည်းလုံးရမည် မဟုတ်ပါလား။ ယခုတော့ ခြင်များက ကျွန်တော်တို့ကို ကိုက်နေပေပြီ။

**“ မသိမသာ သွေးစုပ်ခံနေရသော လူသားတစ်ယောက်၏ သည်းမခံနိုင်သော အမုန်းသာ ဖြစ်ပါ၏။ ထိုအမုန်းမျိုးကို သွေးစုပ်ခံနေရသော၊ သွေးစုပ်ခံခဲ့ရသော ကျွန်တော်တို့နိုင်ငံသားတိုင်း ဖြစ်ဖူးမည်ထင်ပါသည်။ ”**

လူတိုင်းနီးပါး ခြင်ကိုက်ခံနေရသည်။ တချို့က အကိုက်ခံရသည်ကို သိ၏။ တချို့က မသိ။ သိသိမသိသိ ခြင်များက ကိုက်နေမည်သာ။ ကျွန်တော်တို့လည်း တစ်ဦးချင်း တွန်လှန်မရလျှင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တွန်းလှန်ပစ်ရမည်သာ။ သို့အတွက် ပထမဦးစွာ ကျွန်တော်တို့နိုင်ငံ စည်းလုံးဖို့ လိုပါ၏။

ယခုတော့ ကျွန်တော်နားလည်လာပေပြီ။ ခြင်များနှင့် ကျွန်တော်တို့သည် တိုက်ပွဲဆင်နွှဲနေခြင်းသာ။ သို့သော် လက်နက်ဖြင့် တိုက်ခြင်းမဟုတ်။ ချူကလီးယားဗုံးဖြင့် တိုက်ခြင်းလည်း မဟုတ်။ စစ်အေးတိုက်ပွဲသာ ဖြစ်သည်။ မသိမသာဖြင့် ကျွန်တော်တို့၏ အသွေးအသားများကို စုပ်ယူသည့် တိုက်ပွဲသာ ဖြစ်သည်။ လျှင်သူ စားစတမ်း ပင်တည်း။ သို့အတွက် ကျွန်တော်တို့လည်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကာကွယ်ရမည်သာ။ သို့သော် ခြင်များသည် ကျွန်တော်တို့၏ အားနည်းချက်များ၊ မစည်းလုံးမှုများကို အတွင်းကျကျ သိနေသဖြင့် ကာကွယ်မှုမှာ ထင်သလောက် အရာမထင်ပါချေ။ တော်တော်ခက်သည့် အမှုကိစ္စပင်တည်း။

ဘာပဲပြောပြော အမုန်ပြောရလျှင် ခြင်များကို ကျွန်တော် မုန်းပါသည်။ နဖူးမှ အမာရွတ်ကို စမ်းမိတိုင်း မပျောက်သဓာကို ဒေါသထွက်သော ကေဝဠ်ပုဏ္ဏားကဲ့သို့၊ ကျွန်တော့်လက်များမှ အဖုအပိန့်များကို မြင်တိုင်း ခြင်များကို ကျွန်တော်မုန်းပါသည်။ ဤအမုန်းတရားမှာလည်း နာကြည်း မုန်းတီးခြင်းကြောင့် ဖြစ်လာသောအမုန်းမဟုတ်။ မသိမသာ သွေးစုပ်ခံနေရသော လူသားတစ်ယောက်၏ သည်းမခံနိုင်သော အမုန်းသာ ဖြစ်ပါ၏။ ထိုအမုန်းမျိုးကို သွေးစုပ်ခံနေရသော၊ သွေးစုပ်ခံ ခဲ့ရသော ကျွန်တော်တို့နိုင်ငံသားတိုင်း ဖြစ်ဖူးမည်ထင်ပါသည်။ ။

- **ချစ်ခိုင်စံ (ဘီအီးဒီ )**



Photo _ Lin Nge

ငှလိုင်မိုးနှင့်အတူ ကြွေလွင့်ခဲ့ရသော မြန်မာ့ကြယ်

# ခေတ်ထဲက အသက်ရှူသံများ

မြတ်သိမ်းခိုင်




ခေတ်ထဲက အသက်ရှူသံများ

"အသက်တစ်ချောင်း ရပ်တန့်သွားဖို့အတွက် လွယ်ကူပါသလား"

ထိုနေ့က စိတ်မကောင်းချင်းများစွာဖြင့် မြို့ကလေး၏ ဆေးရုံဝင်းထဲသို့ ဝင်ရောက်လာခဲ့မိသည်။ မိတ်ဆွေဖြစ်သူ၏ ရောဂါမှာ နောက်ဆုံးအခြေအနေ ရောက်နေပြီဟု သိရသည့် အချိန်က ကြေကွဲဝမ်းနည်းခဲ့ရပါသည်။ ထို့နောက် မိတ်ဆွေဖြစ်သူ၏ အဆောင်ကို ရှာကာ ဝင်ရောက်သွားခဲ့မိသည်။ ဝမ်းနည်းကြေကွဲခြင်းနှင့် နှမြောတသသည့် အရိပ်အယောင်တို့ လွှမ်းမိုးခံထားရသော မိသားစုမှာ သူ၏ ကုတင်ဘေးနားတွင် ပက်ချာဝိုင်းလျက်ရှိသည်။ တချို့ကတော့ ခြေဆုပ်လက်နယ်ပြုရင်း အသက်ကို ခက်ခဲပင်ပန်းစွာ ရှူရှိုက်နေရသည့် အရိုးပေါ်အရေတင်နေသော သူ့မျက်နှာကို နောက်ဆုံးအခွင့်အရေး အဖြစ်ကြည့်ရှု နေခဲ့ကြသည်။

တစ်ချက်တစ်ချက် သူ့ရင်အုံမှာ ကြွက်တက်လာလိုက် ချိုင့်ဝင်သွားလိုက်နှင့်။ တစ်ခါတစ်ခါ မျက်လုံးကလေးမှာ အနက်ရောင်မျက်ဆန်တို့ ပျောက်ကွယ်သွားခဲ့သည်။ နှာခေါင်းမှ အသက်ရှူမဝသဖြင့် ပါးစပ်မှ ကူညီ၍ရှူပေးနေရသည်။ မိတ်ဆွေဖြစ်သူကို စိတ်မကောင်းစွာကြည့်ရင်း ကျွန်တော်ပင် အသက်ရှူဖို့ မေ့မေ့နေခဲ့သည်။ လူတစ်ယောက်သည် ဘဝမှာ ဘာကို အလိုအပ်ဆုံး ဖြစ်ပါသနည်း။ စည်းစိမ်ဥစ္စာ ငွေကြေး ရတနာလား။ ဂုဏ်ထူးအာဏာလား။ အသက်ရှူချောင်ဖို့လား။ ချစ်ခြင်းမေတ္တာလား။ ကျွန်တော့်ခေါင်းထဲမှာ မေးခွန်းများစွာက နေရာယူကာ အလုပ်လုပ်နေကြပါသည်။

ကျွန်တော်ကတော့ လူတစ်ယောက်သည် ဘဝမှာ အသက်ရှူချောင်ဖို့ အဓိကလိုအပ်မည်ဟု ထင်ပါသည်။ ကလေး တစ်ယောက် လူ့ဘဝထဲသို့ ထွက်ကျလာသည်နှင့် သူ မျှော်လင့်ဆုံး အရာမှာ လေဟုခေါ်သည့် အောက်ဆီဂျင်ပင် ဖြစ်ပေမည်။ ထိုအောက်ဆီဂျင်ကို လုံလောက်စွာရရှိမှ ငွေကြေးဥစ္စာ၊ ဂုဏ်ထူးအာဏာ၊ ချစ်ခြင်းမေတ္တာတို့ တွဲ၍ပါလာမည် ဖြစ်ပါသည်။ အကယ်၍ မွေးကင်းစ ကလေးတစ်ယောက်သည် အောက်ဆီဂျင်ကို လုံလောက်စွာမရလျှင် ရှေ့ဆက် ဘာဖြစ်နိုင်ပါသနည်း။

နွေဦးတစ်ညဉ့် တစ်စုံတစ်ယောက်သော မိတ်ဆွေ၏ စကားကို သတိရမိသည်။

"လုပ်ကိုင်စားသောက်ရတာ အသက်ရှူ ကျပ်လိုက်တာ"ဟုဆိုသည်။ ကျွန်တော်စဉ်းစားကြည့်မိပါသည်။ ကျွန်တော်တို့ အားအင်နှင့် တွန်းလှန်ဖြိုခွင်း၍မရသော အရာတစ်ခု ကျွန်တော်တို့အပေါ် ပိမိနေပြီဆိုပါစို့။ ကျွန်တော်တို့ အသက်ရှူ ကျပ်မည် ဖြစ်ပါသည်။ အခုလည်း မိတ်ဆွေ ဖြစ်သူက မိသားစုတစ်စု၏ အရေးကြီးဆုံးဖြစ်သော စားဝတ်နေရေး တာဝန်ကြီးက သူ့အပေါ်ပိနေသဖြင့် အသက်ရှူ ကျပ်သည်ဟု သူဆိုလိုခြင်း ဖြစ်ပေလိမ့်မည်။

သူတို့မိသားစုသည် စုစုပေါင်း မိသားစုသုံးယောက် ဖြစ်သည်။ သူ့သမီးလေးသည် ဖနှစ်အရွယ်လေး ဖြစ်သည်။ သူ့အမျိုးသမီးက တစ်နေ့ကို ၃ထောင်ဖြင့် မြို့ပေါ်က ကုန်ခြောက်ဆိုင်တစ်ခုမှာ ငရုတ်သီးရွေး၊ပဲရွေးကို နေ့စားဝင်လုပ်သည်။ သူက ကြုံရာကျပန်း လျှောက်၍လုပ်သည်။ နွေကိုရောက်လျှင်တော့ ခေါင်းလောင်းကိုဆွဲကာ ရပ်တကာ၊ ရွာတကာလှည့်၍ ရေခဲချောင်း လျှောက်ရောင်းတတ်သည်။ တစ်နေ့ကို လေးငါးခြောက်ထောင်လောက် စီသည်ဟုဆိုသည်။ သူတို့မှာ ဘာကိုမှ မစုဆောင်းမိပါ။ လွန်ခဲ့သော နှစ်ကာလတစ်ခုမှာ အိမ်မိုးရန် ဓနိမဝယ်နိုင်သဖြင့် တာလပတ်ကိုအုပ်ကာ မိုးရာသီတစ်ခုကို ကုန်လွန်စေခဲ့သည်ဟု ဆိုသည်။

“အခုခေတ်ကမလွယ်ဘူးဗျာ။တစ်နေ့၅၀၀၀တောင်မလောက်ချင်ဘူး။ စားဖို့တောင်မနည်းရှာရတာ။ နေရာလေးတစ်နေရာရဖို့ဆိုအဝေးကြီး”

မိတ်ဆွေဖြစ်သူပြောမှ ကျွန်တော့်ဘဝကို ကျွန်တော် ပြန်ဆန်းစစ်ကြည့်မိသည်။ ကျွန်တော်တို့အိမ်တွင် အလုပ်မလုပ်သော သူသည်မရှိ။ စုစုပေါင်းမိသားစုက လေးယောက်။ ကျွန်တော်က ကျောင်းဆရာ။ လခက တစ်လကို တစ်သိန်းရှစ်သောင်း။ ကျွန်တော့် အစ်မက မြို့ကလေး၏ဈေးထဲမှာ ကြက်ဥ၊ဘဲဥ ရောင်းသည်။ အဖေနှင့်အမေက အိမ်တွင် ဈေးဆိုင်ရောင်းသေးသည်။ နှစ်ကာလများ ဖြတ်သန်း ခဲ့သော်လည်း ပိုလျှံသည်ဟု ကျွန်တော်တို့မှာ မရှိခဲ့ပါ။ ငွေကိုရှိလျှင်ရှိသလောက် သုံးစွဲသည့် မိသားစုလည်းမဟုတ်ခဲ့ပါ။ သို့သော် ကျွန်တော်တို့ ဝယ်ယူသုံးစွဲနေသည့် ပစ္စည်းပစ္စယမြောက်များစွာတို့သည် ကျွန်တော်တို့ရရှိသည့် ဝင်ငွေနှင့်နှိုင်းစာလျှင် တန်ဖိုးမြင့်မားလွန်းနေခြင်းဖြစ်ပါသည်။ ထိုအခါ ဝင်ငွေနှင့်ထွက်ငွေတို့မှာ မမျှမတဖြစ်လာကာ ဘဝသည် အသက်ရှူကျပ်လာခြင်းဖြစ်ပါသည်။တစ်လတစ်လ မဖြစ်မနေ အသက်ရှင်ဖို့ စားသောက်နေရသည့် ကုန်ပစ္စည်းများကို ဝယ်ရင်း တစ်လကို တစ်သိန်းခွဲလောက် ပျမ်းမျှ ရှောခနဲ လွင့်ကြွေသွားခဲ့ပါသည်။ ကျန်သည့် လူမှုရေးအတိုင်းအတာ ငွေကြေးများနှင့် အဖွဲ့အစည်း ဝင်ငွေကြေးများကို ဘေးသို့ ဖယ်ပစ်လိုက်သည်ဆို ပါစို့။

ကလေးရှိသော မိသားစုသည် ကျပ်တည်းသည့် အသက်ရှူ

> **“ ကျွန်တော်တို့ အားအင်နှင့် တွန်းလှန်ဖြိုခွင်း၍မရသော အရာတစ်ခု ကျွန်တော်တို့အပေါ် ပိမိနေပြီဆိုပါစို့။ ကျွန်တော်တို့ အသက်ရှူ ကျပ်မည် ဖြစ်ပါသည်။ ”**

သံကို ပို၍ကြားရပါသည်။ ကျန်းမာရေးကောင်းသော ကလေးမိဘများဆီကတော့ သိပ်၍မကြားလှ။ ကျန်းမာရေးမကောင်းသော ကလေး၏ မိဘများက ပို၍ညည်းတွားကြသည်။ တစ်နေ့သောအခါမှာ အိမ်ထောင်သည်သူငယ်ချင်းနှင့် ဈေးထဲမှာတွေ့တော့

“သူငယ်ချင်းရေ ဆေးဖိုးတွေကလည်း လွင့်နေတာပဲဟ”

စိတ်ပျက်စွာ ညည်းညူလိုက်သော သူငယ်ချင်း၏ ရုပ်ရည်မှာ နဂိုထက်နှစ်ဆလောက် အိုစာသွားခဲ့ပါသည်။ ငွေကြေးပြေလည်၍ အလုပ်အကိုင် ရှိသောသူများမှာ ပြဿနာ ကြီးကြီးမားမား မဟုတ်သော်လည်း တစ်လတစ်သိန်း ရှစ်သောင်းသာရသည့် သူငယ်ချင်းဖြစ်သူ ဇနီးမောင်နှံမှာ အသက်ရှူကျပ်လှပါသည်။ ကျွန်တော့် အဖြစ်ကိုလည်း သွား၍ သတိရမိသည်။ တစ်နေ့သောအခါ မွေးသမိခင်ကျေးရူရှင်က ခြေထောက်တွေ

> " လူတစ်ယောက်သည် အသက်ရှူကျပ်စွာ ဘ၀တစ်ခုကို လျှောက်လမ်းနေရမည်ဆိုပါစို့၊ ထိုသူ့မှာ ပျော်ရွှင်မှု၊ မျှော်လင့်မှု၊ အနာဂတ်တို့သည် သာယာလှပ နိုင်ပါသလား။ လူသားတိုင်း အသက်ရှူ ချောင်ကြအောင် လူတစ်ဦးတစ်ယောက်ချင်းဆီက ဘယ်လိုတာ၀န်တွေ ယူပြီး၊ ဘယ်လို ကိုယ်ကျင့်သီလတွေ ကို ဆောက်တည် သွားသင့်ပါသလဲ "

ကျင်သည်ဟုဆိုသည်။ထို အခါ နီးရာဆေးခန်းသို့ ပြေးရပါသည်။ ဆရာ၀န်လေးက

"အစ်ကိုရေ ကျွန်တော်ဆေးစာ ရေးပေးလိုက်မယ်။ အစ်ကို့ဘာသာ၀ယ်။ ဒါဖြင့်ဆိုအစ်ကိုတို့ မယုံမှာဆိုးလို့၊ ဈေးဆေးက အရင်နဲ့မတူဘူး" ဟု ရိုးသားစွာ ၀န်ခံပြောဆိုခဲ့ပါသည်။ ဆရာ၀န်လေး ရေးပေးသော ဆေးစာကိုယူကာ ဆေးဆိုင်သို့ သွားပြီး၀ယ်ယူခဲ့ပါသည်။ ထိုအခါ ဆေးဆိုင်ကလည်း

"အရင်တုန်းက တစ်လုံးကို သုံးထောင်သုံးရာ။ အခု ကိုးထောင်လေ"


နှစ်ဆမြင့်တတ်သွားသော ဆေးဈေးကို ကျွန်တော် မျက်ခုံးပင့်မိပါသည်။ ငွေကြေးမပြေလည်သော သူများမှာ အသေခံရန်နှင့် အကြွေးလည်ပင်းနစ်ရန် နည်းလမ်းနှစ်ခုထဲက တစ်ခုကိုသာ ရွေးချယ်ဆုံးဖြတ်ရမည်ဖြစ်ပါသည်။

ဒီအကြောင်းနှင့် ပတ်သက်ပြီး လွန်ခဲ့သော နှစ်ကာလက သူငယ်ချင်းတစ်ဦး၏ မိသားစုကို သွား၍သတိရမိသည်။ သူငယ်ချင်း မိသားစု၏ ချစ်ခင်မြတ်နိုးရပါသော ကျွေးဖခင်ကြီးမှာ အသည်းအသန် နာမကျန်း ဖြစ်ခဲ့ရပါသည်။ သူငယ်ချင်းမိသားစုမှာ ၀န်ထမ်းမိသားစု ဖြစ်သဖြင့် မပြေလည်သော ငွေကြေးကတစ်ဖက် ချစ်မြတ်နိုးရသော ဖခင်ကြီးကတစ်ဖက်ဖြင့် မိသားစုခေါင်းချင်း ရိုက်ခဲ့ကြပါသည်။ နောက်ဆုံးရှိတာကုန်ချင်ကုန်ပါစေ ဖခင်ကြီး၏အသက်ကို ရအောင်ယူမည်ဟု ဆုံးဖြတ်ကာ အိမ်နှင့်ခြံကို ပေါင်နှံခဲ့ပါသည်။ ထို့နောက် ပိုဆိုးလာသော ဖခင်၏အခြေအနေကြောင့် အိမ်နှင့်ခြံတို့ကို အပြီးတိုင်စွန့်ခွာ သွားခဲ့ကြရပါသည်။ နောက်ဆုံးဖခင်ကြီး ကွေလွင့်သွားပြီးနောက် အကြွေးတို့ လည်ပင်းနစ်ကာ အောက်ဆီဂျင်ပေါပေါ များများရှိသော်လည်း အသက်ရှူကျပ်ခဲ့ရပါသည်။

လွန်ခဲ့သောလက ကျွန်တော်မြို့ကလေးမှာ ဖြစ်ပျက်သွားသော ၀မ်းနည်းကြေကွဲစရာ ဖြစ်ရပ်လေးတစ်ခု ဖြစ်ပါသည်။ အသက် ၈၀ အဘိုးအိုတစ်ဦးမှာ သူမျှားနွား ၃ ကောင်ကို အငှားကျောင်း နေရခြင်းဖြစ်ပါသည်။ အဘိုးအိုမှာ နွားကျောင်းရင်း အိပ်ပျော်သွားပြီးနောက် နိုးလာသောအခါ နွား၃ကောင်မှာ ပျောက်ချင်းမလှ ပျောက်ဆုံးသွားခဲ့ပါသည်။ ဘ၀က ပေးလာသော အသက်ရှူကျပ်တည်းမှုတွေကို နွားကျောင်းရင်း ဖြေရှင်းနေရာမှ အငှားနွား ၃ကောင်ပျောက်ဆုံးသွားသောအခါ အသက်ရှူရပ်မတတ် ငိုးကြွေးခဲ့ပါသည်။ထိုအဘိုးကြီး၏ သနား၀မ်းနည်းဖွယ် ဖြစ်ရပ်တစ်ခုကို မြို့နေလူထုမှ တက်နိုင်သော ငွေကြေးကို ပေးလှူကာ နွား၃ကောင်၏ တန်ဖိုးကို ပေးလျော်ခဲ့ကြပါသည်။ အဘိုးအို၏ နောက်ဆုံး နေ၀င်ချိန်လေးသည် အသက်ရှူချောင်မည်ဟု မျှော်လင့်ရပါသည်။

လူတစ်ယောက်သည် အသက်ရှူကျပ်စွာ ဘ၀တစ်ခုကို လျှောက်လမ်းနေရမည်ဆိုပါစို့၊ ထိုသူ့မှာပျော်ရွှင်မှု၊မျှော်လင့်မှု၊ အနာဂတ်တို့သည် သာယာလှပနိုင်ပါသလား။ လူသားတိုင်း အသက်ရှူချောင်ကြအောင် လူတစ်ဦးတစ်ယောက်ချင်းဆီက ဘယ်လိုတာ၀န်တွေယူပြီး၊ ဘယ်လို ကိုယ်ကျင့်သီလတွေကို ဆောက်တည်သွားသင့်ပါသလဲ။ ကျွန်တော်ကတော့ ဘ၀ကို အသက်ရှူချောင်စွာပဲ ဖြတ်သန်းချင်ပါသည်။ ထိုအခါမှ လူတစ်ယောက် ဖြစ်လာခြင်း၏ အဓိပ္ပာယ်သည် ပို၍ လေးနက်စွာ တန်ဖိုးရှိမည်ဟု ကျွန်တော်ထင်ပါသည်။

- **မြတ်သိမ်းခိုင်**



# အမည်မသိ KG တန်းလေးတစ်ခု

■ K လိုဘမ်း



အမည်မသိ KG တန်းလေးတစ်ခု

(၁)

ကိုယ်နေထိုင်ရာ တောင်ပေါ်မြို့လေးတစ်မြို့ ဖြစ်သော ကန်ပက်လက် မြို့လေးက ကိုယ်မပိုင်ဆိုင်သော ကိုယ့်အိမ်လေးရဲ့ ဘေးနားမှာ လမ်းလေးပဲခြားပြီးတည်ရှိနေသော အထက်တန်းကျောင်းလေးတစ်ကျောင်းရှိပါသည်။ ဒီမနက် ရှစ်နာရီခွဲလောက်အချိန်မှာ သားလေးကို အိမ်အပြင်ဘက် ထွက်လမ်းလျှောက်ပြီး ချီကာထိန်းနေစဉ်တွင် KG တန်းလေး တစ်ခုဘက်က ကလေးတွေငိုသံကို ကြားလိုက်ရပါသည်။ ငိုသံကြားရခြင်းမှာ အဆိုပါ တစ်ထပ်ဆောင် KG တန်း ကလေးသည် ကိုယ့်အိမ်လေးရဲ့ ဘေးကပ်လျက်နား တည်ရှိနေသောကြောင့်ပါတည်း။

> “သူမသည် သူမ၏ အရွယ်မရောက်သေးသည့် ကလေးငယ်ကို KG အတန်းက ဆရာမထံ တွင်အပ်ထားခဲ့ကာ တစ်ပါးသူများ၏ သားသမီးလေးတွေကို ကြည့်ရှုစောင့်ရှောက် ပညာတွေ ဖြန့်ဝေပေးဖို့ သူတာဝန်ကျရာ စာသင်ခန်းလေးဆီသို့ သွားရပေမည်။”

တစ်ယောက်ပြီးတစ်ယောက် ငိုနေကြသောကြောင့် ကိုယ်လည်း စိတ်ဝင်တစား အိမ်ဘက်ခြံဝင်းထောင့်လေးနားကနေ ရပ်ကြည့်နေခဲ့မိပါသည်။ ခြောက်လသားအရွယ် သားလေးကို ကျောင်းတက်နေသော ကလေးငယ်ငယ်လေးတွေ ပြပေးချင်သော ဆန္ဒလေးလည်း ပါပါသည်။ ပြပေးချင်သည် ဆိုသည်မှာ လည်း အိမ်မှာ တစ်ယောက်တည်း ကစားဖော်မရှိဖြစ်နေသည့် သားလေးကို စကားသင်စ အချိန်ရောက်လျှင် စကားပြော အတတ်မြန်စေရန် လူတွေနှင့် ပေးတွေ့တာမျိုး၊ တစ်ခြား ကလေးတွေ နေသောအိမ်ကို မကြာမကြာ အလည်သွားကာ ကလေးချင်းတွေ့ပေးတာမျိုး လုပ်သင့်ကြောင်း ပြောပြခဲ့ဖူးသော အသိဆရာဝန်တစ်ယောက်၏ လမ်းညွှန်မှု တစ်ခုကြောင့်လည်း ဖြစ်ပါသည်။ သားလေးကိုချီပြီး ခြံထောင့်တစ်နေရာကနေ ကလေးလေးတွေကို ပြနေတုန်းမှာပင် တစ်ဘက် KG တန်းလေးတစ်ခုဘက်ကနေ ကလေးလေး တစ်ယောက်ကို ရင်ခွင်ပိုက်ကာ ချော့မြှူချီရင်း ချင်းအစ်မလေး တစ်ယောက် အိမ်ဘက်ခြမ်းနားကို ရောက်လာပါသည်။ ကိုယ်သည်လည်း စပ်စပ်စုစုနှင့် ကလေး ကျောင်းလာ အပ်သလားလို့ စကားစမိ ပါသည်။ ထိုအစ်မက ကိုယ့်အား ပြန်လည်ပြုံးပြကာ ဟုတ်ပါသည်၊ ကလေးကို မူကြို လာအပ်ပါသည်၊ ကလေးက တစ်နှစ်ခွဲပဲ ရှိသေးသည်ဟု ပြန်ဖြေပါသည်။

ကိုယ်လည်း အံ့သြပြီး တစ်နှစ်ခွဲ KG တန်းထားရသလားလို့ မေးမိတော့ ခေါင်းညိတ်ကာ သူမလည်း မအား၊ ကလေးကို ကြည့်ပေးမည့်သူလည်း မရှိသောကြောင့် မဖြစ်မနေ ပို့ရပါသည်ဟု ပြောပြသည်။ ကိုယ်က ဟုတ်သလား၊ဒါဖြင့် သူ့ကို ထားခဲ့ပြီးအိမ်ပြန်မှာပေါ့ဟု ပြောလိုက်မိသောအခါ သူက မဟုတ်ကြောင်း၊ အတန်းသွားရအုံးမည်ဖြစ်ကြောင်း ပြန်ပြောပါသည်။ အတန်းသွားရမည်ဟု သူမဘာကြောင့် ပြောလိုက်သလဲဟု စဉ်းစားရင်း သူမကို သေချာလေး ပြန်ကြည့်မိလိုက်သောအခါမှ လုံချည်အစိမ်းလေး ဝတ်ထားသည်ကို တွေ့လိုက်ရပါသည်။ သူမသည်လည်း ထိုကျောင်းလေးမှ ဆရာမလေး တစ်ယောက် ဖြစ်နေပေသည်ကိုး။ သူမသည် သူမ၏ အရွယ်မရောက်သေးသည့် ကလေးငယ်ကို KG အတန်းက ဆရာမထံတွင်အပ်ထားခဲ့ကာ တစ်ပါးသူများ၏ သားသမီးလေးတွေကို ကြည့်ရှုစောင့်ရှောက် ပညာတွေ ဖြန့်ဝေပေးဖို့ သူတာဝန်ကျရာ စာသင်ခန်းလေးဆီသို့ သွားရပေမည်။ ကိုယ်သူ့ကို ပြုံးပြနေခဲ့မိကာ ဘာစကားမှ ထပ်မဆိုမိခဲ့ပါလေ။ စကားပြောနေရင်းက သူမသည်. KG တန်းလေးတွေဘက် ပြန်ထွက်သွားပါသည်။ ကိုယ့်စိတ်ထဲမှာတော့ ထိုချင်းဆရာမလေးကို လှမ်းကြည့်နေရင်း တွေးစရာတွေနှင့် ကျန်နေခဲ့ပါသည်။ မိခင်တစ်ယောက်တစ်ဖြစ်လဲ၊ ဝန်ထမ်းဆရာမလေး၏ ဘဝလေးကို မျက်ဝါး ထင်ထင်တွေ့မြင်ခဲ့ရပေပြီ။ တစ်ဘက်ကလည်း ဝါသနာပါရာ အသက်မွေး အလုပ်ကိုလုပ်ရင်း၊ တစ်ဘက်ကလည်း မိခင်ကောင်းဖြစ်အောင်ကြိုးစားနေသူ၊ ကလေးတွေကို ပညာဖြန့်ဝေပေးနေသူ တစ်ယောက်၏ ပုံရိပ်လေးတစ်ခု။ အဆင်မပြေမှုတွေကို အဆင်ပြေအောင်ကြိုးစားနေသော ဘဝတွေထဲက သဘာဝကျကျ ဘဝလေးတစ်ခု မဟုတ်ပါလား။

(၂)

ထိုစဉ် စာသင်ခန်းတစ်ခုရှေ့မှာ ကလေးတွေက အခန်းထဲ မဝင်ကြဘဲ အခန်းအပြင်ဘက်မှာ ချစ်စရာကောင်းစွာ ဖွဲ့ခတ်ပြီး ငိုနေကြလေသည်။ အတန်းက ဆရာမလေးလည်း အတန်းထဲ ထည့်မရပြီထင်ပါသည်။ ကလေးတွေက တအားငိုနေကြခြင်းကြောင့် သည်ဘက်ခြံမှ ကိုယ်လည်း ကျောင်းဝင်းထဲ ဝင်ကြည့်ချင်စိတ်များ ဖြစ်လာပါသည်။ KG တန်းလေးတွေဘက် လှမ်းကြည့်လိုက်သောအခါ ကျောင်းသားမိဘ တစ်ယောက် နှစ်ယောက်လောက်လည်း စာသင်ဆောင်လေး၏ အပြင်ဘက်နားမှာ ရှိနေကြပါသည်။ ကျောင်းတက်ချိန်လည်း နည်းနည်းလိုသေးသည်မို့ သားလေးကို ချီပြီး

> “အတင်းမထည့်ပါနဲ့လား ဆရာမလေးရယ်၊ ချော့မော့ပြီးပဲထည့်ပါ။ ကျောင်းတက်ရတာ ကြောက်သွားပါ့မယ်။စိတ်ဒါဏ်ရာရသွားပြီး ပတ်ဝန်းကျင်အသစ်မှာ အမြဲ အကြောက်တရားနဲ့ ကြီးပြင်းလာတတ်တဲ့ စိတ်စွဲသွားပါ့မယ်။

ကျောင်းဝင်းထဲဝင်သွားကာ ခုနက ငိုနေကြသော ပူတူးကလေးတွေ အခန်းဘက် ခြေဦးလှည့်လိုက်ပါသည်။ အတန်းလေးနား မလှမ်းမကမ်း တစ်နေရာအရောက်မှာ ကိုယ်တွေ့လိုက်ရသည်က အတန်းထဲ မဝင်သေးဘဲ အခန်းအပြင်ဘက်က ကော်ရစ်တာမှာ ဝရံတာလက်ရမ်းတိုင်လေးတွေကို ကိုင်သူကကိုင်၊ စာသင်ခန်းလေးအပြင်ဘက်က နံရံကို မှီထားသူကမှီထားနှင့် ဟိုတစ်ယောက် သည်တစ်ယောက် အပြိုင်အဆိုင်ထိုင်ကာ ငိုနေကြသော ပူတူးလေးများပင်။ ဘေးနားက အစ်မတစ်ယောက်ကို မိဘတွေရောဟု မေးကြည့်သောအခါ ပြန်သွားကြပြီဟု သိရပါသည်။

သနားစရာ ပူတူးလေးများကို တွေ့နေရသည်။ ကိုယ်လည်း သူတို့ခံစားချက်ကို သူတို့နေရာဝင်ပြီး ခံစားစာနာကြည့်မိပါသည်။ အမေနဲ့အတူ အချိန်ကြာကြာ အတူတကွ နေနေရာကနေ ရုတ်တရက် ပတ်ဝန်းကျင်ပြောင်းကာ သူစိမ်းတွေအလယ်မှာ တစ်ယောက်တည်း နေနေခဲ့ရသည်။ သူတို့ကို အမေက ထားသွားခဲ့လေပြီဟု ထင်ကောင်းထင်နေလိမ့်မည်။ သူတို့အတွက်တော့ မိခင်ဟူသော အားကိုးရာမရှိသည့် လောကအသစ်၊ ပတ်ဝန်းကျင်အသစ်ကို အပို့ခံလိုက်ရသည့် ခံစားချက်မျိုးပင်ဖြစ်မည်။ ဘာပဲဖြစ်ဖြစ် ကလေးတွေ ကျောင်းစတက်သော အစောပိုင်းရက်တွေမှာ အမေတွေ အတူရှိနေသင့်ပါသည်။ ကလေးတွေက အမေကို သတိရလို့ ရုတ်တရက်ငိုနေရင် အမေ အပြင်မှာ ရှိတယ်နော် ဆိုပြီး သူတို့ အလိုရှိတဲ့အချိန် မျက်နှာလေးပြဖို့ အသင့်ရှိနေသင့်ပါသည်။ ထိုသို့ ရှိနေသင့်သည်ဟုလည်း စာတစ်အုပ်တွင် ဖတ်မှတ်ခဲ့ရဖူးလေသည်။ သို့မှသာ ပူတူးကလေးတွေစိတ်ထဲမှာအမေက ငါ့ကိုထားသွားသည်ဟု မထင်ကာ အိမ်မှာနေသကဲ့သို့ အမေ့ဘေးမှာ ရှိနေသည့်အတိုင်း နွေးထွေးမှု ခံစားရမည်ဟု ထင်ပါသည်။ သူရောက်နေတဲ့ ပတ်ဝန်းကျင်အသစ်မှာ အိမ်မှာနေသကဲ့သို့ပင် အလိုရှိတိုင်း အမေခေါ်ရနိုင်သည်ဟူသော အသိဖြစ်ကာ စိတ်ထဲတွင် ပျော်ရွှင်နွေးထွေး လုံခြုံလာမည်ဟု ထင်မိပါသည်။ သည့်နောက်တွင် ပတ်ဝန်းကျင်အသစ်ကို မစိမ်းတော့ဘဲ ကျောင်းတက်ရသည် ကိုလည်း ပျော်ရွှင်လာလိမ့်မည်။ ငိုနေတဲ့ ပူတူးလေးတွေ ကြည့်ရင်း အိမ်ပြန်သွားပြီဖြစ်တဲ့ သူတို့မေမေတွေကို ပြောပြချင်နေမိသည်။ ကျောင်းတက်စတွင် ကလေးတိုင်း ငိုတာထုံးစံပင်၊ နောက်တော့ နေသားကျသွားမှာပါ ဆိုစေအုံးတော့ ပူတူးလေးတွေ စိတ်ထဲ လုံခြုံနွေးထွေးမှုတော့ ခံစားရစေချင်မိသည်။

ထိုသို့လုပ်ပေးစေချင်မိသည်။ပူတူးငယ်လေးတွေကို ကြည့်ရင်းရင်ထဲမှာ စကားလုံးတွေနှင့် ပြည့်နေခဲ့ပေမယ့် ပြောရမည့်သူ၊ နားထောင်မည့်သူများက အနီးအနားတွင် မရှိပါချေ။ ကျောင်းဖွင့်ချိန် ကျောင်းစတက်ခါစကလေးတွေ ငိုကြသည်ကို သာမန်ကိစ္စတစ်ရပ်ဟုသာ မိဘတော်တော်များများက သတ်မှတ်ထားကြသည်။ သို့သော် သတိမထားပါက ကလေးတွေ ကျောင်းသွားရမည်ကို ကြောက်သွားကာ ကျောင်းနေမပျော်သူများဖြစ်သွားနိုင်သည်။ ကျောင်းနေမပျော်ဘဲ ကလေးတွေကျောင်းနှင့် ဝေးကွာသွားနိုင်ခြင်းသည် နောင်တစ်ချိန်လူငယ်လေးများဖြစ်လာကြမည့် ကလေးများ၏ ဘဝအတွက် အနာဂတ်တွင် အန္တုတ်လက္ခဏာပင် ဖြစ်ပေလိမ့်မည်။ ဒါကြောင့်ပင် ပူတူးလေးတွေ ကျောင်းစတက်ရက်များမှာ မိဘများက အချိန်ပေးကာ ပူတူးလေးများအလိုရှိက ခေါ်၍ရနိုင်ရန် ကျောင်းအနီးအနားတွင် အခြေအနေကြည့်ကာ ခေတ္တခဏ ရှိနေပေးသင့်ကြောင်းကို နားလည်သူ တာဝန်သိများက အသိမျှဝေသင့်သည့်ဟု စိတ်ထဲ ဖြစ်မိသည်။

(၃)

အတန်းလေးအပြင်ဘက် မလှမ်းမကမ်း တစ်နေရာမှာရပ်ပြီး စာသင်ခန်းလေးကိုကြည့်ကာ သားလေးကိုချီထားရင်း အတွေးနယ်ချဲ့ကာ တွေးနေစဉ်မှာပင် အတန်းထဲက ဆရာမလေး ထွက်လာပြီး ငိုနေသော ပူတူးလေးတွေကို အတန်းထဲ အတင်းပွေ့ချီ ဆွဲခေါ်ကာ ထည့်ဖို့ ကြိုးစားလေသည်။ ပူတူးတွေကလည်း အမေ၊ အမေ ဟု အော်ခေါ်ကာ ရုန်းကန်နေပါသည်။ “အတင်းမထည့်ပါနဲ့လား ဆရာမလေးရယ်၊ ချော့မော့ပြီးပဲထည့်ပါ၊ ကျောင်းတက်ရတာ ကြောက်သွားပါ့မယ်။ စိတ်ဒါဏ်ရာရသွားပြီး ပတ်ဝန်းကျင်အသစ်မှာ အမြဲအကြောက်တရားနဲ့ ကြီးပြင်းလာတတ်တဲ့ စိတ်စွဲသွားပါ့မယ်။ ကလေးလေးဆိုသော်လည်း သူတို့လေးတွေဟာ အနာဂတ်အတွက် တောက်ပနေသော ကြယ်ပွင့်လေးတွေပါ။ အဖိုးတန်လှသောလူသားအရင်းအမြစ်လေးတွေပါ၊ ညင်ညင်သာသာ

ချော့မြှူပါ ဆရာမရယ်”ဟု ပြောချင်သော်လည်း စကားလုံးတွေက လည်ချောင်းထဲတွင်သာ တစ်ဆို့နေခဲ့သည်။ ခဏကြာတော့ တခြားဆရာမတစ်ယောက် ရောက်လာကာ အခန်းတံခါး ပိတ်ထားလိုက်တော့သည်။ ဒါမှ သူတို့အပြင် မထွက်မှာဟု လာပြောသွားပါသည်။ ငိုနေသောပူတူးလေးများအတန်းက ဆရာမလည်း ထိန်းမနိုင်တော့ပြီထင်ပါသည်။ ထိုအကြံပေးချက်ကို လက်ခံကာ ပူတူးလေးတွေကိုစိတ်မရှည်စွာ၊ စိတ်ပင်ပန်းစွာဖြင့် အခန်းထဲ အတင်းထည့်ကာ တံခါးပိတ်ဖို့ ကြိုးစားလေပြီ။ “အဲ့လိုကြီးမလုပ်ပါနဲ့လား ဆရာမရယ်၊ အတင်းပိတ်လှောင်သလို ဖြစ်နေပါ့မယ်၊ သူတို့ငိုချင်လည်း ခဏလောက်တော့ ပေးငိုလိုက်ပါ၊ ငိုနေပါစေလား” လို့ ရင်ထဲမှာ အကြိမ်ကြိမ် ပြောနေမိပါသည်။ ထိုဆရာမလေး မျက်နှာကို လှမ်းကြည့်လိုက်တော့လည်း စိတ်ပင်ပန်းမှု သောကတွေနှင့်။ တာဝန်ကတစ်ဘက်၊ ငိုနေသော ပူတူးကလေးတွေကို ထိန်းနေရတာက တစ်ဘက် ဖြစ်နေလေသည်။ အခန်းထဲ လှမ်းကြည့်လိုက်မိတော့လည်း ကလေးတွေက အများကြီးပေမို့ ငိုနေတဲ့ပူတူးလေးတွေကို အချိန်ကြာကြာ ချော့မော့ဖို့ သူမည်သို့မျှ မတတ်နိုင်ဖြစ်နေရှာသည်။ ဒီလောက်များတဲ့ ကလေးတွေအတွက် ဤကျောင်းလေးတွင် KG တန်းတစ်တန်းမှာ ဆရာမ ဘယ်နှစ်ယောက်ထားပေးလဲ ကိုယ်မသိပါ။ တစ်ယောက်တည်းနှင့် မနိုင်၊ အင်အားမမျှတာတော့ သေချာပါသည်။ ထိုသို့ပြောရခြင်းမှာ အသိတစ်ယောက်၏ သမီးလေးထားသောအင်တာနေရှင်နယ်ကျောင်း တစ်ကျောင်းတွင် KG တန်းတစ်တန်းအတွက် ဆရာမလေးယောက် ထားပေးထားသည်ဟု ကြားသိထားသည် တစ်ကြောင်း၊ ကိုယ်ကိုယ်တိုင် မိခင်တစ်ယောက် ဖြစ်နေသည့်အတွက် ကလေးတစ်ယောက်ကိုပင် ထိန်းရသည်မှာ မည်မျှပင်ပန်းကြောင်း ကိုယ်အသိဆုံးဖြစ်သောကြောင့် ဖြစ်ပါသည်။ သားလေးလေးကိုချီကာ ကိုယ့်အတွေးတွေ နယ်ချဲ့ကောင်းနေစဉ်မှာပင် ဆရာမလေးသည် ခိုင်မာသောဆုံးဖြတ်ချက်ကို ချပြီးသော စစ်သူကြီးအလား ပူတူးလေးတွေကို စာသင်ခန်းထဲ မရမက ရအောင်ထည့်ကာ စာသင်ခန်းတံခါး နှစ်ဘက်ကို ပိတ်ချလိုက်လေတော့သည်။ ငိုနေသော ပူတူးလေးများလည်း ဆရာမနောက် အတင်း လက်ဆွဲခေါ် ချီမခံရကာ ယက်ကန်ယက်ကန်နှင့် ပါသွားခဲ့ချေပြီ။ ထိုမြင်ကွင်းသည် မိခင်တစ်ယောက်ဖြစ်သော ကိုယ့်အတွက်တော့ မလှပသည်ကတော့ အမှန်ပင်။ စိတ်ထဲ အမည်မဖော်နိုင်သော ခံစားချက်ကလေးဖြစ်မိကာ ကြည့်နေရင်းကပင် စာသင်ခန်း တံခါးလည်း ပိတ်ပြီ၊ ကျောင်းတက်ခေါင်းလောင်းထိုးသံလည်း ကြားလိုက်ရပြီမို့ တစ်ခြားကျောင်းသား မိဘတွေနည်းတူ ကိုယ်လည်း ကျောင်းဝင်းထဲက စိတ်မသက်မသာဖြင့် ထွက်လာခဲ့လိုက်ပါတော့သည် ။

■ **K လိုဘမ်း**






# သီချင်းကလေးတွေ

■ ငြိမ်း (ပဲခူး)

သီချင်းကလေးတွေ

သီချင်းကလေးတွေ နားထောင်ရတာကို ကျွန်တော် ကြိုက်နှစ်သက်တယ်။

ကုန်လွန်ခဲ့တဲ့ ဘဝရဲ့စာမျက်နှာတွေကို ပြန်လှန် ကြည့်လိုက်တော့ သီချင်းကလေးတွေကို ကျွန်တော် ဆယ်တန်းကျောင်းသားအရွယ်မှာ စတင်နားထောင်ခဲ့တာပဲ ဖြစ်ပါတယ်။ အဲ့ဒီအချိန်တုန်းက ကျွန်တော်ဟာ အင်္ကျီအဖြူ လက်တိုကလေးကိုဝတ်ပြီး လုံချည်အစိမ်းကလေးကို ချက်ပြုတ်ဝတ်ကာ ဂျပန်စက် ဘီးတပတ်နွမ်းကလေးကိုနင်းပြီး ကျောင်းကို စောစောသွားတယ်။ ကျောင်းရောက်တာနဲ့ ကျောင်းထဲကို တန်းမဝင်သေးဘဲ အိမ်ကပေးလိုက်တဲ့ မုန့်ဖိုးနှစ်ရာနဲ့ ကျောင်းရှေ့မှာရှိတဲ့ လက်ဖက်ရည်ဆိုင်မှာထိုင်ကာ သီချင်းနားထောင်ပါတယ်။

"ဟိုတခါ စိတ်ကောက်တတ်တဲ့ မင်းရဲ့မျက်နှာ" တို့ "ရိုးရိုးလေးမို့ချစ်တာ ချောချောလေးမို့ချစ်တာ" တို့ "တကယ်ဆိုနင်ဟာ လှပြီးသားပါ" တို့ စတဲ့ သီချင်းကလေးတွေပဲ ဖြစ်ပါတယ်။ မှတ်မှတ်ရရ အဲ့ဒီအချိန်တုန်းက ကျွန်တော်နားထောင်ခဲ့တဲ့ သီချင်းကလေးတပုဒ်ထဲမှာ အမျိုးသမီး သရုပ်ဆောင်တယောက် အမျိုးသား Toilet ထဲကို ဝင်သွားတဲ့အခန်းကလည်း မီဒီယာလောကထဲမှာ ပွက်လောရိုက်သွားသေးတယ်။

ကျွန်တော်ဟာ ဆယ်တန်းတက်နေတဲ့ တနှစ်ပတ်လုံး သီချင်းကလေးတွေကို နားထောင်းရင်း ဆယ်တန်းအောင်တဲ့ လူတွေအတွက် ဘွဲ့ရတဲ့လူတွေအတွက် သူတို့နဲ့ထိုက်တန်တဲ့ အလုပ်အကိုင် အခွင့်လမ်းတွေ ကျွန်တော်တို့နိုင်ငံမှာ အဆင်သင့် မရှိသေးဘူးဆိုတာကို မသိသေးဘူး။ အကပ်ရှိမှ အလုပ်ရမှာတို့ ပိုက်ဆံပေးနိုင်မှ အလုပ်ရမှာတို့ ဆိုတာကို မသိသေးဘူး။ တီဗွီတွေ အောက်စက်တွေကို အခြားနိုင်ငံတွေမှာ အောက်ခြေလူတန်းစားတွေတောင် ဝယ်နိုင်တဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ ဘာကြောင့်မဝယ်နိုင်ရတာလဲ ဆိုတာကို မသိသေးဘူး။ တက္ကသိုလ်တွေ ကောလိပ်တွေဟာ ဘာကိစ္စကြောင့် မြို့အပြင်ဘက်တွေမှာ ရှိနေရတာလဲဆိုတာကို မသိသေးဘူး။ ကျွန်တော်နေတဲ့ မြို့ကလေးရဲ့ အချက်အခြာနေရာတွေမှာ ကျွန်တော်တို့ လူမျိုးတွေ ပျောက်ဆုံးနေတာကို မသိသေးဘူး။ အဲ့ဒီလို မသိသေးတာတွေ များနေပေမယ့်လည်း သီချင်းကလေးတွေကိုတော့ ကျွန်တော် နားထောင် တတ်နေပြီပဲ ဖြစ်ပါတယ်။

သေသေချာချာစဉ်းစားကြည့်လိုက်ရင် သီချင်းကလေးတွေကို ကျွန်တော်တို့လူသားတွေက ဖန်တီးထားတာ။ သီချင်းကလေးတွေထဲမှာ ဖန်တီးတဲ့လူရဲ့ ပျော်ရွှင်ကြည်နူးမှုတွေ၊ နာကျည်းမုန်းတီးမှုတွေ၊ သူနေထိုင်ရာပတ်ဝန်းကျင်အပေါ် နိုင်ငံအပေါ် အလိုမကျမှုတွေ၊ သူရောက်ရှိနေတဲ့ ခေတ်အပေါ် ပေါက်ကွဲမှုတွေ စတဲ့ ခံစားချက်ပေါင်းစုံကို ဂီတအမျိုးအစားပေါင်းစုံနဲ့ ဖန်တီးထားတာပေါ့။ အဲ့ဒါကြောင့် သီချင်းကလေးတွေကို နားထောင်တဲ့လူတွေဟာ ကိုယ့်ရင်ခုန်သံနဲ့ ထပ်တူကျတဲ့ သီချင်းကလေးတွေကို ရွေးချယ်ကာ နားထောင်လို့ရပါတယ်။

ကျွန်တော်တို့ခေတ်တုန်းက လူငယ်အများစုဟာ သီချင်းကလေးတွေကို နားထောင်ချင်တယ်ဆိုရင် ကိုယ်ထိုင်နေကျ လက်ဖက်ရည်ဆိုင်ဆီကို သွားတော့တာပဲ။ တချို့က လမ်းလျှောက်ပြီး သွားကြတယ်။ တချို့က စက်ဘီးကလေးတွေနင်းပြီး သွားကြတယ်။ လက်ချိုးရေလို့ရတဲ့ တယောက်

နှစ်ယောက်လောက်သာ ဆိုင်ကယ်ကလေးတွေကို မောင်းပြီး သွားကြပါတယ်။

အဲ့ဒီမှာ ဘွဲ့ရအလုပ်လက်မဲ့ လူငယ်ကလေးတွေ၊ ဆယ်တန်း ကျပြီး ပြန်မဖြေတော့တဲ့ လူငယ်ကလေးတွေ၊ အတန်းပညာ သိပ်မရှိတဲ့လူငယ်ကလေးတွေဟာ ကိုယ်ကြိုက်နှစ်သက်တဲ့ သီချင်းကလေးတွေကို နားထောင်ရင်း နိုင်ငံပိုင်သတင်းစာ တွေကို ဖတ်လိုက်၊ ပုဂ္ဂလိက သတင်းဂျာနယ်တွေကို ဖတ်လိုက်နဲ့ ကိုယ်ဖတ်နေတဲ့ သတင်းစာတွေ ဂျာနယ်တွေထဲ က စကားလုံးကလေးတွေဟာ စက်ရုပ်တရုပ်လို ထိန်းချုပ်ခြင်း ခံထားရပြီး အဖြတ်အတောက်တွေ ရှိနေတယ်ဆိုတာကို သတိမထားမိဘူး။ လူငယ်ကလေးတွေရဲ့ စိတ်တွေက လက်ဖက်ရည်ဆိုင်ပိုင်ရှင်ကို ကိုယ်ဖွင့်ခိုင်းထားတဲ့ သီချင်း အလှည့်ရောက်ရင် သတိပေးဖို့ကိုသာ စိတ်ကရောက် နေတယ်။ အဲ့ဒီလိုပဲ ကိုယ်ရောက်နေတဲ့ ခေတ်ထဲမှာ သီချင်းကလေးတွေကို နားထောင်ရင်း ကျွန်တော်တို့ လူငယ်ကလေးတွေဟာ အလိုက်သင့်လိုက်ပါစီးမျောလို့

ဒီမိုကရေစီ
သူ့ရဲ့ကောင်းတွေ ကို
ဦးညွှတ်ရင်း ကျွန်တော့်
နားထဲမှာလည်း
"ကမ္ဘာမကျေဘူး"
ဆိုတဲ့အသံ တွေဟာ
ကျယ်ကျယ်လောင်လောင်
နဲ့ ပဲ့တင်ထပ် လို့ နေလေရဲ့



Photo: Irrawaddy

နေခဲ့ကြတာပေါ့။

အဲ့ဒီအချိန်တုန်းက လက်ဖက်ရည်ဆိုင်ထိုင်ရင်း သီချင်း နားထောင်နေကြတဲ့ ကျွန်တော်တို့ လူငယ်ကလေးတွေကို မိဘတွေက "ဆန်ကုန်မြေလေးတွေ" "အလုပ်မရှိ အကိုင်မရှိ တွေ" "ငပျင်းတွေ" လို့ နေ့စဉ်နေ့တိုင်း ပြောဆိုကြတယ်။

အဲဒီအခါ ကျွန်တော်တို့ လူငယ်ကလေးတွေကလည်း ဉာဏ်မှီသလောက် ပြန်ခံပြောမိကြတယ်။ "လူတယောက်ကို နင်းကန်ခိုင်းနေတော့ မခံနိုင်ဘူးဗျာ" တို့ "ဆယ်တန်းအောင် တယောက်က အလုပ်ကြမ်းတွေ လုပ်ရမှာလား" တို့ "ဘွဲ့ရ တယောက်အတွက် ရတဲ့လခက နည်းတယ်ဗျာ" တို့ စတဲ့ စကားလုံးကလေးတွေနဲ့ ဖြူဖြူစင်စင်ပုန်ကန်ခဲ့ကြတယ်။

ပြီတော့ မိဘတွေရဲ့ နောက်ကွယ်မှာလည်း ကျွန်တော်တို့ လူငယ်ကလေးတွေအချင်းချင်း အတင်းပြောကြပါသေးတယ်။ "ဒယ်အိုးကြီး ညော်တယ်" တို့ "နားမဒိန်းကျင့်တယ်" တို့ စတဲ့ စကားလုံး ကလေးတွေနဲ့ပေါ့။ ဒီလိုပါပဲ။ စိတ်ဆိုးတုန်းခဏပဲ။ တအောက်လောက်နေရင် မေ့သွားတာပါပဲ။ အဲဒါကြောင့် အိမ်မှာနေလို့မရတာနဲ့ လက်ဖက်ရည်ဆိုင်မှာ နားခိုရင်း သီချင်း ကလေးတွေကို ဖက်တွယ်လို့ ထားခဲ့ကြတယ်။ တော်သေးတယ်။ သီချင်းကလေးတွေရှိလို့ သာပေါ့။ နို့မို့ဆိုရင် ကျွန်တော်တို့ခေတ်က လူငယ်ကလေးတွေဟာ ဘာတွေ ဖြစ်ကုန်ကြမလဲဆိုတာ မပြောတတ်ဘူး။

ကျွန်တော်တို့ခေတ်က နားထောင်ခဲ့တဲ့ သီချင်းက လေးတွေ ကလည်း အများအားဖြင့် အချစ်သီချင်းကလေးတွေသာ ဖြစ်ပါတယ်။ နိုင်ငံရေးနဲ့ပတ်သက်တဲ့ သီချင်းကလေးတွေ အနီရောင်ပါတီနဲ့ ပတ်သက်တဲ့ သီချင်းကလေးတွေကို လက်ဖက်ရည်ဆိုင်တွေမှာဖွင့်တာ မကြားရသလောက်ပဲ။

လက်ဖက်ရည်ဆိုင်ပိုင်ရှင်ကို ပြောထားသလား ဘာလားတော့ မသိပါဘူး။ သေချာတာကတော့ အဲ့ဒီသီချင်းကလေးတွေရဲ့ အသံတွေကို မကြားရတာတော့ အမှန်ပဲ။

သီချင်းကလေးတွေကို နားထောင်နေရင်း ထုတ်လွှင့် ခွင့်မရတဲ့ သီချင်းကလေးတွေ ရှိသေးတယ်ဆိုတာကို လူငယ်ကလေးတွေ အချင်းချင်း ပြောစကားတွေအရ ကျွန်တော် သိလာတယ်။ အဲ့ဒီအခါ ကိုယ်ပိုင်ဝင်ငွေမရှိတဲ့ ကျွန်တော်ဟာ ရေဒီယို ညစဉ်ညတိုင်း နားထောင်နေတဲ့ ကျွန်တော်တို့ ရပ်ကွက်ထဲက ဦးလေးတယောက်ဆီကို သွားရတယ်။

လသာတဲ့ ညတွေ နှင်းကလေးတွေဝေနေတဲ့ ညတွေ မိုးလေးဖွဲဖွဲ ကျနေတဲ့ ညတွေမှာ ရေဒီယိုထဲကနေ ပျံ့လွင့်လာတဲ့ အဝေးရောက်အနုပညာရှင်တွေရဲ့ ကိုယ့်နိုင်ငံကို လွမ်းဆွတ်နေတဲ့အကြောင်း သီဆိုထားတဲ့ သီချင်းကလေးတွေ အစောင်းအချိတ် စကားလုံးကလေးတွေနဲ့ သီဆိုထားတဲ့ သီချင်းကလေးတွေကို နားထောင်ခဲ့ရပါတယ်။ နောက်ပြီး မြန်မာနိုင်ငံကို လွပ်လပ်ရေးရယူပေးခဲ့တဲ့ ဗိုလ်ချုပ် အောင်ဆန်းရဲ့ အကြောင်းကို ရေးဖွဲ့ထားတဲ့ သီချင်းကလေး တွေကိုလည်း နားထောင်ခဲ့ရပါတယ်။ အဲ့ဒီလို နားထောင် နေရင်းနဲ့ "ဟာ ဒါအမှန်တရားတွေကို သီဆိုထားတာပဲ" "သြော် ဒါကြောင့် ထုတ်လွှင့်ခွင့် မပေးတာပဲ" လို့ ကျွန်တော့် စိတ်ထဲကနေ ပြောမိပါသေးတယ်။

ထုတ်လွှင့်ခွင့်မရတဲ့ သီချင်းကလေးတွေကို ရေဒီယိုကနေ ခိုးကြောင်ခိုးဝှက် နားထောင်နေရင်း တခါမှမကြားဘူးတဲ့ သတင်းကလေးတွေကိုလည်း နားထောင်ခဲ့ရတယ်။ အဲ့ဒီအခါ ကျွန်တော်ဟာ တံခါးပိတ်ဝါဒအကြောင်းတွေ၊ ဗဟိုစီမံကိန်းချ စီးပွားရေးစနစ် အကြောင်းတွေ၊ လူ့အခွင့်အရေး အကြောင်း တွေ၊ ထိုင်ခုံမှာထိုင်ပြီးရင် ဘယ်တော့မှမထချင်တဲ့ လူတယောက်ရဲ့ အကြောင်းတွေကို သိခဲ့ရတယ်။ ပြီးတဲ့အခါ ကျွန်တော်တို့ လူငယ်ကလေးတွေကိုလည်း အချစ်သီချင်း ကလေးတွေကို နားထောင်ကာ မြန်မြန်ရည်းစားရ မြန်မြန် မိန်းမရပြီး မိသားစုစားဝတ်နေရေးတွေနဲ့ တိုင်ပတ်ကာ ထမင်း နပ်မှန်အောင် မနည်းရုန်းကန် လှုပ်ရှားနေရတဲ့ အခြေအနေ တွေကို တမင်ဖန်တီးထား သလားလို့တောင် စဉ်းစားမိခဲ့ပါ သေးတယ်။

အဲ့ဒီခေတ်တုန်းကလည်း အခုခေတ်လို အင်တာနက်တွေ ဖေ့ဘွတ်တွေ မရှိသေးတော့ ဖျော်ဖြေရေးအနေနဲ့ သီချင်း ကလေး တွေကိုပဲ တစိုက်မက်မက် နားထောင်ခဲ့ကြပါတယ်။ သီချင်းကလေးတွေထဲမှာပဲ ကိုယ့်နိုင်ငံရဲ့နိုင်ငံရေး အခြေအနေ တွေကို ရှာဖွေခဲ့ကြပါတယ်။ ဒီလိုနဲ့ ခေတ်တခေတ်ကနေ တခေတ်ကိုကူးပြောင်းရင်း သီချင်းကလေးတွေဟာလည်း ပြောင်းလဲသွားပါတယ်။ လေထုထဲမှာ လွပ်လပ်စွာ ပျံ့လွင့်ခွင့် ရလာပါတယ်။ အခုဆိုရင် ဖုန်းတလုံးရှိရုံနဲ့ အင်တာနက်ကနေ ကိုယ်ကြိုက်နှစ်သက်တဲ့ အဆိုတော်တွေရဲ့ သီချင်းကလေး တွေကို ဒေါင်းလုပ်ဆွဲကာ နားထောင်လို့ရနေပြီပဲ ဖြစ်ပါတယ်။

သီချင်းကလေးတွေ ပြောင်းလဲသွားသလို ကျွန်တော်လည်း အလုပ်မျိုးစုံလုပ်ကာ ဘဝမျိုးစုံပြောင်းလဲ သွားပါတယ်။ ဒါပေမယ့် သီချင်းကလေးတွေကိုတော့ နားထောင်မြဲပါပဲ။ မှတ်မိပါသေးတယ်။ ကျွန်တော် ဂျာနယ်တစောင်မှာ စာစီ စာရိုက် အလုပ်ကိုလုပ် နေချိန်တုန်းက ပရုဖတ်တဲ့ ဦးလေး တယောက်က သူ့တို့ခေတ်က သီချင်းကလေးတပုဒ်ကို ဖွင့်ပြ တယ်။ သီချင်းကလေးရဲ့နာမည်က "ကမ္ဘာမကျေဘူး" တဲ့။

အဲ့ဒီသီချင်းကလေးကို နားထောင်နေရင်း သီချင်းကလေးထဲက ပုံရိပ်ကလေးတွေကို ကျွန်တော်ပုံဖော် ကြည့်မိတယ်။ အဲ့ဒီအခါ ကျွန်တော့်မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ ပြည့်လျှံလို့ လာတယ်။ ပြီးတဲ့အခါ ပြည်သူတွေ ဆန္ဒပြတာကို ဒီလောက် တောင် ရက်စက်ရသလားလို့လည်း တစ်ယောက်ထဲ ပြောနေမိ သေးတယ်။ ကျွန်တော်တို့ နိုင်ငံတော်ကြီးကို ဒီမိုကရေစီရဖို့ အတွက် ခက်ခဲပင်ပန်းဆင်းရဲစွာနဲ့ အသက်စွန့်ကာ တိုက်ပွဲဝင်ခဲ့ကြတဲ့ လူတန်းစားအလွှာ အသီးသီးက ဒီမိုကရေစီ သူရဲကောင်းတွေ ကို ဦးညွှတ်ရင်း ကျွန်တော့်နားထဲမှာလည်း "ကမ္ဘာမကျေဘူး ဆိုတဲ့ အသံတွေဟာ ကျယ်ကျယ် လောင်လောင်နဲ့ ပဲ့တင်ထပ်လို့ နေလေရဲ့။

■ ငြိမ်း (ပဲခူး)

# ဗိသုကာ အမေ

- အလင်းမဲ့ စတား (တောင်ငူ)

(၁)

ကျွန်တော်မှာ ဗျည်း ၃၃-လုံးကို လက်နဲ့ ထောက်ပြလို့ ဘာဗျည်း အက္ခရာမှန်းတောင် မသိတဲ့ အမေတစ်ယောက်ကို ပိုင်ဆိုင်ထားတယ်။

စာမတတ်တဲ့ အမေက သားသုံးယောက်ကို ဈေးရောင်း ကျွေးပြီး လူလားမြောက်စေခဲ့တယ်။ သားတွေကို ပညာတတ် ကြီးတွေ ဖြစ်စေချင်တဲ့အမေ သူ့ဆန္ဒအတိုင်း မဖြစ် ဖြစ်အောင် ရှာဖွေပြီး ကျောင်းထားတယ်။

ဒါပေမယ့် ပညာတတ်အဖြစ် မခံယူနိုင်ခဲ့တဲ့ ကျွန်တော်နဲ့ အလတ်ကောင်က အခုတော့ မပြည့်စုံတဲ့ အတောင်ပံတစ်စုံနဲ့ အားကုန်ပျံ သန်ရင်း အတောင်ညောင်းတိုင်း အမေ့အေးရိပ်မှာ ခိုလှုံနေရဆဲပါပဲ။

•

"သားက အမေ့ထက် ပညာတတ်ပါတယ်" ဆိုတဲ့ အမေ့ရဲ့ အတ္တမဲ့ နှိမ့်ချမှု စကားလုံးတွေအောက်မှာ ကျွန်တော်တို့ ကိုယ့်ကိုယ်ကို အထင်ကြီးခဲ့ဖူးတယ်။

ဒါပေမယ့် အပေါင်းအနုတ် အမြှောက်အစားတွက်ဖို့ ကြုံရတိုင်း ကျွန်တော်တို့က လက်ချိုးရေနေတုန်း အမေက အဖြေပေး နိုင်ခဲ့တာ အမြဲတမ်းပဲ။

တစ်ခါတစ်လေ "အမေက သားတို့လောက် စာမတတ်ပါဘူး" ဆိုတဲ့ အမေ့စကားကို အလိုလို ကျောချမ်းလာမိသလို အမေ့ ရှေ့မှာ သင်္ချာမတွက်မိအောင်လည်း ရှောင်ဖြစ်ခဲ့ဖူးတယ်။ ပညာတတ်အဖြစ် ဘဝင်မြင့်ချင်တဲ့ ကျွန်တော်တို့က အမေ့ ရှေ့မှာ မရှိတဲ့သိက္ခာကို မကျ ချင်ကြဘူးလေ။

(၂)

ခြောက်နှစ်ကျော် ဈေးတောင်းခေါင်းတင်ခဲ့ရတဲ့ အမေက သူ့ရဲ့ အထွေထွေ ဈေးစာရင်း မှတ်စု စာအုပ်လေးကို အခုအချိန်ထိ သိမ်းထားတုန်းပဲ။

အမေ့ ဈေးစာရင်းစာအုပ်ကို ကျွန်တော်တို့ မဖတ်တတ်ပါဘူး တုတ်ချောင်းလေးတွေ ခရေပွင့်လေးတွေ အမှန်ခြစ်လေးတွေ ပွထနေတဲ့ အမေ့စာအုပ်က အမေပဲဖတ်တတ်တယ်။ ဒီနေ့ထိ သူ့စာအုပ်ကို ပြန်လှန်ကြည့်မိတိုင်း "တောင်ပိုင်းက မိအေး ဆီမှာ အကြွေး ၁၅ ကျပ် ရွာလယ်က ဖိုးထွေးဆီမယ် ၇ ကျပ်" စတဲ့ အကြွေးတွေ ပြန်မရခဲ့ကြောင်း ပြောနေတတ်တယ်။ မှတ်မိနေတတ်တယ်။

သူ့ဈေးစာရင်း စာအုပ်ရဲ့ကျောဖုံးက သင်္ချာအလီ ဇယားကွက် ကိုလည်း ယနေ့အထိ အားတဲ့အချိန်တိုင်း စိုက်ကြည့်ပြီး ရေရွတ်နေတုန်းပဲ။ သူ့ဈေးစာရင်းစာအုပ်ရဲ့ နောက်ကျောဖုံးပါ သင်္ချာဇယားကွက်က အမေ့ရဲ့ သင်္ချာပညာသင်ယူခဲ့တဲ့ ယူနီဗာစီတီ။

ဒီလိုနဲ့ အမေ့ရဲ့ သင်္ကေတနဲ့ ဇဝနညာဏ်ကို အရွယ်ရောက်လို့ တွေးဆတတ်လာလေလေ အထင်မသေးဝံ့လေလေ ဖြစ်လာခဲ့ ရတယ်။

(၃)

တစ်နေ့ ညီဖြစ်သူ ရှစ်တန်းကျောင်းသားက ကျောင်းတက်ခါနီး မှ ရေးကြီးသုတ်ပြာနဲ့ စက်ဘီးအမြန်နင်ပြီး အိမ်ပြန်လာတယ်။

"အမေ့ အမေ့ သား သင်္ချာ သခ်ာင်္နီးစာ စာအုပ် (၂) မတွေ့မိ ဘူးလား" လို့ ပြာပြာသလဲနဲ့ မီးဖိုထဲကအမေ့ကို လှန်းမေးရင်း သူ့စာအုပ်ပုံတွေကြား ဖြုရှာနေတယ်။

"နင့်စာအုပ်တွေ ငါကိုင်တာမှ မဟုတ်တာ ဘယ်လိုလုပ် သိမှာလဲ" လို့အော်ဖြေပြီး အမေကသူ့အလုပ်သူ ဆက်လုပ်နေ တယ်။

ကျွန်တော်လည်း ညီဖြစ်သူ သင်္ချာစာအုပ်ကို ဟိုရှာဒီရှာ လိုက်ရှာကူရင်း ညီနဲ့အတူ ပြာယာခက်နေတုန်း

"ဒါ နင့် သင်္ချာ သခ်ာင်္နီးစာ (၂)စာအုပ်မဟုတ်လို့ဘာတုန်း"ဆိုတဲ့ အမေ့အသံကို အိမ်ဘေးက ပန်းအိုးတွေထားတဲ့ ဒန်းလေးဘက် က ထွက်လာသံကြား လိုက်ရတယ်။ ညီအစ်ကိုနှစ်ယောက် အမေ့ဘက်ကို လှမ်းကြည့်လိုက်တော့ အမေ့လက်ထဲမှာ သင်္ချာစာအုပ် (၂) ကို ကိုင်ရက်သား။

"အမေက စာမဖတ်တတ်ဘဲ ဘယ်လိုလုပ် သင်္ချာ (၂) စာအုပ်မှန်းသိလဲ "လို့ ညီဖြစ်သူက ရယ်ပြီးလှမ်းမေးတော့ သင်္ချာစာအုပ်ကို ညီဖြစ်သူဆီပေးပြီး အမေက မီးဖိုဘက် ပြန်ထွက်သွားရင်း စကားတစ်ခွန်းကို တည်ငြိမ်စွာပဲ ပြော လိုက်တယ်။


"ငါစာမဖတ်တတ်ပေမဲ့ နင်စာကျက်တဲ့ နေရာကိုလည်း သိတယ် တစ်နဲ့နှစ်လည်း ခွဲတတ်တယ်" တဲ့ လေ။

"သြော် အမေ အမေ စာမတတ်တဲ့ အမေက သားသမီးတွေ ဘဝတစ်လျှောက်လုံးအတွက် လိုသလို ပုံသွင်းပေးနိုင်ဖို့ အသေးအမွှားလေးကအစ စောင့်ကြည့်နေတတ်တဲ့ ဗိသုကာ လက်ပိုင်ရှင် ကဝိတစ်ဆူပါပဲလား" လို့တွေးရင်း အမေ့ ကျောပြင်ကို ငေးကြည့်မိလိုက်တယ်။ ။

**■ အလင်းမဲ့ စတား(တောင်ငူ)**

# အချစ်သည် သဝန်တိုစိတ်ကောက်တတ်သည်

ခိုင်မြဲသူယျ



အချစ်သည် သဝန်တိုစိတ်ကောက်တတ်သည်

"ဟယ်…လင်းဝေ၊ နင် လင်းဝေမို့လား။"

"ဟာ…မို့မို့"

ရွှေတိဂုံဘုရားရင်ပြင်ပေါ်၌ မျက်နှာချင်းဆိုင် လျှောက်လာသော မိန်းကလေးနှစ်ဦးအနက်က ရွှေအိုရောင်ဆံပင် ခွေလိပ်လိပ်နှင့် မိန်းကလေးရဲ့ အံ့သြဝမ်းသာသော နှုတ်ဆက်သံကြောင့် အသိအကျွမ်းတစ်ယောက်ဟု လင်းဝေ သိလိုက်ရ၏။ သူလည်း အံ့သြဝမ်းသာသွား၏။

"နင်အခု ဘယ်မှာနေတာလဲ၊ ဘာတွေလုပ်နေလဲ။ အိမ်ထောင်ကော ကျပြီးပြီလား။ ဒါ နင့်ကောင်မလေးလား။"

စက်သေနတ်ပစ်သလို တရစပ်မေးမြန်းလိုက်သော မို့မို့၏ မေးခွန်းများအောက်တွင် လင်းဝေ ဘယ်ကစ၍ ဖြေရမှန်း မသိချေ။ နံဘေးတွင် သူ၏ လက်ဖဝါးကို ဆုပ်ကိုင်ထားပြီး မတ်တပ်ရပ်နေသော ရွှေမှုန်ကိုလည်း မို့မို့က သေချာစိုက်ကြည့်၏။

"ငါ အခု ရန်ကုန်မှာ အလုပ်လုပ်နေတာဟ။ လောလောဆယ်တော့ လှည်းတန်းက အဆောင်တစ်ခုမှာ ငှားနေတယ်။သူက ငါ့ချစ်သူပါ။ နာမည်က ရွှေမှုန်တဲ့။"

လင်းဝေက ရွှေမှုန့်ကို မို့မို့နဲ့ မိတ်ဆက်ပေးလိုက်၏။ မိန်းကလေးနှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပြုံးပြကြသည်။

"တို့နာမည်က မို့မို့ခင်ပါ၊ တို့နဲ့လင်းဝေနဲ့က ငယ်သူငယ်ချင်းတွေလေ၊ ဆယ်တန်းမှာ တို့က လင်းဝေတို့မြို့ကနေ ရန်ကုန်ကို ပြောင်းခဲ့တာ၊ အဲဒီကတည်းက မတွေ့ကြတော့တာပဲ။"

မို့မို့ခင်က ရွှေမှုန်ကို ရှင်းပြသည်။ တစ်ဆက်တည်းမှာပင် သူမ၏ ပိုက်ဆံအိတ်ထဲမှ လိပ်စာကတ်လေးကို ထုတ်ရင်း

"ရော့…လင်းဝေ၊ ဒါ ငါ့လိပ်စာကတ်၊ နင်အားတဲ့အခါဖြစ်ဖြစ် အကူအညီလိုတဲ့အခါဖြစ်ဖြစ် လာခဲ့ပါ။ နင့်ဖုန်းနံပါတ်လည်း ပြောဦးလေ။"

"အေးပါ သူငယ်ချင်း၊ ငါ့ဖုန်းနံပါတ်က……။"

ကျောင်းတုန်းသူငယ်ချင်းတွေထဲမှာ ဘယ်သူတွေဘယ်ရောက်နေကြလဲ။ ဘာတွေလုပ်နေကြလဲနှင့် ကျောင်းတုန်းက အမှတ်တရတချို့ကို ပြန်ပြောင်းပြောဆိုရင်း ခဏအကြာတွင်တော့ မို့မို့ခင်က သူတို့နှစ်ယောက်ကို နှုတ်ဆက်ထွက်ခွာသွားသည်။

"ကဲ…ရွှေမှုန် ပုတီးစိပ်မှာမို့လား။ ကိုကို ခါတိုင်းလို ထိုင်စောင့်ပေးမယ်လေ။"

ရွှေမှုန် ပုတီးစိပ်နေကျ ဗုဒ္ဓဟူးနံထောင့်ကို ရောက်တော့ လင်းဝေက ပြောလိုက်၏။ ရွှေမှုန်က ခေါင်းခါပြီး ငြင်းသည်။

"တော်ပြီ ကိုကို၊ဒီနေ့တော့ ပုတီးစိပ်ဖို့ အာရုံမရတော့ဘူး။"

"ဘာဖြစ်လို့လဲ။စိတ်ကောက်ပြန်ပြီလား။"

"မကောက်ပါဘူး။"

မကောက်ပါဘူးဟု ပြောသော ရွှေမှုန်၏ ချစ်စဖွယ် နှင်းဆီနှုတ်ခမ်းသည် သိသိသာသာ စူထွက်နေပြီ။ လင်းဝေသည် ဒီလိုဖြစ်လာလိမ့်မည်ကို မို့မို့ကို စတွေ့ကတည်းက သိနှင့်ပြီးသားပင်။ သူ့အပေါ်တွင် သဝန်တိုတတ်သော ရွှေမှုန်ကို သူ ဘယ်လို ရှင်းပြရမည်လော။ အရင့်အရင်တုန်းကလည်း မိန်းကလေးမိတ်ဆွေသူငယ်ချင်းများနှင့် စကားကိုကြာကြာဖြစ်စေ၊ ခဏတစ်ဖြုတ်ဖြစ်စေ ပြောဆိုလျှင် သဝန်တိုကာ စိတ်ကောက်တတ်သည်က ရွှေမှုန့်အကျင့်ပင်။ ထိုအခါမျိုးတွင် သူသည် အကြိမ်ကြိမ်ရှင်းပြပြီး အမျိုးမျိုးချော့ရသည်။ ကိုယ့်ဘက်က ဘာအမှားမှ မကျူးလွန်ရပါဘဲ ရှင်းပြရ ချော့မော့ရသည်ကို ကြာတော့လည်း သူ စိတ်ကုန်စပြုလာပြီ။ ဒီတစ်ခါတော့ ရှင်းပြစရာလည်းမလို၊ ချော့လည်း မချော့တော့ဟု သူ ဆုံးဖြတ်လိုက်၏။ သည်အတိုင်းသာ စိတ်ကောက်နေမည်ဆိုပါက ဒီနေ့အစီအစဉ်များသည် အစီအစဉ်တကျအတိုင်း

မဖြစ်တော့ဘဲ လွဲချော်ပေတော့မည် ဟုလည်း တွေးမိလိုက်၏။ ဒီနေ့အတွက် သူတို့နှစ်ဦး အစီအစဉ်ဆွဲထားသည်က မနက်စောစောတွင် ရွှေတိဂုံဘုရားကို ဖူးမည်။ ရွှေမှုန်က သူမရဲ့ မွေးနံထောင့်တွင် ခါတိုင်းလိုပဲ ပုတီးစိပ်မည်။ အဆင်ပြေသည့် ဆိုင်တစ်ဆိုင်မှာ မနက်စာစားမည်။ ပြီးတော့ စူပါမားကတ်တစ်ခုခုမှာ ရွှေမှုန်အတွက် မွေးနေ့လက်ဆောင် ဝယ်ကြမည်။ ဝယ်ပြီးပါက ရုပ်ရှင်ကြည့်မည်။ ကြည့်ပြီးပါက ကန်တော်ကြီးမှာဖြစ်ဖြစ် အင်းလျားကန်မှာဖြစ်ဖြစ် စကားအေးဆေးပြောမည်။ ညနေစောင်းမှ အိမ်ပြန်ကြမည်။ သည်လိုမျိုး စီစဉ်ထားလေ၏။

"အဲဒါဆို ဘုရားလည်း ဖူးပြီးပြီဆိုတော့ အောက်ဆင်းပြီး မုန့်ဟင်းခါးစားကြမလား။"

သူ့အမေးကို ရွှေမှုန်က မကြားသလိုလုပ်နေ၏။ ဆုပ်ကိုင်ထားသော သူ့လက်ဖဝါးကိုလည်း မသိမသာလွှတ်လိုက်၏။ အင်းမနက်ခင်းစောစော ဇတ်လမ်းတော့ စပြီ။ ဤသည်မှာ ရွှေမှုန်၏ စိတ်ကောက်ခြင်း ဇာတ်လမ်းနိဒါန်းတစ်ခုပင်။ ဒါပြီးရင်တော့ ဇတ်လမ်းအလယ်နှင့် နိဂုံးပိုင်းသည် ထုံးစံအတိုင်း ဖန်တစ်ရာထေနေသော မြန်မာဇတ်လမ်းတွေလို မပြောင်းလဲသော ပုံစံအတိုင်းသွားလိမ့်မည်။ သူသည်အစက မချော့ဘဲနေမည်ဟု စိတ်ကူးထားသော်လည်း ဒီနေ့က မချော့လို့မဖြစ်ဟု တွေးလိုက်၏။ ဒီနေ့ကရွှေမှုန်ရဲ့ ၂၂နှစ်မြောက်မွေးနေ့။ စိတ်ကောက်တတ်သော မိန်းကလေးများသည် မနက်ခင်းတွေ ညနေခင်းတွေ မခွဲခြားဘဲ အချိန်အခါမရွေး နေရာမရွေး စိတ်ကောက်တတ်သလို စိတ်ကောက်ခံရမည့်လူ၏ စိတ်ခံစားမှု အခြေအနေနှင့် အနေအထားကိုလည်း ဂရုမစိုက်ဘဲ စိတ်ကောက်တတ်လေ့ရှိကြ၏။ ဆိုရလျှင် စိတ်ကောက်တတ်သူမှာ စနက်တံဖြုတ်ထားသော ဗုံးတစ်လုံး ပေါက်ကွဲဖို့ အဆင်သင့် ဖြစ်နေသလိုမျိုး အချိန်မရွေး ကောက်တတ်လေသည်။ ဤသို့သော အတွေ့အကြုံနှင့် ကောက်ချက်ကို ကိုယ်တိုင် စိတ်မကောက်တတ်သူ တစ်ဦးဖြစ်သည့် လင်းဝေသည် အစကမသိခဲ့သော်လည်း ရွှေမှုန်နှင့် ချစ်သူတွေဖြစ်ပြီး အချိန်မှာ သိခဲ့ရလေ၏။ ယခုဆိုလျှင် သူတို့နှစ်ဦး၏ ချစ်သူသက်တမ်းသည် တစ်နှစ်ခွဲခန့်ရှိနေပြီ။

ရွှေမှုန် ယခုလိုသဝန်တိုတတ် စိတ်ကောက်တတ်သည်ကို သိကတည်းက လင်းဝေလည်း မိန်းကလေးသူငယ်ချင်းများနှင့် အရင်လောက် ရင်းရင်းနှီးနှီးမနေဖြစ်တော့ပေ။နောက်ပိုင်းတွင် ရွှေမှုန်၏ သဝန်တိုတတ်သည့်အကျင့်ကို သိသွားကြသော သူငယ်ချင်းအားလုံးကလည်း သူ့ကို နားလည်ပေးလို့သာ သူ့အနေဖြင့် မိတ်ဆွေ အပေါင်းအသင်းများ မဆုံးရှုံးရခြင်းပင်။

"ရွှေမှုန်က မင်းကို တော်တော်ကို ချစ်တာပါလားကွာ။ ဒီလောက်လှတဲ့ ကောင်မလေးက မင်းကို ဒီလောက်အထိ ချစ်တာ မင်းကံကောင်းတာပေါ့ လင်းဝေရ။"

"ဟုတ်တယ်လင်းဝေ။ ငါတို့ရည်းစားတွေနဲ့များ ကွာပါ့ကွာ။ ဖုန်းပိတ်ပြီး သွားချင်ရာသွား၊ အရက်သောက်ချင်သောက် နေပေမယ့် မင်းရွှေမှုန်လို ပြဿနာမရှာဘူး။"

"မင်းကို အရမ်းဂရုစိုက်ပြီး မျက်စိအောက်က အပျောက်မခံနိုင်လောက်တဲ့အထိ ချစ်တာကို ဂုဏ်ယူလိုက်စမ်းပါ လင်းဝေရာ။"

အစရှိသော သူငယ်ချင်းများ၏ အားကျချီးကျူးသံများသည် သာမာန်ကြည့်လျှင်တော့ ကိုယ့်ကိုကိုယ် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာသာမက သွေးနားထင်ရောက် လက်မထောင်စရာပင်။ သို့သော် သူသည် ထိုသို့မဖြစ်သလို သူ့ခံစားချက်များကိုလည်း အကျယ်ချဲ့လည်း ရှင်းပြမနေတော့ပါ။ အဘယ့်ကြောင့်ဆိုသော် လူတော်တော်များများသည် ရွှေမှုန်အချစ်ကိုသာ မှတ်ကျောက်တင်ပြီး ရွှေမှုန့်ဘက်ကသာ ထောက်ခံကြသော သူ များဖြစ်သောကြောင့်ပင်။

ရွှေမှုန်သည် လင်းဝေထက် ခြောက်နှစ်ခန့် ငယ်ရွယ်သည်။ သူနှင့်ရွှေမှုန်သည် ရိုးရိုးလေးတွေ့ဆုံခဲ့ပြီး အောင်သွယ်ကောင်းလွန်းခြင်းကြောင့် ချစ်သူဖြစ်ခဲ့ကြခြင်းပင် ဖြစ်သည်။ ရွှေမှုန်က သူမနေထိုင်ရာ စမ်းချောင်းမှ လှည်းတန်းရှိ အင်္ဂလိပ်စကားပြော သင်တန်းတစ်ခုကို လာတက်သည်။ လင်းဝေနှင့် တစ်ဆောင်တည်းနေ တစ်မြို့တည်းသား သူငယ်ချင်းဖြစ်သူ၏ ညီမကလည်း ထိုသင်တန်းမှာ တက်နေ၏။ ထိုကောင်မလေးနှင့် ရွှေမှုန်နဲ့က ရင်းနှီးခင်မင်နေကြတော့ သူငယ်ချင်းနဲ့အတူ မကြာခဏလိုက်လာသည့် လင်းဝေနှင့်ပါ ခင်မင်သွား၏။ ထိုမှအစပြုကာ သူတို့မောင်နှမနှစ်ဦး၏ အောင်သွယ်ကောင်းမှုကြောင့် လင်းဝေနှင့်ရွှေမှုန်သည် ချစ်သူတွေ ဖြစ်သွားကြလေသည်။

"ကိုကိုတော့ ဗိုက်ဆာပြီကွာ။ မုန့်ဟင်းခါး သွားစားကြရအောင်...နော် ရွှေမှုန်လေး။"

လင်းဝေသည် အနူးညွှတ်ဆုံး အညင်သာဆုံးလေသံဖြင့် ရွှေမှုန်ကိုပြောဆိုလိုက်၏။ ရွှေမှုန်သည် ခေါင်းလည်း မငြိမ့်၊ ခေါင်းလည်းမခါသလို စကားလည်း ပြန်မပြောပါ။ လင်းဝေသည် သူထင်သည့်အတိုင်း ဘာမှပြန်မပြောသော်လည်း မငြင်းဆန်သည့် ရွှေမှုန့်ကို ပြုံးပြရင်း သူမလက်ကို ဆွဲကိုင်လိုက်၏။ ထိုနေ့က လင်းဝေကို စိတ်ကောက်နေသော ရွှေမှုန်သည် လင်းဝေဝယ်ပေးသော မွေးနေ့လက်ဆောင်ကို သဘောကျသည့်ဟန်ဖြင့် ခေါင်းညိတ်လက်ခံသော်လည်း၊ အင်းလျားကန်ဘောင်ရှိ ခုံတန်းတွင် နှစ်ယောက်အတူ ထိုင်ခဲ့ကြသော်လည်း လင်းဝေကို စကားတစ်ခွန်းမှ မပြောပေ။

× × ×

ရွှေမှုန်သည် သူ့စကားကို စကြားပြီးကတည်းက ထုံးစံအတိုင်းပင် စတင်စိတ်ကောက်စပြုပြီ။

"ဒီလိုမျိုးခရီးက နှစ်စဉ်နှစ်တိုင်းထွက်နေကြတဲ့ ရွှေမှုန်ရဲ့၊ ကုမ္ပဏီက ဝန်ထမ်းတွေကို ပြန်ပြီးတော့ ဝန်ဆောင်မှုပေးတဲ့သဘော၊ ဘောနပ်စ်ပေးတဲ့သဘောပေါ့။"

"ကောင်မလေးတွေကော ပါမှာဆိုတော့ ကိုကို့ ခရီးထွက်တဲ့အခါ၊ ချောင်းသာရောက်တဲ့အခါ အနေအထိုင် ဆင်ခြင်ရမယ်၊ ကောင်မလေးတွေနဲ့ ဝေးဝေးနေရမယ်။"

"အင်းပါ ရွှေမှုန်ရဲ့၊ ကိုကိုက ခါတိုင်းလည်း အနေအထိုင် ဆင်ခြင်ပါတယ်။"

"ဟုတ်ပါတယ် ကိုကို၊ ဒါပေမယ့် အခုက ခါတိုင်းလို မဟုတ်ဘူးလေ၊ များသောအားဖြင့် ခရီးအတူတူသွားကြရင် မိန်းကလေးနဲ့ ယောကျ်ားလေးဆိုတာက သမီးရည်းစား ဖြစ်ဖို့က မခဲယဉ်းဘူးလေ၊ ခရီးထွက်တာဆိုတော့ စိတ်တွေက လွတ်လွပ်ပေါ့ပါးနေပြီး အနေချင်းကလည်း နီးစပ်တတ်ကြတာကိုး။"

**စိတ်ကောက်တတ်သော မိန်းကလေးများသည် မနက်ခင်းတွေ ညနေခင်းတွေ မခွဲခြားဘဲ အချိန်အခါမရွေး နေရာမရွေး စိတ်ကောက်တတ်သလို စိတ်ကောက်ခံရမည့်လူ၏ စိတ်ခံစားမှု အခြေအနေနှင့် အနေအထားကိုလည်း ဂရုမစိုက်ဘဲ စိတ်ကောက်တတ်လေ့ရှိကြ၏။ ဆိုရလျှင် စိတ်ကောက်တတ် သူမှာ စနက်တံဖြုတ်ထားသော ဗုံးတစ်လုံး ပေါက်ကွဲဖို့ အဆင်သင့် ဖြစ်နေသလိုမျိုး အချိန်မရွေး ကောက်တတ်လေ သည်။**

"စိတ်ချပါကွာ၊ ကိုကိုက ရွှေမှုန်တစ်ယောက်တည်းကိုပဲ ချစ်တာပါ။"

"အမှန်အတိုင်းပြောရရင်တော့ အင်ဂျင်နီယာ တစ်ယောက်ဖြစ်တဲ့ ကိုကို့ကို ရွှေမှုန်စိတ်မချဘူး၊ ကုမ္ပဏီက တချို့ ကောင်မလေးတွေက ကိုကို့ကို စိတ်ဝင်စားနေကြတယ်ဆိုတာ ရွှေမှုန်က မိန်းမချင်းဆိုတော့ အကဲခတ်မိတယ်။"

ရွှေမှုန်၏မျက်နှာသည် သူမလေသံကဲ့သို့ပင် လင်းဝေကို စိတ်မချဟန် ပုံပေါ်နေ၏။ လင်းဝေ အလုပ်လုပ်နေသော ဆောက်လုပ်ရေးကုမ္ပဏီက ကုမ္ပဏီဝန်ထမ်းများအားလုံးကို ဘောနပ်စ်ပေးသည့်အနေဖြင့် သင်္ကြန်ကာလရောက်တိုင်း ဘုရားဖူးခရီးဖြစ်ဖြစ် အပန်းဖြေခရီးဖြစ်ဖြစ် နှစ်နှစ်လျှင် တစ်ခါ ပို့ဆောင်ပေးလေ့ရှိသည်။ထိုသို့ ကုမ္ပဏီက အကုန်အကျခံ စီစဉ်ပေးသော အပန်းဖြေခရီးသည် ယခုနှစ်တွင် ချောင်းသာ

ကမ်းခြေသို့ အလုပ်ကျရာ ကုမ္ပဏီတွင် အလုပ်ဝင်နေသည်မှာ တစ်နှစ်ခန့်ရှိပြီဖြစ်သော လင်းဝေလည်း ထိုခရီးကို လိုက်ပါခွင့်ရခဲ့ခြင်းပင်။ ကုမ္ပဏီဝန်ထမ်းများချည်းသာ သီးသန့် ဖြစ်သဖြင့် ရွှေမှုန်အနေဖြင့် လင်းဝေနှင့်အတူ လိုက်ပါဖို့ရန်မှာ မလွယ်ကူချေ။ ထို့ပြင် ကုမ္ပဏီသို့ မကြာခဏ ဝင်ထွက်သွားလာ နေသော ရွှေမှုန်သည် မြွေမြွေချင်း ခြေမြင်ဆိုသကဲ့သို့ လင်းဝေအပေါ်၌ ကုမ္ပဏီမှ တချို့ကောင်မလေးများ၏ အရေးပေး ဆက်ဆံမှုနှင့် ရေလာမြောင်းပေးမှုများကို သိနေခဲ့သည်။ သည်လို သိနေတော့ သူမသည် လင်းဝအပေါ် ပို၍ စိတ်မချပေ။

"စိတ်မပူပါနဲ့ ရွှေမှုန်လေးရယ်၊ နောက်နှစ်လောက်ဆို ကိုကိုတို့ လက်ထပ်ကြတော့မှာပဲကို ၊လက်ထပ်ပြီးရင် ချောင်းသာကို ဟန်းနီမွန်းထွက်ကြတာပေါ့၊ အခုတော့ ကိုကိုမရောက်ဖူးတဲ့ ချောင်းသာကို လုပ်ဖော်ကိုင်ဖက်တွေနဲ့ အရင်သွားရတာလည်း ခံစားမှုတစ်မျိုးပေါ့။ အပြန်ကျရင် ရွှေမှုန်အတွက် လက်ဆောင်တွေ ဝယ်လာခဲ့မယ်နော်။"

လင်းဝေက ချစ်သူကို ချော့ချော့မော့မော့ လေသံဖြင့် ပြောသည်။ ရွှေမှုန်သည် သဝန်တိုစိတ်ကောက် တတ်သော်လည်း သူဘာလုပ်လုပ် တားဆီးပိတ်ပင်ခြင်း မပြုဘဲ သူ့ဆန္ဒအတိုင်း ခွင့်ပြုလေ့ရှိ၏။ ထိုအချက်ကြောင့်လည်း သူနှင့်ရွှေမှုန်တို့ အခုထိ ချစ်သူများအဖြစ် ရေရှည်လက်တွဲ ဖြစ်နေသည့် အကြောင်းတစ်ခုလည်း ဖြစ်သည်ဟု သူထင်၏။ သူကလည်း အလကားနေ အကြောင်းမရှိအကြောင်းရှာပြီး ယုတ္တိမတန်သည့် အလုပ်မျိုးကို လုပ်လေ့လုပ်ထလည်း မရှိချေ။ ဤသည်ကို ယုံကြည်သောကြောင့် ရွှေမှုန်ကလည်း ဘာလုပ်လုပ်ခွင့်ပြုခြင်းပင်။သို့သော် ခွင့်ပြုတာက ခွင့်ပြုတာ တစ်ပိုင်းဖြစ်၍ သဝန်တိုတတ်တာနှင့် စိတ်ကောက်တာက တစ်ပိုင်းပင်ဖြစ်၏။

"ကိုကို့အတွက် ပျော်ရွှင်ရတဲ့ခရီးတစ်ခုဖြစ်သလို ရွှေမှုန့် အတွက်လည်း စိတ်ချမ်းသာရတဲ့ ခရီးတစ်ခုဖြစ်ပါစေလို့ ဆုတောင်း လိုက်ပါတယ် ကိုကို။"

ရွှေမှုန်က တည်ကြည်သောမျက်နှာထား လေးနက်သော အသံဖြင့် ပြောသည်။ လင်းဝေသည် ရွှေမှုန့်မျက်နှာ လှလှလေး ကို ငေးမောကြည့်နေမိ၏။ရွှေ မှုန်သည် ဘာကို မယုံမရဲ ဖြစ်နေသလော။ သူ့ကိုလား။ သို့တည်းမဟုတ် အခြား သူစိမ်း ကောင်မလေးများကိုလား။ ထိုသို့မဟုတ်လျှင် ကံကြမ္မာကိုလား။ သူသည် ခေါင်းကိုသာ မသိမသာ ခါယမ်းမိ၏။

× × ×

ရွှေမှုန်ဆုတောင်းပေးသလိုပင် လင်းဝေတို့ ဝန်ထမ်းများ အားလုံးအတွက် ကုမ္ပဏီက စီစဉ်ပေးသော ချောင်းသာ ခရီးသည် ပျော်ရွှင်စရာခရီးစဉ်တစ်ခုဖြစ်ခဲ့သည်။သို့ သော် သဝန်တို စိတ်ကောက်တတ်သော ချစ်သူတစ်ယောက်ကို ပိုင်ဆိုင်ထားသည့် လင်းဝေအနေဖြင့် အနည်းငယ်တော့ စိတ်ကသိကအောက်ဖြစ်ခဲ့ရသည်။ ခရီးစတင်ထွက် ကတည်းက သူ့ဆီကို တစ်နာရီခြား တစ်ခါလောက် ရွှေမှုန်က ဖုန်းဆက်သည်။ မညာတတ်ဘဲ အမှန်အတိုင်းပြောတတ်သော သူ့အကျင့်ကို သိသည့် ရွှေမှုန်သည် ညပိုင်းတွင်တော့ သူ အိပ်ပြီဆိုမှသာ ဖုန်းမဆက်တော့ချေ။

ချောင်းသာရောက်တော့ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများမှာ ဆယ်ဖီဆွဲကြ၊ အဖွဲ့လိုက်ဓါတ်ပုံရိုက်ကြပြီး ၎င်းတို့၏ လူမှုကွန်ရက်ဖေ့စ်ဘုတ်ပေါ်တွင် မကြာခဏတင်ကြသည်။ (လင်းဝေသည် ရွှေမှုန်၏ သဝန်တို စိတ်ကောက်သည့် အကျင့်ကို သိပြီးသည့် နေ့ကစပြီး သူ၏ လူမှုကွန်ရက် ဖေ့စ်ဘုတ်မှ Tag ကို ဖျောက်ထား၏။) လင်းဝေအနေဖြင့် အမှတ်တရ ဓါတ်ပုံရိုက်သော်လည်း သူ၏ လူမှုကွန်ရက် ဖေ့စ်ဘုတ်ပေါ်တွင် ထိုသူများကဲ့သို့ မတင်ရဲချေ။ ဓါတ်ပုံတွေကို ကြည့်ပြီး ရွှေမှုန်တစ်ယောက် သဝန်တိုစိတ်ကောက် လိမ့်မည်ကို ကြိုသိနေသောကြောင့်ပင်။ နောက်တစ်ကြောင်းမှာ ရွှေမှုန်စိတ်ကောက်နေပါက သူ့အနေဖြင့် သူမကို ဖုန်းထဲမှ နေ၍ အချိန်ကုန်ခံ ချော့မော့ရမည်ကို မလိုလားချေ။ ထိုသို့ဖြစ်ပေါ်ပြီး လုပ်နေရလျှင် သူ့အတွက် လွတ်လပ်ပျော်ရွှင်စရာ ခရီးတစ်ခုမဖြစ်တော့ပေ။

သို့သော် ချောင်းသာကနေပြန်ရောက်ပြီး နောက်တစ်ရက်တွင် လင်းဝေတို့နှစ်ဦး ထိုင်နေကျ အင်းလျားကန်ဘောင်၌ ခါတိုင်းလိုပင် စကားပြောကြသောအခါ ရွှေမှုန်က လင်းဝေရဲ့ ဖုန်းကို ယူကြည့်၏။ ချောင်းသာတွင် အဖွဲ့လိုက်ရိုက်ထားသော ဓါတ်ပုံများကို ကြည့်ခြင်းပင်။ ထိုပုံများထဲမှ ကောင်မလေး တစ်ယောက်ယောက်၏ နံဘေးတွင် လင်းဝေရှိနေသော

ဓါတ်ပုံများကို ဖျက်ပစ်၏။ ရွှေမှုန်လုပ်ရပ်ကို လင်းဝေသည် ဘာမှမပြောသာဘဲ မတားဆီးနိုင်ဘဲ သည်အတိုင်းသာ ကြည့်နေရ၏။ သူ့အနေဖြင့် အဖွဲ့လိုက်ဓါတ်ပုံရိုက်သောအခါ ဘယ်သူ ဘယ်ဝါရဲ့ ဘေးတွင် ရပ်ရမည် ထိုင်ရမည်ကို ကြိုတင်စိတ်ကူးမရှိဘဲ သင့်တော်ရာနေရာလွတ်၌ ဓါတ်ပုံအရိုက်ခံခြင်းသာ ဖြစ်၏။ အမှန်တော့ ဤသည်ကို ရွှေမှုန်လည်း သိ၏။ သို့သော် သူမသည် သိသိကြီးနဲ့ သဝန်တိုစိတ်ကြောင့်သာ ထိုဓါတ်ပုံများကို ဖျက်ပစ်ခြင်းပင်။

"ဖေ့စ်ဘုတ်ထဲက ချက်ဘောက်ကိုလည်း စစ်ကြည့်ဦးလေ။"

လင်းဝေက ရွဲ့ပြောလိုက်၏။

"ကြည့်မှာ ကြည့်မှာ...၊ ဒီလိုအချိန်မျိုးက စစ်ဆေးရေး ဝင်ရမှာပဲ။"

ရွှေမှုန်က စိတ်ဆိုးသလို လေသံမျိုးဖြင့်ပြောသည်။ ထို့နောက် လင်းဝေ၏ လူမှုကွန်ရက်ဖေ့စ်ဘုတ်မှ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် စကားဆက်သွယ်ပြောဆိုနိုင်သော မက်ဆင်ဂျာကို စစ်ဆေးကြည့်၏။ တကယ်တော့ စစ်ဆေးလို့သာ စစ်ဆေးခြင်းသာ။ ပြောဆိုထားသည့် အကြောင်းအရာများကို လင်းဝေဖျက်ထားနှင့်လျှင် သူမ ဘာသိမည်နည်း။သို့ သော် မသင်္ကာစရာ တစ်ခုတစ်လေများ တွေ့လေမလားဆိုပြီး စစ်ဆေးလေ၏။

ကိုယ့်လိပ်ပြာ ကိုယ်လုံသော လင်းဝေသည် ရွှေမှုန်နှင့်ချစ်သူဖြစ်ကာစကပင် သူ၏ လူမှုကွန်ရက်ဖေ့စ်ဘုတ် အကောင့်အား ရွှေမှုန်ကို ပေးတော့ သူမက မယူပါ။

"ရွှေမှုန်က ကိုကို့ကို သဝန်တိုတတ်ပေမယ့် ကိုကိုရသင့်ရထိုက်တဲ့ လူ့အခွင့်အရေးကိုတော့ ရွှေမှုန်က မတားဆီးမပိတ်ပင်ပါဘူး။ ဖေ့စ်ဘုတ်ကို ကိုကိုကြိုက်သလို လွတ်လွတ်လပ်လပ်သာ သုံးပါ။ ဒါပေမယ့် တခါတလေမှာတော့ ရွှေမှုန်က ကိုကို့ဖုန်းကို ယူပြီး စစ်ဆေးချင်စစ်ဆေးမှာနော်။"

အခြားချစ်သူစုံတွဲများလို တစ်ယောက်ဖေ့စ်ဘုတ်ကို တစ်ယောက်က ယူသုံးပြီး စစ်ဆေးတာမျိုးကို လုပ်လေ့မရှိသော ရွှေမှုန်သည် ဤကဲ့သို့ လူ့အခွင့်အရေးကိုလည်း လေးစားသည်ဟု ပြောဆိုတော့ လင်းဝေခေါင်းကုတ်ရလေသည်။ ရွှေမှုန် သူ့အပေါ်ထားရှိသော ချစ်ခြင်းမေတ္တာသည် တားဆီးချုပ်ချယ်ခြင်းနှင့် လွတ်လပ်ပေါ့ပါးစေခြင်းတို့ ယှဉ်တွဲလျက် သဝန်တိုစိတ်ကောက်ခြင်းများ ဖုံးလွှမ်းနေသဖြင့် ထူးဆန်းလေသည်ဟု ခံစားမိ၏။

× × ×

**"လူတစ်ယောက်ကို ချစ်ရတာ ပင်ပန်းလိုက်တာ၊ စိတ်မောလိုက်တာ"ဟု ပြောဆိုလေ့ရှိကြသည်။ ထိုအခါမျိုးတွင် သူကလည်း ပြန်ပြောလိုက်ချင်ပါသည်။ "လူတစ်ယောက်ကို ချစ်ရတာ ပင်ပန်းသလို စိတ်မောရသလို၊ လူတစ်ယောက်ရဲ့ အချစ်ကို ခံရတာလည်း တခါတလေမှာ စိတ်ကျဉ်းကျပ်ရုံ သာမက ပင်ပန်းစိတ်မောရတာယ်"လို့။**

"ရွှေမှုန်ရေ...၊ ကိုကိုသုံးနေကျ Hair Coat က ဘယ်နားမှာလဲ၊ သြော်...တွေ့ပြီ...တွေ့ပြီ။"

လင်းဝေသည် မှန်တင်ခုံပေါ်က Hair Coatကို တွေ့သွားပြီး မှန်ထဲမှ ပေါ်နေသော သူ့ရုပ်သွင်ကို သေချာကြည့်မိ၏။ ယောကျ်ားတစ်ယောက်၏ ရုပ်ရည်သည် လူငယ်ဘဝ နှစ်ကာလ အနည်းငယ်ကို ဖြတ်သန်းသွားသည့်တိုင် တည်ငြိမ်ရင့်ကျက်မှုတို့ ကြီးစိုးလာသည်မှအပ ယခင်လို

တည်ကြည်ခန့်ငြားပြီး နုပျိုချောမောနေဆဲဟု ကိုယ့်ဘက် ကိုယ်ယက်ကာ တွေးမိ၏။

"ဘာကိစ္စနဲ့ အဲဒီလောက်ထိ မှန်ရှေ့မှာ အကြာကြီးရပ်ပြီး ပြင်ဆင်ခြယ်သနေရတာလဲ။"

နောက်ကျောဆီမှ ရွှေမှုန်၏ မာဆတ်ဆတ်လေသံသည် လင်းဝေအတွေးတို့ကို ရပ်တန့်ပစ်လိုက်၏။

"မခြယ်သရပါဘူးကွာ၊ မင်းကလဲ…၊ ဒါပုံမှန်ပါပဲ၊ ကုမ္ပဏီ နှစ်ပတ်လည် ညစာစားပွဲဆိုတော့ ကြည့်ကောင်းဖို့တော့ လိုတယ်လေ။ နည်းနည်းပါးပါး အဆင်မပြေတာများ ရှိမလား ဆိုပြီး မှန်ထဲမှာ ပြန်ကြည့်နေတာပါဟ။"

လင်းဝေက ရွှေမှုန်ကို ပြန်ပြောရင်း အိမ်ခန်းထဲမှ ထွက်လာ လိုက်၏။ ရွှေမှုန်က လင်းဝေနောက်သို့ လိုက်လာ၏။

"ဖေဖေကြီးကလည်း ကြာတာ၊ သမီးက စိတ်ကောက်တော့ မှာနော်။"

လာပြန်ပြီ တစ်ယောက်ဟု လင်းဝေ စိတ်ထဲတွေးလိုက်၏။ သူနှင့်အတူလိုက်ရန် ဧည့်ခန်းထဲတွင် ထိုင်စောင့်နေသော လေးနှစ်အရွယ်သမီးဖြစ်သူသည် ပန်းနုရောင်ဂါဝန်လေးအား ဝတ်ဆင်ထားသည်ကို ချစ်စဖွယ် တွေ့မြင်ရ၏။ သမီးသည် လည်း မအေကဲ့သို့ စိတ်ကောက်တတ်သော ဗီဇ ပါလာဟန် တူလေ၏။"မကောက်ပါနဲ့ သမီးရယ်၊ ကဲ…ကဲ…သွားကြစို့၊ ရွှေမှုန်ရေ…၊ သားကို ဂရုစိုက်ဦးနော်၊ တစ်ခုခုဖြစ်ရင် ကိုကို့ဆီ ဖုန်းဆက်နော်။"

"အင်းပါ…၊စိတ်ချလက်ချသွားပါ၊ သားက အဖျားမရှိတော့ ပါဘူး။ ကောင်းသွားပါပြီ။"

ရွှေမှုန်က အဖျားပျောက်ကာစ သားကို ပွေ့ချီထားရင်း ပြောသည်။ ခြောက်လအရွယ်ခန့်သားဖြစ်သူသည် ရွှေမှုန်၏ ရင်ခွင်ထဲတွင် နှစ်ခြိုက်စွာ အိပ်မောကျနေ၏။ လင်းဝေလည်း သမီးလက်ကိုဆွဲကာ တိုက်ခန်းထဲမှထွက်လာ၏။

"သမီးကို မေမေက ဖေဖေနဲ့ပတ်သက်ပြီး ဘာမှာ လိုက်သေးလဲ။"

တိုက်ခန်းလှေကားထစ်များပေါ်မှ ဆင်းရင်း လင်းဝေက သမီးကို မေးလိုက်၏။ ကလေးများသည် မညာတတ်သဖြင့် အမှန်အတိုင်း ထွက်ဆိုလိမ့်မည်ဟု သူ သိနှင့်နေ၏။

"မေမေက မှာလိုက်တယ် ၊ကုမ္ပဏီညစာစားပွဲမှာ ဖေဖေက အန်တီတွေနဲ့ အတူတူထိုင်သလား၊ အန်တီတွေနဲ့ စကား အကြာကြီး ပြောသလားဆိုတာကို မှတ်ထားပြီ သူ့ကို ပြန်ပြောရမယ်တဲ့။"

လင်းဝေသည် သမီး၏ စကားကြောင့် ပြုံးမိလေ၏။ ရွှေမှုန်သည် အိမ်ထောင်ကျပြီး ကလေးနှစ်ယောက် ရလာခဲ့ သည့်တိုင် သူ့အပေါ်တွင် ယခင်လို မပြောင်းလဲဘဲ ဂရုစိုက်တုန်း၊ သဝန်တိုတုန်း၊ စိတ်ကောက်တုန်းပင်ဖြစ်သည်။ လူတော်တော်များက ပြောကြသည်။ အထူးသဖြင့် အချစ်ကို နက်နက်ရှိုင်းရှိုင်းနှင့် မြတ်မြတ်နိုးနိုး ခံစားတတ်ကြသူများက "လူတစ်ယောက်ကို ချစ်ရတာ ပင်ပန်းလိုက်တာ၊ စိတ်မော လိုက်တာ"ဟု ပြောဆိုလေ့ရှိကြသည်။ ထိုအခါမျိုး တွင် သူကလည်း ပြန်ပြောလိုက်ချင်ပါသည်။ "လူတစ်ယောက်ကို ချစ်ရတာ ပင်ပန်းသလို စိတ်မောရသလို၊ လူတစ်ယောက်ရဲ့ အချစ်ကို ခံရတာလည်း တခါတလေမှာ စိတ်ကျဉ်းကျပ်ရုံ သာမက ပင်ပန်းစိတ်မောရတယ်"လို့။

■ နိုင်မြဲသူယျ





# ရှဲရှဲနီ ကျေးဇူးတင်ပါတယ်

- ချမ်း

ရှဲရှဲနီ ကျေးဇူးတင်ပါတယ်

ပြိုတော့မလို၊အုံ့ဆိုင်းဆိုင်း မိုးတိမ်မဲမဲတွေကြောင့် သူရပ်နေရာ ဝရံတာမှ အိမ်ထဲဝင်ရန် ကြိုးစားမိသည်။ ဝီးချဲတစ်ခု၏ အကူညီဖြင့် ရွေ့လျားနေရတဲ့သူအဖို့ အလွယ်တကူတော့ အိမ်ထဲကို ချက်ချင်းမဝင်နိုင်။ လေအဝှေ့ တစ်ချက်မှာ မိုးစက်များက သူ့ကိုယ်ပေါ်ကို ကျလာသည်ဆိုရင်ဖြင့် အိမ်ထဲက အသံကို ကြားရသည်။

"ဖိုးဖိုး မိုးရွာတော့မယ် အထဲ ဝင်ကြမယ်"

နှစ်တန်းအရွယ် မြေးဖြစ်သူ၏ အသံကြောင့် သူတစ်ချက် ပြုံးမိသည်။ သူ့လို အသက် (၇၀) အရွယ် ဒုက္ခိတအဘိုးအို တစ်ယောက်က နှစ်တန်းအရွယ် ကလေးတစ်ယောက်၏

**ဘိုးဘွားစဥ်ဆက်**
**လက်ငုတ်လက်ရင်း**
**လယ်ယာလုပ်ငန်းများ၊**
**တောင်ယာ လုပ်ငန်းများ၊**
**သစ်ပင် တောင်တန်းများမှာ**
**ဖျက်ဆီးခံ လိုက်ရသည်၊**
**နိုင်ငံခြားသို့**
**ဝင်ငွေတစ်ခုတည်းအတွက်**
**ရောင်းချခံလိုက် ရသည်။**

**ဖွံ့ဖြိုးတိုးတက်မှုကို ကျေနပ်ရပါသော်လည်း တစ်ခါတစ်ခါ တစ်ချို့သော အရာများကို ပြန်လည်တမ်းတ လွမ်းမောရ ပါသည်။**

[redacted]

အကူညီဖြင့် သွားလာနေရသည်မှာ ငိုရခက် ရီရခက် မဟုတ်လား။ သားနှင့် ချွေးမဖြစ်သူက စားသောက်ဆိုင် တစ်ခုတွင် အလုပ်လုပ်နေပြီး အိမ်မှာ ဒုက္ခိတအဘိုးနှင့် မြေးဖြစ်သူနှစ်ယောက်တည်း။ တစ်နေ့လုံး အလုပ်ထဲတွင် အချိန်ကုန်ကြပြီး ညမိုးချုပ်မှ သူတို့မိသားစုမှာ ဆုံကြရသည်။ သို့သော် စကားဝိုင်းဖွဲ့ ပြောချိန်ပင်မရှိ၊ သားနှင့် ချွေးမဖြစ်သူမှာ အလုပ်တစ်ဘက်နှင့်မို့ အားလပ်သည့် အချိန်ကို ခက်ခက်ခဲခဲရှာဖွေနေရသည်။ သို့အတွက် မြေးဖြစ်သူမှာ သူ့၏ တစ်ဦးတည်းသော အဖော်ပြုရသူ၊ အိမ်သူသက်ထား ဇနီးမယားက လွန်ခဲ့သည့် ငါးနှစ်ခန့်က သူ့မြေးလေး နှစ်နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်။ အခုတော့ သူသွားချင်တဲ့နေရာများကို မြေးဖြစ်သူက လိုက်ပို့လိုက်၊ မြေးဖြစ်သူ၏ ကျောင်းသွားဖို့အတွက် လိုအပ်သည့် ကိစ္စဝိစ္စများကိုလည်း သူနိုင်သလောက် လုပ်ပေးလိုက်နှင့် တစ်ယောက်နှင့် တစ်ယောက် အဖော်ရလို့ နေသည်။ အခုလည်း အိမ်ထဲမှာ မြေးအဘိုးနှစ်ယောက်တည်း၊ မိုးကသည်းသည်းမဲမဲနဲ့မို့ မိုးရေကြားက သူချစ်ရတဲ့ မြို့လေးကို လွမ်းမောဖွယ်ရာ တွေ့နေရသည်။

မိုးရေတွေကြားထဲမှာ သူမြင်နေရသမျှက မှုံဝါးဝါးနဲ့ ဝိုးတိုးဝါးတားမျှသာ၊ မိုးမျှော်တိုက်တာတွေနဲ့ ခပ်ကျပ် ကျပ် လမ်း၊ ရှုပ်ထွေးပွေလီလှတဲ့ ဓါတ်တိုင်တွေကလည်း အသဲယားစရာ။ လေတိုက်တိုင်း ယိမ်းနွဲ့နေပုံက ကချေသည် မလေးတစ်ယောက် စည်းချက်အတိုင်း ကနေဟန်မျိုး။

လွန်ခဲ့တဲ့ဆယ်စုနှစ် များအတွင်းမှာ သူတို့မြို့လေးသည် အပြောင်းလဲကြီး ပြောင်းလဲခဲ့ပြီဖြစ်သည်။ ပိုးလမ်းမကြီးစီမံ ကိန်းကြောင့် သူတို့မြို့မှနေ နိုင်ငံတကာကိုပင် သွားလို့ရနေပြီ ဖြစ်သည်။ နိုင်ငံတကာက ခရီးသွားများ၊ စီးပွားရေးသမားများ၊ နိုင်ငံတကာက အလုပ်သမားများနှင့် သူတို့မြို့သည် ပြည်နယ်တွင်း စည်ကားသော မြို့တစ်မြို့ ဖြစ်လို့ နေလေပြီ။

ဖွံ့ဖြိုးတိုးတက်မှုကို ကျေနပ်ရပါသော်လည်း တစ်ခါတစ်ခါ တစ်ချို့သော အရာများကို ပြန်လည်တမ်းတ လွမ်းမောရ ပါသည်။

အခုသူနေထိုင်ရာ တိုက်ခန်းများရှေ့တွင် အရင်က သူတို့အ ရိပ်ခိုရာ လေအေးပေးစက်အဖြစ် ရှိနေခဲ့သော နှစ်ချို့သစ်ပင် ကြီးများ၊ မနက်ကနေ ညနေအထိရောင်း တတ်သော ပဲပြုတ်သည်များ မရှိတော့။ ကလေးများ ကစားနေတတ်ခဲ့ကြ သည့် တိုက်တစ်ဘက်ခြမ်းက ကွင်းပြင်ကြီးမှာလည်း ကွန်ဒိုတိုက်ခန်းများက အစီအရီနှင့်…။ ဓါးမဦးချ အလုပ်များ၊ မည်လိုနည်းနှင့်မှ ပျောက်ကွယ်သွားနိုင်စရာ မရှိဟုထင်ခဲ့ သည့် အရာများ၊ ယဉ်ကျေးမှုများ၊ ရိုးရာ ပွဲလမ်းသဘင်များ တဖြည်းဖြည်းမရှိတော့၊ ကွယ်ပျောက် စပြုလာပြီ။ သူတို့ ပိုင်ဆိုင်ခဲ့သည့် သဘာဝကပေးသော အရာများ နေရာမှာ လူများတန်ဖိုးထား လုပ်ဆောင်ထားသော အရာများ အစား ထိုးလာခဲ့ပြီဖြစ်သည်။ ကလေးများမှာ ပြေးလွှားကစားရန် နေရာများ မရှိတော့သည့်အတွက် အိမ် အခန်းထဲက စိတ်ကူးယဉ်ကမ္ဘာထဲမှာ ကွန်ပြူတာဂိမ်းများနဲ့ ကလေးဘဝ အချိန်များကို ဖြုတ်သန်းနေကြရပြီ။ မြေကြီး၏ အရေးပါမှု၊ မြေကြီးနှင့်လူသား အပြန်အလှန် ဆက်စပ်မှုများကို အခု ခေတ် ကလေးများ မသိတော့၊ အပြန်အလှန်မှီခိုမှု၊ ဆက်စပ်မှုများ အားမကောင်းတော့သည့်အတွက် အားလုံးက ကိုယ့်ဘာသာ ကိုယ် သီးသန့်နေတတ်ရန် ကြိုးစားလာကြပြီ ဖြစ်သည်။

ယခုတော့ မိုးရာသီမှာ အငြိုးကြီးသောမိုးများ၊ ဆောင်းရာသီမှာ အနွေးထည်ဝတ်စရာမလိုတော့သည့် အိုက်စက်ခြင်းများ၊ နွေရာသီမှာ နေဆယ်စင်းကဲ့သို့ ပူလောင်လှခြင်းစသည့် သဘာဝတရား၏ စိတ်ဆိုး ဒေါသထွက် ဖေါက်ပြန်ခြင်းများ ကို သူတို့သားစဉ်မြေးဆက် ခံစားနေရပြီဖြစ်သည်။

"ဖိုးဖိုး မိုးတိတ်သွားပြီ အပြင်ကို သွားမလား"

မြေးဖြစ်သူ အပြောကြောင့် သူ့အတွေးများ ရပ်မိသည်။

"အင်း… ကောင်းသားဘဲ၊ သွားမယ်လေ"

မြေးအဘိုးနှစ်ယောက် ဆယ်လွှာရှိရာ တိုက်ခန်းမှ အောက်ထပ်သို့ ဓါတ်လှေကားဖြင့် ဆင်းလာဖြစ် သည်။ သူတ့ို နေထိုင်ရာ တိုက်ခန်းသည် (၁၄) လွှာအထိရှိပြီး ရွှေသဘာဝဓါတ်ငွေ့မှ လျှပ်စစ်မီးကို ရရှိနေသောကြောင့် နေ့နေ့ညည တစ်တိုက်လုံး မီးများ ထိန်ထိန်လင်းလျှက်ရှိ၏။ အောက်ထပ်ရောက်တော့ သူ့လို ခြေထောက်လေဖြတ်နေသည့် မသန်စွမ်းတစ်ယောက်လမ်းလျှောက်နိုင်ဖို့ရာ လျှောက်လမ်းက သက်သက်ရှိသည်။ မသန်စွမ်းများ သွားလာနိုင်သောလမ်းမှာ ကားလမ်းမ၏ တစ်ဘက်တစ် ချက်စီတွင် ရှိပြီး ဗီးချဲမှ ရီမုတ်ကို နှိပ်ရုံဖြင့် ကိုယ်သွားလိုသော နေရာကို အလွယ်တကူ အဟန့်အတား မရှိ သွားလာနိုင်နေပြီဖြစ်သည်။

မြေးဖြစ်သူက သူ့ဘေးမှ လိုက်ပါလာကာ ဖုန်းထဲမှ ဂိမ်းတစ်ခုကို အသဲအသန် ကစားလို့နေလေသည်။ မြေးဖြစ်သူ ပြောဖူးသောကြောင့် အခုခေတ် ကလေးများကစားသော ဂိမ်းကို သူကောင်းကောင်းသိသည်။ ရိုးရာ ယဉ်ကျေးမှုများကို ပြန်လည်တူးဖော်ခြင်းဆိုသော ဒီဂိမ်းသည် ကလေးများ စွဲမက်မည်ဆိုပါ ကလည်း စွဲမက်ချင်စရာ ကောင်းပါသည်။ ဂိမ်းကို တီထွင်သူများသည် သူတို့ မြို့ကပင်ဖြစ်ပြီး ပျောက်ဆုံးစပြုလာသော ရိုးရာယဉ်ကျေးများကို ပြန်လည်တူးဆွရန်အတွက် ကော်မတီတစ်ရပ်ဖွဲ့စည်း ကာ လှုပ်ရှားမှုတစ်ရပ်ကို လုပ်ဆောင်နေကြခြင်း ဖြစ်သည်။ ထိုဂိမ်းသည် ဉာဏ်စမ်းဂိမ်းတစ်ခုဖြစ်ပြီး မိမိရိုးရာယဉ်ကျေးမှုနှင့်ဆိုင်သော မေးခွန်းများ၊ စကားပုံများ၊ ဘာသာစကားအသုံးအနှုန်းများကို ဂိမ်းထဲ တွင် မှန်ကန်အောင် ဖြေဆိုကြရသည်။ အဖြေမှန်ကန်ပါက ကော်မတီမှ ချီးမြှင့်သော လက် ဆောင်များ ကို လက်ခံရရှိကြပြီး တစ်ခါက သူ့မြေးငယ်ဖြစ်သူမှာ ကော်မတီမှ ပေးအပ်သော ရိုးရာအင်္ကျီကို လက်ခံ ရရှိခဲ့ပြီး ဖြစ်သည်။

"ဖိုးဖိုး ဟိုမှာ ကြည့်ဦး… သစ်ပင်ပြပွဲ"

ကားလမ်းမ ဘေးရှိ ပန်းခြံတစ်ခုတွင် သစ်ပင်ပြပွဲ လုပ်နေသည်ကို မြင်ရသည်။

"သွားကြည့်ကြမယ်လေ"

မိုးက စဲနေပြီ၍ ပန်းခြံထဲတွင် လူများ စည်ကားလျှက်ရှိသည်။ လူလုပ်သစ်ပင်များဖြင့် သန့်ရှင်းသပ်ရပ်စွာ ပန်းခြံကို တည်ဆောက်ထား ပြီး

အမှိုက်များကို စနစ်တကျစွန့်ပစ်ရန်နှင့် အမှိုက်ပစ်ပါက ဥပဒေအရ အရေးယူမည်ဟု ရေးထားသော ဆိုင်းဘုတ်များကို ပန်းခြံ၏ နေရာအနှံ့တွင် တွေ့ရသည်။ အရောင်အသွေးစုံလင်သော လူများကို ပန်းခြံ နေရာအနှံ့တွင် တွေ့နေရသည်။ အနောက်တိုင်းသားများ၊ အာရှသားများနှင့် အာဖရိကမှ လူအချို့ကိုပင် ကွက်တိကွက်ကျား တွေ့နေရသည်။

မြင်နေရသော မြင်ကွင်းများက အတိတ်ကို ပြန်လည်သတိရစေပါသည်။ တိုးတက်လာမှု၏ နောက်ဆက်တွဲ အခြေအနေတွေကို သူတို့တွေ ဆက်တိုက်ဆိုသလို ခံစားရသည်။ သူ ငယ်ငယ်တုန်းက ထွန်ခဲ့သောလယ်မှာ အခု ပန်းခြံတစ်ခု ဖြစ်နေချေပြီ။ လယ်ထဲမဆင်းရလျှင် မနေတတ်သလို ဖြစ်တတ်ခဲ့သောသူ၊ အခုတော့ ဗီးချဲတစ်လုံးနှင့် အိမ်ထဲမှာ နေတတ်နေခဲ့ပြီ။ လယ်ယာလုပ်ငန်းကိုသာ လုပ်တတ်သော သူတို့ဘဝမှာ အခုတော့ သူတို့တစ်ခါမှ မလုပ်ဖူးသော အလုပ်များဖြင့် အသက်မွေး နေရပြီ ဖြစ်ပြီး အသားကျတတ်နေခဲ့ကြပြီ ဖြစ်သည်။ လွန်ခဲ့သော ဆယ်စုနှစ်များက ကိုယ်ပိုင်လယ်များကို စီမံကိန်းများ၏ လိုအပ်ချက်ဖြင့် အစိုးရမှ သိမ်းယူကာ လျော်ကြေး ပေးသော

အခါ သူတို့မှာ ဘာမှ မတတ်နိုင်ခဲ့ကြ။ ဘိုးဘွားစဉ်ဆက် လက်ငုတ်လက်ရင်း လယ်ယာလုပ်ငန်းများ၊ တောင်ယာလုပ်ငန်းများ၊ သစ်ပင် တောင်တန်းများမှာ ဖျက်ဆီးခံလိုက်ရသည်၊ နိုင်ငံခြားသို့ ဝင်ငွေတစ်ခုတည်းအတွက် ရောင်းချခံလိုက် ရသည်။ ယခုတော့ သူတို့မြို့မှာ စက်လုပ်၊ အလုပ်ရုံများနှင့် စက်မှုတိုးတက်သော မြို့တော်ဖြစ်လို့ နေသော်လည်း လယ်ယာထွက်ပစ္စည်း အများစုကိုမူ တခြားသော မြို့များက တင်သွင်းနေရသည်။ သူတို့မြို့၏ အဓိက လုပ်ငန်းများလည်း ရေနံ၊ သဘာဝ ဓါတ်ငွေ့၊ တခြားသော သစ်တောနှင့် တွင်းထွက် သဘာဝ ပစ္စည်းများကို နိုင်ငံခြားသို့ ရောင်းချခြင်းနှင့် ကုန်သွယ်ရေးလုပ်ငန်းတို့ ဖြစ်လို့နေသည်။

ထို့အပြင် သူတို့မြို့၏ လုပ်ငန်းတော်တော်များများကို နိုင်ငံခြားသား ကုမ္ပဏီများက ဦးဆောင်နေသောကြောင့် အလုပ် တစ်ခုရဖို့အရေး နိုင်ငံခြားဘာသာစကားကို တတ်မြောက်ရန်မှာလည်း အခြေခံ လိုအပ်ချက်တစ်ခု ဖြစ်လို့ နေသည်။ ဘာသာစကားသင်တန်းများကလည်း နေရာတိုင်း လိုလိုမှာ ရှိနေပြီး မြေးအရွယ် ကလေးများက စလို့ သူ့အရွယ် အဘိုး အဘွားတွေ အထိပါ အလုပ်တစ်ခုရဖို့ နိုင်ငံခြားဘာသာစကားကို အပတ်တကုတ် သင်ယူနေပြီ ဖြစ်သည်။

ယခုခေတ် အခြေနေမှာ ကိုယ့်လူ့မျိုးစကားထက် နိုင်ငံခြားဘာသာစကားကို ပိုမိုပြောဆိုနိုင်ဖို့ အတွက် ခေတ်၏ တောင်းဆိုခြင်းကို ခံလို့နေရလေပြီ။ ယခုခေတ် ကလေးများ အတွက် တောင်တန်းများ၊ သစ်ပင်များ၊ အပျိုစင်ကဲ့သို့ လှပသည့် ကမ်းခြေများ၊ ယဉ်ကျေးမှု ပွဲလမ်းသဘင်များ၊ ခါးမဦးချ လုပ်ကိုင်ခဲ့သည့် ငါးဖမ်းခြင်း၊ လယ်ယာလုပ်ခြင်း စသည့်တို့သည် အခုအခါ အိပ်ယာဝင် ပုံပြင်တစ်ပုဒ် သဖွယ် ဖြစ်လို့နေခဲ့ပြီ ဖြစ်သည်။

"ဖိုးဖိုး ဟိုမှာ သစ်ပင်မျိုးစေ့တွေ လှူနေတယ်၊ သားသား အိမ်မှာ စိုက်ဖို့ ယူသွားချင်တယ်"

မြေးဖြစ်သူ စကားကြောင့် သူ့အတွေးတို့ ရပ်မိသည်။ တစ်ဆက်တည်း သဘောကျစွာ ပြုံးရင်းဆိုမိ၏။

"ယူလေ... မြေး၊ ဖိုးဖိုးတို့ တူတူစိုက်ကြတာပေါ့"

**ယခုတော့ မိုးရာသီမှာ အငြိုးကြီးသောမိုးများ၊ ဆောင်းရာသီမှာ အနွေးထည်ဝတ်စရာမလိုတော့သည့် အိုက်စက်ခြင်းများ၊ နွေရာသီမှာ နေဆယ်စင်းကဲ့သို့ ပူလောင်လှခြင်းစသည့် သဘာဝတရား၏ စိတ်ဆိုးဒေါသထွက် ဖေါက်ပြန်ခြင်းများကို သူတို့သားစဉ်မြေးဆက် ခံစားနေရပြီဖြစ်သည်။**

မြေးဖြစ်သူကို သစ်ပင်များ၏ အရေးကြီးပုံနှင့် လူသားကမ္ဘာကို အကျိုးပြုပုံများကို လယ်သမားဟောင်းကြီး တစ်ယောက် အနေနှင့် တစ်ဝကြီးပြောဖို့ အခွင့်အရေး ရလာပြီထင်သည်။

သို့သော် မြေးဖြစ်သူက ဝေငှပေးနေသူထံမှ သစ်ပင်မျိုးစေ့များကို လက်ခံရင်း လှည့်ပြောသည့် စကားကြောင့် သူစိတ်မကောင်းဖြစ်ရသည်။

"ရှဲ... ရှဲ...နီ..."

"ဘိုးဘိုး... အပင်ပေါက်လာရင် ဟိုနိုင်ငံခြားသားတွေကို ရောင်းလို့ ရပြီနော်..."

သူ ဝမ်းနည်းစွာဖြင့် သက်ပြင်းရှည်တစ်ခုကို ချမိသည်။ ဖွံ့ဖြိုးတိုးတက်ဖို့ရန်အတွက် သူတို့ ရင်းနှီး ပေးဆပ်ခဲ့ရသော အရင်းအနှီးကား ကြီးမားလွန်းလှပါ၏...။

- ချမ်း

အယ်ဒီတာတွေက ထုံးစံအတိုင်း တစ်ယောက်တစ်ပေါက် (အဲလေ တစ်ယောက်ကို အကြိုက်တမျိုး) စာအုပ် နှစ်အုပ် ရွေးချယ်ပေးထားကြပါတယ်။ မူရင်းစာရေးဆရာတွေဟာ မြန်မာ့ စာပေလောကရဲ့ သက်ရှိ အထင်ကရတွေပါ။ အထူးတလည် ညွှန်းစရာလိုမယ်မထင်။ ကျနော်တို့ကတော့ ကိုယ်ဖတ်ပြီး ကြိုက်လိုက်မိတာလေးတွေ ဆိုတဲ့ ရှုထောင့်ကနေ ပြန်လည်ဝေမျှလိုက်ခြင်းရယ် မှုသာပါ။ (အယ်ဒီတာများ)

## အစိမ်းရင့်ရောင် ရက်စွဲများ - လူစုံ




လူကိုညွှန်းစရာမလိုတဲ့ လူတစ်ယောက်အကြောင်း စာအုပ်ကို ညွှန်းမိပါရဲ့။ ထူးအိမ်သင်ဆိုတာ ဘယ်သူလဲလို့ မေးစရာမလိုပေမယ့် သူဘယ်လိုလူလဲဆိုတာကိုတော့ ထပ်ခါ ထပ်ခါ ကြည့်မြင်စေချင်တယ်။ ဒါကြောင့်ပဲ ဒီစာအုပ်ကို ဖတ်ညွှန်းရေးရတာပါ။ ဒီစာအုပ်က ထူးအိမ်သင် ကွယ်လွန်ပြီး ၂ နှစ်ပြည့် အမှတ်တရအဖြစ် ထုတ်ဝေခဲ့တာကို အခု နောက်တကြိမ် ပြန်လည် ဖြည့်စွက်တည်းဖြတ် ထုတ်ဝေခြင်း ဖြစ်ပါတယ်။ သူ့ကို ချစ်တဲ့လူတွေ၊ သိတဲ့လူတွေက အမှတ်တရစကားတွေ ရေးထားတာပါတယ်။ သူရေးထားတဲ့ ကဗျာတချို့ပါတယ်။ ပြီးတော့ သူ့သီချင်းတွေနဲ့ ပတ်သတ်ပြီး ရေးထားတာတွေ ပါတယ်။ ဒီအထဲမှာ အကြိုက်ဆုံးနဲ့ ထပ်ခါထပ်ခါ ဖတ်ဖြစ်တာကတော့ ထူးအိမ်သင်ကိုယ်တိုင် ဖြေထားတဲ့ အင်တာဗျူးတွေပါပဲ။ ထူးအိမ်သင်ဟာ ဘယ်လို ဂီတသမားတစ်ယောက်၊ ဘယ်လို အနုပညာသမားတစ်ယောက် ဆိုတာကို ရှင်းရှင်းပြတ်ပြတ် မြင်ရတယ်လို့ ခံစားမိပါတယ်။ လေးစားရင်းစွဲ စိတ်က ပိုလို့သာ တိုးရပါတယ်။ တချို့ကို ကောက်နှုတ်ပြရရင်တော့

"အောင်မြင်မှုဆိုတာ မီးခိုလိုပါပဲ။ မီးခိုးဆိုတာ မီးရှိလို့ထွက်တာ။ မီးမရှိရင် အလကားပဲ။ အနုပညာ ဝမ်းစာ(မီး)က အရေးအကြီးဆုံးပဲ" တဲ့ မောင်မောင်ဇော်လတ်ကို ဆုံးမခဲ့တာပါ။ (စာ၂၀)

"ဘယ်လိုစာပေ အမျိုးအစားကို အရသာ အတွေ့ဆုံးလဲ။

ကျွန်တော် ကဗျာကို အရသာ အတွေ့ဆုံးပဲ။" (စာ၂၃၃)


"ထူးအိမ်သင်ကိုယ်နှိုက်က ကဗျာပါပဲနော်" (စာ၁၉၂)

## ရသစာပေဖြင့် ဘဝကိုထုဆစ်ခြင်း - ရွှေနောင်ရိုး (မန္တလေး)

စာအုပ်အညွှန်း ရေးရမယ်ဆိုတော့ ပထမဆုံးခေါင်းထဲ ရောက်တာက ဖတ်ခဲ့ဖူးတဲ့ စာအုပ်တွေအကြောင်း၊ ဘယ်စာအုပ်ကို ညွှန်းဆိုရမလဲ ဆိုတာ အတော်လေး ရွေးချယ်လိုက်ရတယ်။ ကဗျာစာအုပ်လား၊ ဝတ္ထုစာအုပ်လား၊ သုတလား ရသလား၊ တွေဝေစဉ်းစားနေဆဲမှာဘဲ ယခုဖတ်နေတဲ့ စာအုပ်လေးကို ညွှန်းဆိုချင်စိတ် ဖြစ်လာမိတယ်။ ကျွန်တော်တို့တွေဟာ အစားကောင်းစားရချိန်မှာ ကိုယ်ချစ်တဲ့လူကို သတိရတတ်ကြတယ် မဟုတ်လား။ ဒီလိုပါဘဲ စာအုပ်ကောင်းတစ်အုပ်ကို ဖတ်လိုက်ရချိန်မှာ ကိုယ်လို စာဖတ်ဝါသနာပါသော၊ စာစွဲနေသော စာအုပ်ချစ်သူများကို သတိရမိတာ ကျွန်တော် မလွန်ပါဘူးနော်။

"ရသစာပေဖြင့်ဘဝကို ထုဆစ်ခြင်းတဲ့" စာအုပ်ခေါင်းစဉ် ဖတ်ရတာကိုဘဲ ရသတစ်ခုကို ချက်ချင်း ခံစားလိုက်ရတယ်။ ပထမဆုံးမာတိကာလေးမှာ ရေးထားတာလေးက ကျွန်တော်နဲ့ တော်တော်လေးကို အံဝင်ခွင်ကျ ဖြစ်တယ်လို့ဆိုရမယ်။

ဘာရေးထားလဲဆိုတော့ "လွမ်းလိုက်တာ"တဲ့။ စာအုပ်ထဲမှာတော့ ဆရာတော် ကိုပညာ(အမရပူရ)က ဘာကိုလွမ်းမှန်းမသိလွမ်းနေမိတာ။ ကျွန်တော်ကတော့ တောင်ဇလပ်ပန်းတွေ ပျော်စံရာ ဟိုး...... ချင်းတောင်တန်းမှာ တာဝန်ကျနေတဲ့ အညာသူလေး၊ ကျွန်တော်နဲ့ လက်ထပ်ပြီး တစ်ပတ်မပြည့်ခင်မှာ ခွဲခွာခဲ့ရတဲ့ ကျွန်တော့်ရဲ့ မီးအိမ်ရှင်မလေးကို လွမ်းနေမိတာ။ စာရေးဆရာရဲ့ တွေးပုံရေးပုံ ကောင်းလိုက်တာ ကျွန်တော်ဖြင့် သူ့အလွမ်းထဲမှာ ငေးမောရင်း စီးမြောနေခဲ့မိတာ အမှန်ပါ။




လွမ်းလိုက်တာဆိုတဲ့ ခေါင်းစဉ်လေးပြီးတော့ သက်ပြင်းလေးမချခင်မှာပဲ နောက်ထပ် ခေါင်းစဉ်လေးက အလွမ်း-၁၀၃ တဲ့၊ နောက်ခေါင်းစဉ်ပြောင်းကြည့်တော့ လွမ်းဖွယ်နွေတဲ့။ စိုင်းစိုင်းခမ်းလှိုင် သီချင်းကို သွားသတိရမိတယ်၊ "တိုက်ဆိုင် လိုက်တာများကွာ ဖေဖော်ဝါရီ(၉)ရက်" ဟုတ်တယ် အလွမ်းဆိုတဲ့ စာသားမြင်ရ ဖတ်ရရင်ကိုဘဲ အလိုလိုလွမ်းနေမိတာ။

ရသစာပေဖြင့်ဘဝကိုထုဆစ်ခြင်းဆို တဲ့စာအုပ်က ရသပိုင်းကိုပေးသလို သုတပိုင်းကိုလည်းပေးတဲ့ စာအုပ်ကောင်းလေးတစ်အုပ်ပါ။ ဒီစာအုပ်ထဲမှာ ဗိုလ်ချုပ်ရှိတယ်၊ လူထုဦးလှ ရှိတယ်၊ လူထုဒေါ်အမာရှိတယ်၊ ဆရာဇော်ဂျီရှိတယ်၊ ဆရာကြီးရွှေဥဒေါင်းရှိတယ်၊ သိပ္ပံမောင်ဝရှိတယ်၊ သရိုင်းတေးအိမ်ရှိတယ်၊ ရှင်မဟာရဋ္ဌသာရရှိတယ်၊ ဆရာတင်မိုးရှိတယ်၊ ကားလ်ဟောက်အိချူး ရှိတယ်။ နောက်ထပ် နောက်ထပ် စာပေသူ့ရဲ့ ကောင်းတွေ များစွာတွေ့ရတဲ့ကျွန်တော်ကြိုက်မိတဲ့ စာအုပ်ထဲက တစ်အုပ်ဖြစ်တယ်။

ရသစာပေဖြင့် ဘဝကိုထုဆစ်ခြင်း စာအုပ်ထဲမှာ သတင်းစာကဏ္ဍ၊ သတင်းနဲ့ ထင်မြင်ချက်ကဏ္ဍ၊ ကာတွန်းကဏ္ဍတွေအပြင် ကျွန်တော်တို့ မမှီလိုက်သော၊ ကျွန်တော်တို့ မသိသေးသော စာရေးဆရာတွေရဲ့ ထက်ထက် မြက်မြက် ရေးသားပုံတွေ ဖတ်ရှုခံစားခဲ့ရတယ်။

တစ်ချို့သော အကြောင်းအရာတွေကို ကျွန်တော်ညွှန်းဆိုပါ့မယ်။ ဗိုလ်ချုပ်အောင်ဆန်း အကြောင်း ကဗျာဆရာ သရိုင်းတေးအိမ်ရေးတဲ့ ကဗျာလေးအကြောင်း ညွှန်းဆိုပါရစေ။

> ***"ဇူလိုင် ၁၉"***
>
> ***"တစ်နှစ်တစ်နှစ် တမ်းတတဲ့ရင်ဟာ***
>
> ***မျှော်စင်အားလုံးထက်မြင့်တယ်***
>
> ***မပြောနဲ့ ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်***
>
> ***အနှစ်(၇၀)ကျော်ပြီ***
>
> ***ဒီမှာ ဗိုလ်ချုပ်ထက် တမ်းတရမဲ့လူ မရှိဘူး"***

ဆိုတဲ့ ကဗျာလေးကို ဖတ်လိုက်ရတဲ့အချိန်မှာ ကြက်သီးမွေးညင်းတွေပါ ထလာသလို ခံစားရတယ်။ တွေးလည်းတွေးတတ်တယ် ရေးလည်း ရေးတတ်တယ်။ ဘာတဲ့ "တစ်နှစ်တစ်နှစ် တမ်းတရတဲ့ရင်ဟာ မျှော်စင် အားလုံးထက်မြင့်သတဲ့"...။

လူထုဦးလှရဲ့ မှုခင်းနှင့်သင့်တော်သော အပြစ်များပေးပါဆိုတဲ့ ဆောင်းပါးလေးထဲမှာ ၁၉၅၀ ပြည့်နှစ်လောက်က တရားသူကြီး ကားလ်ဟောက်အိချူး၏ လူငယ်တွေနှင့် ပတ်သတ်ပြီး တရားစီရင်ရာတွင် ထူးခြားပုံလေး အကြောင်း ခံစားမိတယ်။

အသက်(၁၇)နှစ်အရွယ် လူငယ်တစ်ဦးက ဆိုင်ကယ်တစ်စီး ခိုးပြီး မြို့ထဲလျှောက်စီး သည့်ပြစ်မှုနှင့် ရုံးကိုရောက်လာတယ်။ တရားသူကြီးက "မင်းဒီလို လျှောက်စီးနေလို့ သဘာဝရဲ့ အလှကို ဘယ်သိမလဲ။ အရူးတွေလိုပဲ အပြေးအလွှား လျှောက်စီးနေတာကိုး။ ဘာအရသာမှလည်း ခံစားရမှာ မဟုတ်ဘူးဆိုပြီး ထိုလူငယ်ကို ခြေလျင်တောင်တက်အဖွဲ့မှာ အသင်းသားအဖြစ် တစ်နှစ်ပါရန် အမိန့်ချသတဲ့၊ နောက်အမှု တစ်ခုက ဆိုင်ကယ်ငှားပြီး ပြန်မအပ်သည့် လူငယ်နှစ်ဦးကို အကျဉ်းသားများအတွက် ထုတ်ဝေသည့် မဂ္ဂဇင်း ၁၀ စောင်ဝယ်ပြီး အကျဉ်းထောင်တံခါးကို လတိုင်းသွားပို့ရ မည်ဟူ၍ စီရင်ချက်ချမှတ်ခဲ့သည်။ တရားသူကြီးက မှာလိုက်သည်မှာ "အဲ့ဒီနေ့ ရောက်တိုင်း ငါဟာ ထောင်တံခါး ကြီးရဲ့ အပြင်ဘက်မှာ မဟုတ်ဘဲ တံခါးကြီးရဲ့ အတွင်းဘက်မှာသာ ဆိုလို့ရှိရင် ဘယ်လောက် ကြောက်စရာ ကောင်းမလဲဆိုတာ စဉ်းစားပါ" ဟု မှာသည့်အကြောင်းအရာ များကို ဖတ်ရသည်မှာ လူငယ်တွေရဲ့ အရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းပုံမှာ မလေးစားဘဲ မနေနိုင် လောက်အောင်ပါဘဲ။

နောက်တစ်ခု ညွှန်းဆိုချင်တာက သိပ္ပံမောင်ဝ ရေးတဲ့ "သတင်းနှင့်အဖျင်း"

"သတင်းစာဟာ ဘုရားစာမဟုတ်မှန်း လူတိုင်း သိသပေါ့။ ဒါပေမဲ့ အတင်းတွေ အဖျင်းတွေ ကြားချင်ရင် ငါးစိမ်းတန်း သွားမှာပေါ့။ ပိုက်ဆံ တောင်မကုန်ဘူး။ သတင်းစာနဲ့ အဖျင်း စာကို မခွဲခြားတတ်တာဟာ သတင်းစာဆရာတွေအစား ကျွန်တော်ရှက်သဗျာတဲ့။"

ကျွန်တော်တို့တစ်တွေကော သတင်းစာနဲ့ အဖျင်းစာ ခွဲခြား တတ်ပြီလားဆိုပြီး မေးစရာ မေးခွန်းတွေ ပေါ်လာပြီ။ သတင်းနဲ့ အဖျင်း ခွဲခြားတတ်ဖို့လိုတယ်ဆိုတဲ့ အသိတစ်ခု တိုးလာတယ်။

ဒါကြောင့်မလို့ ရသစာပေဖြင့်ဘဝကို ထုဆစ်ခြင်းဆိုတဲ့ စာအုပ် လေးဟာ ရသခံစားမှု များသာမကဘဲ သုတကိုပါ ခံစားရ ပါတယ်။ ဒီစာအုပ်တစ်အုပ် ဖတ်လိုက်တာနဲ့ စာရေးဆရာ တွေရဲ့ ရေးပုံဖွဲ့ပုံ ခံစားတင်ပြပုံများကို မှတ်သား လေ့လာခွင့်ရတဲ့ စာအုပ်ကောင်း တစ်အုပ်အဖြစ် ညွှန်းဆို ပါရစေ။

နှစ်လိုဖွယ်ကောင်းသော လူသားတို့၏ ကမ္ဘာကြီးကို တည်ဆောက်လိုလျှင်ကား၊ အချစ်၊ ငြိမ်းချမ်းရေးနှင့် အလှအပတို့ဖြင့် ဖန်တီးကြရမည်ဟု ကျွန်တော် ယုံကြည်ပေသည်။

ဒဂုန်တာရာ (၁၉၉၁)




# အကျဉ်းကျ ငှက်ငယ်

လွတ်လပ်သောငှက် ပျံတက်
လေအဟုန်မှာ တောင်ပံခတ်
အရှိန်ကုန်အားပျော့သည်အထိ
လေအဟုန်မှာ စီးမျောပါ
လိမ္မော်ရောင် နေခြည်အလင်းတန်းထဲ
အတောင်ပံကို ဖြန့်ကျက် လူးလာကူးခတ်
ကောင်ကင်ကို သိမ်းပိုက်ဖို့ စိန်ခေါ်။

လှောင်အိမ်သေးသိမ်ထဲ
ပိတ်လှောင်ခံ ငှက်ငယ်တစ်ကောင်မှာတော့
ဒေါသဟုန် သံကွန်ခြာအလွန်
မြင်ခွင့်ရဖို့ ရှားပါး
သူ့အတောင်တွေက ဖြတ်ညှပ်ခံထား
ခြေအစုံက နှောင်တည်းခံထား
တေးဆိုဖို့ သူ့ရင်အစုံကို ဖွင့်လိုက်တယ်။

အကျဉ်းကျ ငှက်ငယ်ဟာ
တုန်ရီကြောက်ရွံ့စွာ သီဆိုရှာ
သူမသိ မမှတ်မိတော့သောအရာ
သို့ပေငြား ကာလရှည်ကြာ မျှော်လင့်ခဲ့မိတာ
သူ့တေးညည်းသံကို
ဟိုး အဝေးက တောင်ကုန်းများပေါ်မှာ ကြားရ
လှောင်ချိုင့်ငှက်ငယ်ရဲ့
လွတ်လပ်မှုကို ဆိုညည်းခြင်းအဖြစ်ပ

လွတ်လပ်သောငှက်ဟာ နောက်ထပ် လေနုအေးကို
တွေးမိတာ
ဒီအခါ လေပြေညှင်းဟာ မျှော်လင့်ရာသစ်ပင်တွေကို
ထိတွေ့လာ
ဆူဖြိုးတဲ့ တီကောင်ဟာ အာရုံအလင်းနဲ့
မြက်ခင်းပြင်မှာ စောင့်နေသေးတာ



ပြီးတော့ ကောင်းကင်ဝဠ်ာ သူပိုင်ဆိုင်ရာအဖြစ်
ကြေငြာ။

အကျဉ်းကျငှက်မှာတော့ အိပ်မက်အုတ်ဂူပေါ်မှာ
မတ်မတ်ရပ်
သူ့အရိပ်က အိပ်မက်ဆိုးက နိုးတဲ့အသံနဲ့ အော်မြည်
သူ့အတောင်တွေက ဖြတ်ညှပ်ခံထား
ခြေအစုံက နှောင်တည်းခံထား
တေးဆိုဖို့ ရင်အစုံကို ဖွင့်လိုက်တယ်။

အကျဉ်းကျ ငှက်ငယ်ဟာ
တုန်ရီကြောက်ရွံ့စွာ သီဆိုရှာ
သူမသိ မမှတ်မိတော့သောအရာ
သို့ပေငြား ကာလရှည်ကြာ မျှော်လင့်ခဲ့မိတာ
သူ့တေးညည်းသံကို
ဟိုး အဝေးက တောင်ကုန်းများပေါ်မှာ ကြားရ
လှောင်ချိုင့်ငှက်ငယ်ရဲ့
လွတ်လပ်မှုကို ဆိုညည်းခြင်းအဖြစ်ပ။

**Maya Angelou ရဲ့ ကဗျာကို LN ဘာသာပြန်သည်။**

# အမှန်တရားက တကယ်ပဲ အမြဲ အောင်နိုင်သလား။

ဝင်းသုည


အမှန်တရားက တကယ်ပဲ အမြဲ အောင်နိုင်သလား။

အမှန်တရားဟာ စွမ်းအားကြီးတယ်လို့ အများက ယုံကြည်ကြတယ်။ တချို့ခေါင်းဆောင်တွေ၊ ဘာသာအယူဝါဒတွေဟာ အမှန်တရားကို မျက်ခြေပြတ်နေပြီဆိုရင် အယူမှန်နေတဲ့ အခြား ပြိုင်ဖက်ခေါင်းဆောင်တွေ၊ ဘာသာဝါဒတွေကပဲ နောက်ဆုံးမှာ အနိုင်ရလိမ့်မယ်လို့ လက်ခံထားတတ်ကြတယ်။ ဒါဆို အမှန်တရားအတိုင်း ဖြောင့်ဖြောင့်မတ်မတ် လုပ်ကိုင်တာက ဩဇာတန်ခိုးတိုးဖို့ အကောင်းဆုံး နည်းလမ်းလို့ ဆိုနိုင်မှာပေါ့။ သို့သော် အမှန်တရားနဲ့ ဩဇာလွှမ်းမိုးမှု နှစ်ခုကြား ဆက်စပ်မှုက ဒီလောက်ထိမရိုးရှင်းပါဘူး။ လူ့အသိုက်အဝန်းမှာ စွမ်းအားကြီးတယ်၊ ဩဇာကြီးတယ်ဆိုတာ အဓိပ္ပာယ်နှစ်မျိုး သက်ရောက်နိုင်ပါတယ်။

> “သေပြီးရင် ကောင်းကင်ဘုံမှာ ယုန်ကညာပျို (၇၂) ကောင်နဲ့ စည်းစိမ်ခံ စားရမယ်လို့ မျှော်လင့်ပြီးတော့ ဘယ်ယုန်ကမှ ကမ္ဘာ့ ကုန်သွယ်ရေးစင်တာကို လေယာဉ်နဲ့ ဝင်တိုက်မှာ မဟုတ်ပါဘူး”

တစ်ဖက်ကကြည့်မယ်ဆိုရင် စွမ်းအားသြဇာဆိုတာ သဘာဝ အမှန်တရားတွေကို ကျင်ကျင်လည်လည် ကိုင်တွယ်နိုင်စွမ်းလို့ အဓိပ္ပာယ်ကောက်နိုင်ပါတယ်။ အမဲလိုက်တာ၊ တံတား ဆောက်တာ၊ အနာရောဂါတွေ ကုသတာ၊ အဏုမြူဗုံး တီထွင်တာတွေမှာ ဒီစွမ်းအားကို သုံးရပါတယ်။ ဒီလိုမျိုး စွမ်းအားကတော့ အမှန်တရားနှင့် ခွဲခြားလို့မရနိုင်ပါဘူး။ ရူပဗေဒ သီအိုရီအမှားတစ်ခုကို လက်ခံထားရင် အဏုမြူဗုံး ထုတ်လုပ်လို့မရနိုင်ပါဘူး။

နောက်ထပ်ပါဝါတစ်မျိုးကတော့ လူတွေရဲ့ ယုံကြည်မှုကို ကြိုးကိုင်ခြယ်လှယ်ပြီး လူအများကိုပူးပေါင်းဆောင်ရွက်စေတဲ့ စွမ်းအားပါ။ အဏုမြူဗုံးထုတ်လုပ်တဲ့အခါ ရူပဗေဒ အမှန်တရားတွေကို နားလည်တာအပြင် လူသန်းပေါင်းများစွာရဲ့ ပူးပေါင်းဆောင်ရွက်တဲ့ လုပ်အားလည်း လိုအပ်ပါတယ်။ ကမ္ဘာဂြိုလ်ကို ချန်ပန်ဇီတွေ၊ဆင်တွေ မအုပ်ချုပ်နိုင်ဘဲ ဟိုမိုဆေးပီးယမ်း(လူသား)တွေပဲ ချုပ်ကိုင်နိုင်တာဟာ ကျွန်တော်တို့ လူသားတွေကပဲ အကြီးအကျယ် ပူးပေါင်းဆောင်ရွက်နိုင်လို့ပါ။ အကြီးအကျယ် ပူးပေါင်းဆောင်ရွက်ဖို့ဆိုတာလည်း ဘုံလက်ခံယုံကြည်တဲ့ ဇာတ်လမ်းတွေ ရှိဖို့လိုပါတယ်။ ဒီဇာတ်လမ်းတွေက မှန်ကန်နေဖို့မလိုပါဘူး။ လူသန်းပေါင်းများစွာကို ဘာသာရေး၊လူမျိုးရေး၊စီးပွားရေးရာနဲ့ ပတ်သက်တဲ့ လံကြုပ်ဇာတ်လမ်းတွေကို လက်ခံယုံကြည်စေပြီးတော့ စည်းရုံးလုပ်ဆောင်လာအောင် ဖန်တီးလို့ရပါတယ်။

ကျွန်တော်တို့လူသားတွေဟာ တခြားသတ္တဝါတွေထက် အမှန်တရားတွေကို ပိုသိပေမယ့် မဟုတ်တရုတ် ဇာတ်လမ်းတွေကို ယုံကြည်တာကလည်း လူသားတွေမှာသာ ရှိပါတယ်။ လူသားတွေဟာ ကမ္ဘာမှာရှိတဲ့ သက်ရှိသတ္တဝါတွေ အားလုံးထဲမှာ အသိဉာဏ်အရှိဆုံးနဲ့ အယုံလွယ်ဆုံးလို့ ဆိုရမှာပါ။ ယုန်လေးတွေက E=MC2 ဖြစ်တယ်ဆိုတာကိုရော၊ စကြာဝဠာကြီးက နှစ်ပေါင်း ၁၃.၈ ဘီလီယံသက်တမ်း ရှိနေပြီဆိုတာကိုရော မသိနိုင်ပါဘူး။ ဒီအန်အေ(DNA) အကြောင်းတွေကိုလည်း နားမလည်နိုင်ပါဘူး။ ဒါပေမယ့် လူတွေကို နှစ်ပေါင်းထောင်ချီပြီး လွှမ်းမိုးထားတဲ့ ဒဏ္ဍာရီဇာတ်လမ်းတွေ၊ အယူသီးတာတွေကို ပြောပြရင် ယုန်လေးတွေကတောင် ယုံမှာမဟုတ်ပါဘူး။ သေပြီးရင် ကောင်းကင်ဘုံမှာ ယုန်ကညာပျို (၇၂)ကောင်နဲ့ စည်းစိမ်ခံစားရမယ်လို့ မျှော်လင့်ပြီးတော့ ဘယ်ယုန်ကမှ ကမ္ဘာ့ကုန်သွယ်ရေးစင်တာကို လေယာဉ်နဲ့ ဝင်တိုက်မှာ မဟုတ်ပါဘူး။

ဘုံလက်ခံနိုင်တဲ့ဇာတ်လမ်းတွေနဲ့ လူတွေကို စည်းရုံးတဲ့အခါ ဇာတ်လမ်းတွေက အမှန်တရားတွေထက် သာတာ(၃)ချက် ရှိပါတယ်။ ပထမအချက်က အမှန်တရားက နေရာမရွေးပေမယ့် စိတ်ကူးယဉ်ဇာတ်လမ်းတွေက ဒေသအလိုက် ဖန်တီးလို့ရပါတယ်။ မျိုးနွယ်စုတစ်ခုက ပြင်ပလူတွေနဲ့မတူတဲ့ သူတို့ရဲ့ ပင်ကိုယ်လက္ခဏာတစ်ခုခုသတ်မှတ်ချင်တယ်ဆိုရင် ဖြစ်ရပ်မှန်ထက် ရိုးရာပုံပြင်တွေက ပိုပြီးထိရောက်မှုရှိပါတယ်။ ဥပမာ၊ “အရှေ့အရပ်က နေထွက်ပြီး အနောက်အရပ်က နေဝင်တယ်” ဆိုတာကို မျိုးနွယ်စုဝင်တွေ လက်ခံရုံနဲ့ ပြင်ပလူတွေနဲ့ မတူထူးခြားတဲ့ မျိုးနွယ်စုအမှတ်တံဆိပ်တစ်ခု မတည်ဆောက်နိုင်ပါဘူး။ တစ်ယောက်ယောက်ကို တောထဲမှာ ဆုံမိတဲ့အခါ နေက အရှေ့ဘက်က ထွက်တာလေလို့ ပြောတာကိုကြည့်ရုံနဲ့ မျိုးနွယ်စုဝင်လား၊ လူမျိုးခြားလား ဆိုတာကို ခွဲခြားသိဖို့ခက်ပါလိမ့်မယ်။ ဒါကြောင့် ကောင်းကင်မှာ ရှေ့နောက်ခုန်ကူးနေတဲ့ အာကာသဖားကြီးရဲ့မျက်စိကို နေလုံးအဖြစ်မြင်ရတာလို့ မျိုးနွယ်စုဝင်တွေကို သွန်သင်ပေးထားမယ် ဆိုရင်တော့ လူမျိုးခြားတွေရဲ့ အယူအဆနဲ့ လုံးဝကွဲထွက်နေပါလိမ့်မယ်။

ဇာတ်လမ်းတွေက အမှန်တရားထက်သာတဲ့ နောက်တစ်ချက်ကတော့ သစ္စာစောင့်သိမှုကို စမ်းသပ်နိုင်တာပါ။ ဖြစ်ရပ်မှန် အချက်အလက်တွေ ယုံကြည်လက်ခံတာကို ကြည့်ပြီး နိုင်ငံရေးမှာ မိမိဘက်တော်သားကို ခွဲကြည့်လို့မရပါဘူး။ နိုင်ငံရေးခေါင်းဆောင် တစ်ယောက်ကို အမှန်အတိုင်း ပြောလို့သာ ယုံကြည်တယ်ဆိုရင် ထောက်ခံသူအစစ်အမှန် ဟုတ်၊မဟုတ် မပြောနိုင်ပါဘူး။ ဒါပေမယ့် လေထဲမှာ တိုက်ဆောက်ပြီး အမြီးအမောက်မတည့်တဲ့ အစီအစဉ်တွေ၊ ဇာတ်လမ်းတွေကို ချပြနေတာတောင်မှ အဲဒီခေါင်းဆောင်ကို ယုံကြည်နေသေးတယ်ဆိုရင် ထောက်ခံသူတွေကို အမာခံအဖြစ် အားကိုးလို့ရနိုင်ပါတယ်။ ပါးနပ်တဲ့ခေါင်းဆောင်တွေဆို တခါတလေ ကျိုးကြောင်းမဆီလျော်တာတွေကို တမင်ပြောပြီးတော့ အမာခံထောက်ခံသူတွေနဲ့ သာမှပေါင်းသူတွေကို ခွဲခြားသိရှိနိုင်ပါတယ်။

တတိယအရေးကြီးဆုံး အချက်ကတော့ အမှန်တရားက လက်ခံရခက်ပြီး မချိုမြိန်တာကြောင့်လည်း ဖြစ်ပါတယ်။ အမှန်တရားဘက်ကပဲ သန့်သန့်ကလေးရပ်တည်မယ်ဆိုရင် နောက်လိုက်နောက်ပါ ရှားတတ်ပါတယ်။ အမေရိကန်ပြည်သူပြည်သားတွေကို နိုင်ငံသမိုင်းကြောင်းနဲ့ ပတ်သက်လို့ အမှန်အတိုင်း မချွင်းအချန်ပြောပြီး ရွေးကောက်ပွဲဝင်ပြိုင်တဲ့ သမ္မတလောင်းဟာ မဲရှုံးဖို့ ၁၀၀ ရာခိုင်နှုန်း သေချာပါတယ်။ တခြားနိုင်ငံတွေမှာလည်း ထိုနည်းလည်းကောင်းပါပဲ။ အစ္စရေး၊ အီတလီ၊ အိန္ဒိယနိုင်ငံသားတွေထဲက ဘယ်နှစ်ယောက်လောက်များ သူတို့နိုင်ငံအကြောင်းနဲ့ ပတ်သက်လို့ စင်းလုံးချော အမှန်တရားတွေကို ပြောရင် ကြည်ကြည်ဖြူဖြူ လက်ခံနိုင်မယ်ထင်လို့လဲ။ အမှန်တရားကို မယိမ်းမယိုင်စောင့်ထိန်းလိုက်နာတာဟာ ကိုယ်ကျင့်တည်ကြည်လိုသူတွေအတွက်တော့ မြတ်နိုးစရာ သီလတစ်ခု ဖြစ်ပါလိမ့်မယ်။ သို့သော် နိုင်ငံရေးအရတော့ ဒီသစ္စာဗျူဟာကို သုံးလို့ မအောင်မြင်နိုင်ပါဘူး။

စိတ်ကူးယဉ်ဇာတ်လမ်းတွေကို ယုံကြည်တာဟာ လတ်တလော စည်းလုံးညီညွတ်မှု ရနိုင်ပေမယ့် ရေရှည်မှာတော့ အပျက်အစီး အဆုံးအရှုံးကပဲ ပိုပြီးအလေးသာမှာပါလို့ တချို့လူတွေက ထောက်ပြကောင်း ပြနိုင်ပါတယ်။ ကျိုးကြောင်း မဆီလျော်တဲ့ ဇာတ်လမ်းတွေ၊ အယူအဆမှားတွေကို အစွဲသန်ရာ ယုံကြည်တာက လူတွေအတွက် ပြင်မရတဲ့အလေ့အထတစ်ခုလိုဖြစ်လာပြီး နောက်ဆုံးမှာ စီးပွားရေး၊ စစ်ရေး၊ နည်းပညာပိုင်းဆိုင်ရာတွေမှာရော ဆုံးဖြတ် အမှားတွေ၊ မထိရောက်တဲ့ စီမံချက်တွေပဲ ချမှတ်လုပ်ဆောင်ကြတော့မှာပေါ့လို့ တချို့ကသုံးသပ်ကြတယ်။ ဒီသုံးသပ်ချက်က ရံဖန်ရံခါပဲ မှန်နိုင်တယ်လို့ ဆိုရမှာပါ။ အစွန်းအရောက်ဆုံး၊ တယူသန်အဖြစ်ဆုံးလို့ ဆိုရမယ့် သူတွေတောင်မှ သူတို့ရဲ့ ဆင်ခြင်တုံတရားကို အကန့်ခွဲထားတတ်ပါတယ်။ ဒီလူတွေက တချို့ နယ်ပယ်မှာ အဓိပ္ပာယ်မရှိတာတွေကို မျက်လုံးမှိတ်ပြီးယုံပေမယ့် အခြားလက်တွေ့ကျတဲ့ အကြောင်းအရာတွေမှာတော့ သူမတူအောင် အကျိုးသင့် အကြောင်းသင့် စဉ်းစားချင့်ချိန်တတ်ပါတယ်။

> ❝ ပါးနပ်တဲ့ခေါင်းဆောင်တွေဆို တခါတလေ ကျိုးကြောင်းမဆီလျော်တာတွေကို တမင်ပြော ပြီးတော့ အမာခံ ထောက်ခံသူတွေနဲ့ သာမှုပေါင်းသူ တွေကို ခွဲခြားသိရှိနိုင်ပါတယ်။ ❞

နာဇီတွေကိုပဲ ဥပမာအဖြစ်ကြည့်ပါဦး။ နာဇီတွေက သူတို့ရဲ့ လူမျိုးရေးသီအိုရီဟာ သိပ္ပံပညာကို အခြေခံထားတယ်လို့ လုပ်ဇာတ်ခင်းပြောကြတယ်။ သူတို့ရဲ့ဝါဒကို သိပ္ပံအထောက်အထား အတုတွေနဲ့ ခုခံကာကွယ်တာအပြင် လူသန်းပေါင်းများစွာကို သတ်ဖြတ်နိုင်လောက်အောင် ယုံကြည်ချက်ခိုင်မာဖို့အတွက် နာဇီတွေက သူတို့ရဲ့ဆင်ခြင်ဉာဏ်ကိုလည်း နှုတ်ပိတ်ထားရမှာပါ။ ဒါပေမယ့်လို့ ဓါတ်ငွေ့ လှောင်ခန်းတွေ ဒီဇိုင်းရေးဆွဲတာ၊ အကျဉ်းသားတွေ သယ်ယူပို့ဆောင်ရေးအတွက် ရထားအချိန်ဇယား ပြင်ဆင်တာတွေလုပ်ဖို့ လိုအပ်တဲ့ အချိန်တွေမှာတော့ နာဇီတွေရဲ့ ဆင်ခြင်တုံတရားက ပုန်းခိုရာကနေ ထွက်လာပြီး တိကျသေချာတဲ့ အစီအစဉ်တွေကို အကောင်အထည်ဖော်ပါတော့တယ်။

သမိုင်းကြောင်းတလျှောက်မှာ ပေါ်ပေါက်ခဲ့တဲ့ တခြားအစွန်းရောက်အုပ်စုတွေလည်း နာဇီတွေအတိုင်းပါပဲ။ သိပ္ပံပညာ ထွန်းကားတာကလည်း ဘာကြောင့်ကမ္ဘာကြီးရဲ့ အယူသန်ဆုံး အသိုင်းအဝိုင်းမှာ စတင်ခဲ့သလဲဆိုတာ အလေးအနက် စဉ်းစားဖို့ကောင်းပါတယ်။ ကိုလန်ဘတ်၊ ကော့ပါနီးရပ်၊ နယူတန်တို့ ခေတ်က ဥရောပတိုက်ဟာ ဘာသာရေး အစွန်းရောက်တွေ စုပြုံနေတဲ့ နေရာတစ်ခုပါ။

အယူဝါဒမတူသူတွေကို သည်းခံနိုင်မှုအနိမ့်ဆုံးလို့ ပြောလို့ရတဲ့ ဒေသပါ။

နယူတန်ကိုယ်တိုင်တောင် ရူပဗေဒနိယာမတွေကို ဖော်ထုတ်တာထက် သမ္မာကျမ်းစာထဲမှာပဲ လျှို့ဝှက်ချက်တွေ တွေ့လိုတွေ့ ငြားရှာဖွေပြီး အချိန်ဖြုန်းခဲ့တာက ပိုများတယ်လို့ သိရပါတယ်။ ဂျူးနဲ့မူဆလင်တွေကို နှင်ထုတ်ခဲ့တဲ့၊ ခရစ်ယာန်ဘာသာ အယူအဆ ဆန့်ကျင်သူတွေကို မီးရှို့သတ်ဖြတ်ခဲ့တဲ့၊ ကြောင်ချစ်တဲ့ အဘွားအိုတွေကို စုန်းမဆိုပြီးစွပ်စွဲခဲ့တဲ့၊ လစဉ်လတိုင်း ဘာသာရေးစစ်ပွဲတွေ ဖြစ်ပွားခဲ့တဲ့ လူ့အဖွဲ့အစည်းမှာ သိပ္ပံပညာရှင် အကျော်အမော်တွေ နေထိုင်ခဲ့တာပါ။


ကိုင်ရို၊ ဒါမှမဟုတ် အီစတန်ဘူလ်မြို့ကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀၀ ကျောက်လောက်က အလည်သွားမယ်ဆိုရင် ဆူနီ၊ရှီဟိုက်၊ ကတ်သလစ်၊ အာမေးနီးယန်၊ ဂျူး၊ဟိန္ဒူတွေ အသင့်အမြတ် စုပေါင်းနေထိုင်ကြတဲ့ ယဉ်ကျေးမှုပေါင်းစုံတဲ့ မြို့ ကြီးပြကြီးတွေကို တွေ့ရမှာပါ။ ဒီမြို့တွေမှာ တခါတလေ ရုန်းရင်းဆန်ခတ်ဖြစ်တာတွေ၊ အသေးစားပဋိပက္ခတွေရှိကောင်းရှိနိုင်ပါတယ်။အိုတိုမန်အင်ပါယာကလည်းဘာသာရေးအရ ခွဲခြားဆက်ဆံတာတွေ ရှိကောင်းရှိနိုင်ပါတယ်။ ဒါပေမယ့် ဥရောပအနောက်တိုင်းနဲ့ နှိုင်းကြည့်ရင်တော့ လွတ်လပ်တဲ့ သုခဘုံလို့ ဆိုနိုင်ပါတယ်။ ထိုခေတ်ထိုအခါက ပဲရစ်ဖြစ်ဖြစ်၊ လန်ဒန်ဖြစ်ဖြစ် သွားကြည့်မယ်ဆိုရင် အများစု ယုံကြည်ရာဘာသာကို ကျင့်သုံးမှ နေထိုင်နိုင်တဲ့ မြို့ ကြီးတွေအဖြစ် တွေ့ရမှာပါ။ လန်ဒန်မှာဆို ကတ်သလစ်တွေ အသတ်ခံနေရတဲ့ အချိန်ပါ။ ပဲရစ်မှာတော့ ပရိုတက်စတန့်တွေ အသတ်ခံခဲ့ရပါတယ်။ ဂျူးတွေကိုတော့ နှင်ထုတ်ထားတာကြာပါပြီ။ မူဆလင်တွေကို လက်ခံဖို့ဘယ်သူမှ စိတ်မကူးကြပါဘူး။ ဒါပေမယ့် သိပ္ပံပညာ စတင်ထွန်ကားခဲ့ တာက ကိုင်ရိုနဲ့ အီစတန်ဘူလ်မှာ မဟုတ်ပါဘူး။ လန်ဒန်နဲ့ ပဲရစ်မှာပဲ ထွန်းကားခဲ့တာပါ။

ကျွန်တော်တို့ ဦးနှောက်ရဲ့ ဖွဲ့စည်းပုံကလည်း ဆင်ခြင်တုံတရားကို အကန့်ခွဲထားလို့ရအောင် တည်ဆောက်ထားတာပါ။ စဉ်းစားတွေးတောတဲ့ ပုံစံအလိုက် ဦးနှောက်မှာ သီးခြားတာဝန်ယူရတဲ့ အစိတ်အပိုင်းတွေရှိပါတယ်။ လူသားတွေဟာ ဝေဖန်သုံးသပ်ဖို့အတွက်သုံးတဲ့ ဦးနှောက်ရဲ့ အစိတ်အပိုင်းတွေကို မသိစိတ် စေ့ဆော်မှုအလျောက် ပိတ်လိုက်ဖွင့်လိုက်လုပ်ဆောင်နိုင်ပါတယ်။ ဒါကြောင့် အဒေါ့အိုင်းမန်(ဟာစ်တလာရဲ့လူယုံ)က ဟာစ်တလာရဲ့ မိန့်ခွန်းကို နားထောင်နေချိန်မှာတော့ ဆင်ခြင်ဉာဏ်ပိုင်းကို ခလုတ်ပိတ်ထားပြီး အကျဉ်းစခန်းအတွက် ရထားအချိန်ဇယားကို စီစဉ်တဲ့အချိန်မှာတော့ ခလုတ်ကိုပြန်ဖွင့်ခဲ့တာ ဖြစ်နိုင်ပါတယ်။

ဆင်ခြင်တုံတရားကို ပိတ်ထားတဲ့အတွက် အခါအားလျော်စွာ ဆုံးရှုံးမှုတွေရှိကောင်းရှိနိုင်ပေမယ့် လူအဖွဲ့အစည်းတစ်ခု စည်းလုံးညီညွတ်ခြင်းရဲ့ ကောင်းကျိုးတွေက အဆမတန်ပိုများတဲ့အတွက် လူ့သမိုင်းတလျှောက်မှာ စိတ်ကူးယဉ်ဇာတ်လမ်းတွေကပဲ အမှန်တရားကို အမြဲလိုလို အောင်နိုင်ခဲ့တာပါ။ ပညာရှင်တွေက ဒီအချက်ကို သိရှိနားလည်ခဲ့တာ နှစ်ပေါင်းထောင်ချီကြာပါပြီ။ ပညာရှင်တွေ အနေနဲ့ အမှန်တရားဘက်ကပဲ ရပ်တည်မလား၊ လူမှုသဟဇာတဖြစ်အောင်ပဲ ကြိုးပမ်းမလား ဆိုတာကို အကျပ်ရိုက်ခဲ့တာတွေ ရှိဖူးပါတယ်။ လူတိုင်းကို ဘုံဇာတ်လမ်းတစ်ခုအပေါ် ယုံကြည်မှုှုအောက်မှာ စည်းလုံးညီညွတ်အောင်လုပ်မလား၊ သဟဇာတဟန်ချက်ကို အပျက်ခံပြီး လူတွေကို အမှန်အတိုင်း အသိပေးမလား ဆိုတာ ပညာရှင်တွေ ခေတ်အဆက်ဆက် မေးခဲ့ရမယ့် မေးခွန်းတွေပါ။ ဆိုကရေးတီးကတော့ အမှန်တရားကို ရွေးချယ်လို့ ကွပ်မျက်ခံလိုက်ရပါတယ်။ ကွန်ဖြူးရှပ်၊ ခရစ်ယာန်ဘုန်းတော်ကြီးတွေ၊ ကွန်မြူနစ်တွေကတော့ အမှန်တရားထက် စည်းလုံးညီညွတ်မှုကို ပိုပြီးတန်ဖိုးထားခဲ့ကြပါတယ်။ ဒါကြောင့် ဒီဝါဒတွေရဲ့ လွှမ်းမိုးမှုက တကယ်ပဲ ကြီးကျယ်နက်ရှိုင်းခဲ့တာပါ။ ။

*(၂၀၁၉ ခုနှစ်၊မေလထုတ် New York Timesတွင် သမိုင်းပညာရှင် Yuval Noah Harari ရေးသားခဲ့သော "Why Fiction Trumps Truth" ဆောင်းပါး ကို ဆီလျော်အောင် ပြန်ဆိုပါသည်။)*

■ ဝင်းသုည




# အန်ဂျီအိုဝန်ထမ်းကောင်း နိသာရည်း

- **သာဒုတ်**

လေညာက နေသာသော နေ့တစ်ရက် ဖြစ်၏။ အလုပ်ရှုပ်ချင်ယောင် ဆောင်ရသော နေ့ရက်များနှင့် ခေတ္တခဏ ခပ်ဝေးဝေးနေကာ ဒီတစ်ပတ်တော့ နည်းနည်း နားရပြီဟေ့ဟု အသံကောင်း ကြိုဟစ်ထားလိုက်၏။ လူမှုရေး လုပ်သားကြီး မောင်သာဒုတ်တစ်ယောက် ရုံးတွင်း တစ်နေရာတွင် အသင့်ဖျော်ထားသော ဘလက် ကော်ဖီကို သောက်လျက် အတွေးဝယ် ငါးမိနစ်မျှ နစ်မျောနေလေ၏။ မောင်သာဒုတ်တို့ ဘဝက အလုပ်အချိန်အတွင်း အေးအေး လူလူ နားရသည်မှာ ရှားပါးကိစ္စဟု ခံယူထားကြသည်တမုံ့။ ရုံးမှာ အားနေတာပဲဟုများ ပြောမိလျှင် အလှူရှင်များ၊ အလှူခံများကို စော်ကားရာ ရောက်လာသည် မဟုတ်ပါလား။ ထို့ကြောင့် ငါးမိနစ်မျှသာ နစ်မျောရလေသတည်း။ ထိုသို့ ကော်ဖီခါးခါးကို အားပါးတရ အရသာခံနေခိုက် အလိုက်မသိ ငမိုက်သား ရုံးတွင်းမှ ဝန်ထမ်းတစ်ယောက်သည်ကား မောင်သာဒုတ်အနား ချဉ်းကပ်လာလေ၏။

> "ဟောဗျာ မင်း အန်ဂျီအို ဝန်ထမ်းတွေထဲမှာ ဆရာကြီးတွေကို ကြည့်လိုက်၊ ရုံးခန်းထဲမှာ ကော်ဖီသောက်ရင်း နှပ်နေကြ အဲလေ အလုပ်လုပ်နေကြတာ။ ဒီတော့ သူတို့လို ဆရာကြီး အဆင့်ထိရောက်ချင်ရင် ဘလက်ကော်ဖီ သောက်တတ်ရ တယ်ကွ။ ဒါ မရှိမဖြစ် အရည်အချင်းထဲက တစ်ခုပဲ"

"ဆရာ . . ဟို နည်းနည်းလောက် မေးစရာလေး ရှိလို့ပါ"

"အေး . . . မေးလေကွာ"

ထို ကောင်ကလေးသည် အခုမှ ဝင်လာကစ ဖော်လန်တီယာဟု ခေါ်သည့် နေ့စား စေတနာ့ ဝန်းထမ်း ကလေးသာ ဖြစ်သည်။ ကျွန်ုပ်ကဲ့သို့ ဝါရင့် လူမှုလုပ်သားကြီး အား ချဉ်းကပ်၍ မေးမြန်းရဲသည့် ၎င်း၏ သတ္တိကို ချီးကျူးရပေမည်။

"ဆရာ . . ဒီလိုပါ။ အခု ကျနော်က ဖော်လန်တီယာကနေ ပါမင့်နန့် ဝန်းထမ်းဖြစ်ချင်တာ ဆရာ။ အခု ရုံးမှာ အလုပ်တစ်ခုလည်း ခေါ်နေတယ်။ အဲ့ဒါ လျှောက်ဖို့အတွက် ဆရာလာမေးတာ"

"ဟ . . မင်းလုပ်ချင်ရင် လျှောက်လေကွာ။ ငါက ဘာလုပ်ပေးရမှာလဲ။ ရှုပ်ရှုပ်ယှက်ယှက်တွေ လာမလုပ်နဲ့နော် အလုပ်မရတဲ့အပြင် အခု ရနေတာလေးပါ ငုတ်ပြုတ်သွားမယ်"

မောင်သာဒုတ်လို တိကျမှန်ကန် တော်တည့်သည့်၊ စည်းကမ်းပြည့်ဝသည့်၊ ကျင့်ဝတ် လေးစားလိုက်နာသည့် လူမှုရေးလုပ်သား တစ်ယောက်အနေဖြင့် ယခုလို အလုပ်ရဖို့ အတွက် တိုးတိုးတိတ်တိတ် ချဉ်းကပ်လာခြင်းကို လုံးဝ လက်မခံနိုင်ပေ။

သို့သော် လူရည်လည်သော ကောင်ကလေးသည် မောင်သာဒုတ် ဘာကို ဆိုလိုသည်ကို ချက်ချင်း သဘောပေါက်ပုံ ရသည်။

"ဆရာ တမျိုးမထင်ပါနဲ့ဆရာ။ ကျနော် ပြောချင်တာက ကျနော်အားကျတဲ့ ဆရာတို့လို လူတိုင်းလေးစားရတဲ့ ဝန်ထမ်းဖြစ်လာဖို့ဆို ဘယ်လို အရည်အချင်းမျိုးတွေ လိုသလဲလို့ သိချင်တာပါ။ အလုပ်က ကိုယ့်ဘာသာ လျှောက်မှာပါ"

အင်း ဒီကောင်လေး တိုးတက်မယ့်လမ်းရှိတယ်ဟု မောင်သာဒုတ် တွေးမိသည်။ ဒီလို လူရည်လူမွန်လေးကိုမှ မောင်သာဒုတ်တို့လို အန်ဂျီအို ဝန်ထမ်းတစ်ယောက် တတ်ကျွမ်းအပ်သည့် အဌာရသများကို လက်ဆင့်မကမ်း လို့ရှိရင် မိုက်ရာကျလိမ့်မည်။

"အဟမ်း . . ဒီလိုရှိတယ်ကွ။ အခု ငါဘာလုပ်နေလဲ"

"ဆရာ ကော်ဖီသောက်နေတယ်လေ။"

"အေးဟုတ်တယ်။ ရိုးရိုး ကော်ဖီမဟုတ်ဘူး။ မင်းတို့ သောက်နေတဲ့ ကော်ဖီမစ်တွေ မဟုတ်ဘူးကွ။ ကော်ဖီ စစ်စစ်ကို အမှုန့်ကြိတ်ပြီး ဖျော်ထားတဲ့ ဘလက်ကော်ဖီကွ"

"ဟုတ်ဆရာ အဲ့ဒါနဲ့ ဘာဆိုင်လို့လဲဆရာ"

"ဟောဗျာ မင်း အန်ဂျီအို ဝန်ထမ်းတွေထဲမှာ ဆရာကြီးတွေကို ကြည့်လိုက်၊ ရုံးခန်းထဲမှာ ကော်ဖီသောက်ရင်း နပ်နေကြ အဲလေ အလုပ်လုပ်နေကြတာ။ ဒီတော့ သူတို့လို ဆရာကြီး အဆင့်ထိရောက်ချင်ရင် ဘလက်ကော်ဖီ သောက်တတ်ရ တယ်ကွ။ ဒါ မရှိမဖြစ် အရည်အချင်းထဲက တစ်ခုပဲ"

"အင်း အဲ ဟုတ်"

"အခု ငါညနေကျရင် ဟိုဘက်ရုံးက ငါ့ဘော်ဒါတွေနဲ့ ချိန်းထားတယ်။ ထွေထွေထူးထူးတော့ မရှိပါဘူး။ ရန်ကုန်က ကိုအော်ဒီနေတာ တစ်ယောက် ရောက်နေတာ၊ အဲ့တာ ရောက်တုန်း စကားလေးဘာလေး ပြောရအောင်ပဲ"

"ဆရာ အဲ့တာကရော ဘာအရည်အချင်း . . ."

"အေး မင်းနားလည်အောင် ပြောရရင်တော့ နက်ဝါ့ကင်း လုပ်တာလို့ ခေါ်တယ်ကွ။ အင်ဖော်မေးရှင်း ရှဲရင်း လုပ်တာလို့ လည်း ဆိုချင်ဆိုပေါ့ကွာ"

"ဒါလေးတော့ ကျနော်လည်း သဘောကျတယ်ဆရာ"

"မင်းသဘောကျနေလို့ မရဘူး။ လက်တွေ့ လုပ်နိုင်ရမှာကွ။ ငွေစကြေးစတွေ နှမြောလို့မရဘူး။ ဒါက တက်လမ်းပဲကွ။ အပြန်အလှန်အားဖြင့် ငါတို့ နယ်ရုံးကလူတွေက ဖော်ရွေပြရင် သူတို့ဘက်ကလည်း ရန်ကုန်ရုံး ငါတို့ ရောက်တဲ့အခါ ကလပ်လေးဘာလေး လိုက်ပို့တာပေါ့ကွာ"

"မင်းတကယ်တမ်း မှတ်သားရမှာက နက်ဝါ့ကင်းဖြစ်ဖြစ် ဘာဖြစ်ဖြစ် အဲ့လို လူစုံပြီဆိုရင်တော့ ပရော်ဖက်ရှင်နယ် အတင်းတုတ်နည်း တတ်ရတယ်ကွ။ ဒါမှ မင်းလူရာဝင်မယ်။

ပြီးတော့ ရုံးထဲက သတင်းတွေ၊ သူများရုံးက သတင်းတွေ စုံတာပေါ့ကွာ။”

“ဟုတ်ဆရာ လင်းပါဦး”

“ငါတို့ မြန်မာဝန်ထမ်းတွေက ဘယ်သူမှ ရုံးထဲက အစည်းအဝေးတွေမှာ ထွေထွေထူးထူး ရှည်ရှည်ဝေးဝေး မပြောကြဘူးကွ။ အဲ အပြင်ရောက်ရင်တော့ သူတို့လောက် ဒီလုပ်ငန်းအကြောင်း သိတာ၊ အဖွဲ့အစည်းအကြောင်း သိတာ မရှိဘူး ထင်ရအောင် ပြောတာကွ။ မင်းလည်း အဲ့လို လူစုံပြီဆိုရင် ခပ်တည်တည်နဲ့ အကုန်သိသလိုလိုနဲ့ ဟိုအဖွဲ့ မကောင်းကြောင်းလေး ပြောလိုက်၊ ကိုယ့်အဖွဲ့ အတင်းလေး နည်းနည်း ဖြန့်လိုက်နဲ့ လုပ်တတ်ရတယ်ကွ”

“ဒီထက် အဆင့်မြင့်တဲ့ လူတွေကြတော့ ကိုယ့်ရုံးထဲမှာတင် အချင်းချင်း တခြားလူတွေ မသိတဲ့ နည်းလမ်းနဲ့ အတင်းတုပ်နိုင်ကြသဗျာ”

“ဒီထက် အဆင့်မြင့်တဲ့ လူတွေကြတော့
ကိုယ့်ရုံးထဲမှာတင် အချင်းချင်း
တခြားလူတွေ မသိတဲ့ နည်းလမ်းနဲ့
အတင်းတုပ်နိုင်ကြသဗျာ”

“တယ်ဟုတ်ပါလား ဆရာရဲ့ ကျနော်တို့ အကြောင်းတွေရော ပါသလားဟင်”

“မင်းတို့လို ပမွှားတွေ အကြောင်း လေကုန်ခံမလားကွာ။ အကောင်အချင်းချင်း ရုံးထဲမှာ လူမွေး ဂိုဏ်းဖွဲ့ကြတဲ့အခါ တစ်ယောက်အကြောင်း တစ်ယောက်ကို စကားဝှက်တွေ၊ ဟန်ပန်အမူအယာ လုပ်ပြတာတွေနဲ့ အတင်းတုတ်ကြတာကွ။ ဒီပညာမှာတော့ ငါတောင်မှ ပညာသင် အဆင့်ပဲရှိသေးတယ်”

နောက်ဆုံး သိပ်အရေးမကြီးတဲ့ အရည်းအချင်းတွေလည်း ရှိသေးတယ်။ ဥပမာကွာ မြန်မာနိုင်ငံက တိုင်းရင်းသား ဘာသာစကား တစ်ခုခု မပြောတတ်တဲ့ လူတွေကို ရွှတ်ရွှတ်ဒတ်ဒတ် ပြောပြီး ပေါင်းပြနိုင်တာမျိုးတို့၊ ခရီးတွေ ကဒီးကဒီးသွား၊ လေဆိပ်ရောက်ရင် ချက်ကင်ဝင်၊ ရောက်တဲ့ နေရာ ဓါတ်ပုံရိုက်ပြီးတင်၊ အစည်းအဝေးတို့ ဘာတို့မှာ အလွတ်ကျက်ထားတဲ့ စကားလုံးတွေ ရွှတ်ပြတာမျိုးတို့ ပေါ့ကွာ . . နေပါဦးကွာ ပြောရင်းပြောရင်း ငါကိုယ်တိုင် ပရော်ဖက်ရှင်နယ် အတင်းတုပ်တာ ဖြစ်နေပြီ။ မင်းလည်း ပရော်ဖက်ရှင်နယ် အလုပ်သမားကြီး ဖြစ်ချင်လို့ကတော့ အခုချိန်ကစပြီး ကော်ဖီသောက်ပေတော့ဗျာ”

မောင်သာဒုတ်ကတော့ လက်ချာပေးလိုက်သည်။ ကောင်က လေး နားလည်သလား ဘာသလားတော့ မသိ။ နောက်တစ်နေ့ ရုံးရောက်တော့ ပါးစပ်က တတွတ်တွတ် ရွတ်နေတဲ့ ကောင်းကလေးကို ရုံးအဝင်ဝကို တွေ့ရလေသည်။

“ကော်ဖီ . . ဘီယာ . . ကလပ် . . နက်ဝါ့ခ် . . အင်ဖော်မေးရှင်း ရှဲရင်း . . ဘလာ . . ဘလာ . .”

သူမှတ်စုစာအုပ်ထဲတွင်လည်း အောက်ပါအတိုင်း ရေးထားတာကို ဖတ်နိုင်လေသတည်း။

“ပရော်ဖက်ရှင်နယ် ဟူမန်နီတေးရီးယန်း ဝါကာ ဖြစ်ချင်ပါက ဘလက်ကော်ဖီသောက်”

- မောင်သာဒုတ်

Social Garden လူမှုရောင်စုံ ပန်းဥယျာဉ်ကို
အယ်ဒီတာများအဖြစ် လင်းငယ်၊ ချမ်း၊ ထိုက်အောင်လှိုင်း၊ ထူးအိမ်ခနဲ့
အိမ်ဝေးငှက်ငယ် (ကပတ) တို့က ကြိုးပမ်း ဆောင်ရွက်ထားကြပါတယ်။

မျက်နှာဖုံး သရုပ်ဖော်ကတော့ ငြိမ်းချမ်းသန့်စင်ရဲ့ လက်ရာပါ။

ထုတ်ဝေခြင်းကိုတော့ အခမဲ့ အဖြစ် အွန်လိုင်း
https://www.facebook.com/socialgarden2018 မှာဖြန့်ချိပါတယ်။

SGM ဟာ အကျိုးစီးပွား ဦးစားမပေးသည့် လူငယ်များအတွက် "အခမဲ့"
သုံးလတကြိမ် မဂ္ဂဇင်းဖြစ်ပြီး

စေတနာဖြင့် စာမူချီးမြှင့်ပေးကြသော ဆရာ၊ ဆရာမများကို
ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါတယ်။ SGM တွင် ဖော်ပြထားသော
စာမူများသည် မူလ စာရေးသူများ၏ မူပိုင်ဖြစ်ကြောင်း လေးနက်စွာ
အသိပေးလိုပါတယ်။

